www.free4readers.com

ဗုဒ္ဓ ဓမ္မ သံဃ

စနေနေ့တိုင်းထုတ်ဝေသည်

# THE SUN RAYS

Vol.1 No.2 … KLY NEWS JOURNAL 9th March 2019

# ပြုံယမ်းမှဟာနွိုင်းသို့ ကျည်ကာရထား ဒုံးပျံဖြင့်ချိန်ထားသော ငြိမ်းချမ်းရေး

ဘိုဘိုကျော်ငြိမ်း



# လက်တစ်ဖက်ဓားသမား

ထောင်သူရဲဘအုပ်




Hero မှဂျက်လီ



Warlords မှဂျက်လီ

အလွဲသုံးစားပြုရာ ရောက်နေ၏။ သို့သော် ထူးဆန်းစွာပင် ဦးရွှေမန်း ထိုအခွင့်အရေးများကို သုံးနှစ် သုံးမိုးဆက်၍ ရခဲ့ပါသည်။

xxx

၂၀၁၉ ဖေဖော်ဝါရီ (၂၈)ရက်နေ့တွင်ဖြစ်၏။ ထိုနေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးကို နံနက် (၁၀)နာရီတွင် စတင်ကျင်းပသည်။ ထိုနေ့ ဦးရွှေမန်း၏ ထူး/ကော်အား နောက်ထပ်သက်တမ်းတစ်နှစ်တိုးပေးရန် အဆိုတင်သွင်းခဲ့၏။ ထိုအဆိုကို တပ်မတော်သားအစုအဖွဲ့က ကန့်ကွက်ခဲ့၏။ ထို့ကြောင့် မဲခွဲဆုံးဖြတ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးတီခွန်မြတ်က ကြေညာသည်။ မဲခွဲ၍ ရလဒ်များထွက်လာသည်မှာ ထူး/ကော် ကော်မရှင်သက်တမ်းတိုးရန် ဆန့်ကျင်သောမဲပေါင်း (၅၅၅)မဲထွက်လာ၏။ ထောက်ခံမဲမှာ (၂၀)နှင့် ကြားနေမဲ(၁၀)မဲသာဖြစ်၏။

ထိုမဲရလဒ်အဖြေကိုကြားသိလိုက်ရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ဦးတီခွန်မြတ်၏မျက်နှာနှင့်အသွင်အပြင်မှာ အံ့ဩခြင်း၊ နားမလည်ခြင်း၊ မယုံကြည်ခြင်းများဖြင့် ပြည့်နှက်သွားသည်ကို မြင်လိုက်ရသည်။ တပ်မတော်သားအစုအဖွဲ့ကိုယ်စားလှယ်များသည်လည်း အံ့ဩသွားကြ၏။ တပ်မတော်သားအစုအဖွဲ့၏ကန့်ကွက်မဲမှာ (၁၆၆)မဲမျှသာရှိပါလျက် ယခုကန့်ကွက်မဲပေါင်း (၅၅၅) မဲ ဘာကြောင့် ဖြစ်နေရသနည်း။

အကြောင်းမှာ လွှတ်တော်အစည်းအဝေးမစတင်မီ မိနစ်(၃၀)ခန့်တွင် နိုင်ငံတော်သမ္မတမှစေလွှတ်သော အရေးကြီးဆက်သားတစ်ဦးမှ အိတ်ပိတ်ထားသော စာတစ်စောင်ကိုယူဆောင်လာပြီး NLD လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်ထံသို့ပေးအပ်ခဲ့သည်ဟု သတင်းများ ထွက်ပေါ်လာခဲ့ပါသည်။

၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ သုံးနှစ် သုံးကြိမ် ဦးရွှေမန်း၏ ထူး/ကော်အား သက်တမ်းတိုးပေးရန် တောက်လျှောက်ထောက်ခံပေးခဲ့သော NLD ပါတီမှ ယခုအခါတွင်တော့ ကန့်ကွက်မဲပေးရန် အထက်မှ အမိန့်တော်ကြီး ကျရောက်လာ၍ပင် ဖြစ်ပါတော့သည်။

၂၀၁၂မှ ၂၀၁၅ခုနှစ်အထိ ဦးရွှေမန်းက လူထုခေါင်းဆောင်အား လွှတ်တော်ဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌရာထူးပေးခဲ့ဖူး၏။ ထိုစဉ်က ဒေါ်စုမှာ လူထုရွေးကောက်ခံကိုယ်စားလှယ်ဖြစ်၏။ သို့သော် ၂၀၁၆မှ ၂၀၁၉ အထိ ဒေါ်စုမှ ဦးရွှေမန်းအား ပြန်ဆပ်ခဲ့သည့်ကျေးဇူးဖြစ်သည့် ထူး/ကော် ကော်မရှင်မှာ ဦးရွှေမန်းနှင့်အဖွဲ့ဝင်အားလုံးနီးပါးမှာ အရွေးကောက်ခံကိုယ်စားလှယ်များ မဟုတ်ကြချေ။ အတော်ကွာခြားမှုရှိ၏။

ထိုကြားထဲ ဦးရွှေမန်း၏ထူး/ကော်သည် နိုင်ငံတော်မှအမှန်တကယ်လိုအပ်နေသောအရေးကြီးဥပဒေများထက်စာလျှင် သူ၏မိသားစုအကျိုးစီးပွားနှင့်ခရိုနီများအကျိုးစီးပွားနှင့်သက်ဆိုင်သောဥပဒေများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည်ဟု ထင်မြင်ယူဆချက်များကိုကြားသိနေရ၏။

လွှတ်တော်မှ ထူး/ကော်နှင့်ဦးရွှေမန်းလွင့်သွားရခြင်း၏အချက်ပေါင်းများစွာရှိသည့်အနက် အဓိကအကျဆုံးအချက် နှစ်ချက်ကို ထောက်ပြလိုသည်။

xxx

## ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီထူထောင်ခြင်း

UBP ခေါ်သော ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီကို ဦးရွှေမန်းက သူ၏ထူး/ကော် ကော်မရှင်ထဲမှ ပုဂ္ဂိုလ်များစွာဖြင့် ၂၀၁၉ခုနှစ်ဆန်းတွင် မှတ်ပုံတင်လိုက်၏။ UBP ပါတီ၏ CEC များထဲတွင် ထူး/ကော် ကော်မရှင်အဖွဲ့ဝင် သုံးပုံနှစ်ပုံ ပါဝင်နေ၏။ UBP ပါတီ ထောင်ပြီးနောက်ပိုင်း ဦးရွှေမန်း၏အင်တာဗျူးများတွင် ၎င်းပါတီကိုထူထောင်ရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်ပင်ပြီးမှထူထောင်ကြောင်း၊ ၎င်းပါတီထောင်ခြင်းကို ဒေါ်အောင်ဆန်းစုကြည်မှထောက်ခံသဘောတူကြောင်း၊ UBP ပါတီသည် NLD ပါတီနှင့်အတူတူသဘောမျိုး မဟာမိတ်လုပ်ထားကြောင်း အဓိပ္ပာယ်ထွက်ဆို၍ရသည့် စကားလုံးများ ပြောဆိုခဲ့သည်။

ဦးရွှေမန်း၏UBP ပါတီထောင်ခြင်းအပေါ် NLD ပါတီထဲတွင် ဝိဝါဒကွဲပြားလာခဲ့၏။ ဦးရွှေမန်းသည် ဒေါ်စုအားကိုးဖြင့် NLDပါတီ၏ဝတ်ရုံနှင့် အရိပ်အာဝါသ Image ကိုအသုံးပြု၍ သူ၏ UBP ပါတီ နိုင်ငံရေးဇာတ်ခုံပေါ်တွင် နေရာရအောင်လုပ်ဆောင်တော့မည်ဟု NLD ပါတီတွင်း စိုးရိမ်မှုမြင့်တက်လာသည်။

၂၀၂၀ရွေးကောက်ပွဲတွင် ဦးရွှေမန်း၏ UBP ပါတီသည် အမတ်တစ်နေရာ တစ်နေရာရဖို့အတွက်ပင် တကယ်တမ်း မလွယ်ကူနိုင်ချေ။ ဦးရွှေမန်းကိုယ်တိုင်ဝင်ရောက်အရွေးခံမည့်နယ်မြေနှင့် ဦးရွှေမန်းပါတီအရွေးခံမည့်နယ်မြေများတွင် ဒေါ်အောင်ဆန်းစုကြည်၏သဘောတူညီချက်အမိန့်အရ- NLDပါတီမှ ဝင်ရောက်မယှဉ်ပြိုင်ဘဲ ရှောင်ပေးမှသာ ဦးရွှေမန်းနိုင်ခြေရှိသည်။ ဦးရွှေမန်းနှင့်သူ့ပါတီအရွေးခံမည့်နယ်မြေ (၁၀)နေရာ၊ နေရာ (၂၀) နေရာ၊ နေရာ (၃၀)နေရာ၊ နေရာ (၄၀)နေရာတွင် NLD မှ မဝင်ပြိုင်ဘဲ ရှောင်ပေးဖို့ဆိုသည်မှာ ၂၀၂၀အတွက် အလွန်ခက်ခဲသောကိစ္စဖြစ်လာ၏။

NLD ပါတီ၏ ၂၀၂၀အတွက် အနိုင်ရနိုင်ခြေမှာ ၂၀၁၅နှင့်မတူနိုင်တော့ချေ။ ၂၀၂၀အတွက် NLDကိုယ်တိုင်ပင်လျှင် (၅၀)ရာခိုင်နှုန်း၊ (၆၀)ရာခိုင်နှုန်းလောက် အနိုင်ရဖို့ အလွန်ခက်ခဲစွာရင်ဆိုင်နေရသည့်ကြားတွင် ဦးရွှေမန်းပါတီအနိုင်ရဖို့ နယ်မြေ (၂၀၊ ၃၀)လောက် ရှောင်ပေးဖို့ဆိုသည်မှာ အလွန်မဖြစ်နိုင်တော့ချေ။ ဦးရွှေမန်းတစ်ယောက် လွှတ်တော်ထဲရောက်ဖို့ပင် NLD က ဦးရွှေမန်းအရွေးခံမည့်နယ်မြေတစ်ခုမျှကိုပင် ရှောင်ပေးဖို့ လောက်ပင် ဖြစ်နိုင်ခြေရှိပါ၏။ သို့သော် NLD က ဦးရွှေမန်းပါတီနိုင်ဖို့ ရှောင်ပေးသည့်မြို့နယ်များတွင်လည်း ဦးရွှေမန်းနိုင်ဖို့ မလွယ်သေးချေ။ အကြောင်းမှာ ဦးကိုကိုကြီးတို့၏ပြည်သူ့ပါတီကလည်း NLDပါတီမဝင်ပြိုင်မည့် မြို့နယ်ကို အဓိက Target ထားပြီး ဝင်ပါလိမ့်မည်။ NLD မပြိုင်သော ရှောင်ပေးသောမြို့နယ်မှာ ပြည်သူ့ပါတီအတွက် ဖြစ်လာနိုင်၏။

ထို့ကြောင့် ဦးရွှေမန်းပါတီ၏ပြိုင်ဘက်မှာ NLD လည်းမဟုတ်၊ ပြည်သူ့ပါတီလည်းမဟုတ်၊ တိုင်းရင်းသားပါတီလည်း မဟုတ်ချေ။ ဦးရွှေမန်းပြိုင်ဘက်မှာ ကြံ့ခိုင်ရေးပါတီသာ ဖြစ်လာပါလိမ့်မည်။

xxx

## ဦးရွှေမန်း၏ပါတီရန်ပုံငွေကောက်ခြင်းနှင့် ခရိုနီများ ပြေးလွှားရှောင်ပုန်းကြခြင်း

ဦးရွှေမန်း၏ ထူး/ကော် ကော်မရှင်လွင့်သွားရသည့် ဒုတိယအရေးကြီးဆုံးအချက်မှာ ပါတီရန်ပုံငွေကောက်ခံခြင်းသတင်းကြောင့် ဖြစ်နိုင်ပါ၏။ UBP ပါတီထောင်ပြီးနောက် ဦးရွှေမန်းသည် ပါတီရန်ပုံငွေအတွက် မြန်မာပြည်မှ ဇာတိကများ၊ ခရိုနီများ၊ တိုင်ကွန်များထံမှရွေးကောက်ပွဲရန်ပုံငွေကောက်ခံနေသည်ဆိုသောသတင်းများ ထွက်ပေါ်လာခဲ့သည်။ ထို့ကြောင့် ခရိုနီများအကြား ရှောင်ကြရှားကြပြေးကြလွှားကြသည့် သတင်းများ ထွက်ပေါ်လာသည်။ လက်ရှိမြန်မာပြည်ရှိ အချမ်းသာဆုံး တိုင်ကွန်ခရိုနီများအားလုံးသည် ဦးရွှေမန်းနှင့်တစ်မျိုးမဟုတ်တစ်မျိုး၊ တစ်ချိန်က ပတ်သက်ခဲ့ကြသူများပါသည်။ ဦးသန်းရွှေခေတ် ချမ်းသာလာသောခရိုနီများသည် ဦးရွှေမန်း၏ကျေးဇူးနှင့်တစ်စုံတစ်ခုတော့ သေချာပေါက်ပတ်သက်ခဲ့သူများ ဖြစ်၏။ ထို့ကြောင့် ယခုတစ်ခါတော့ ငါ့ကိုမင်းတို့ကျေးဇူးဆပ်ရမယ့်အလှည့်ဟုသဘောဖြင့် ပါတီရန်ပုံငွေထည့်ကြရန် လုပ်ဆောင်ပုံဟုထင်ပါသည်။ ခရိုနီများအနေဖြင့် ပါတီရန်ပုံငွေမထည့်လျှင်လည်း မဖြစ်ချေ။ အကြောင်းမှာ ဦးရွှေမန်းမှာ လက်ရှိအစိုးရနှင့် NLD ၏အဓိပတိပုဂ္ဂိုလ်ကြီးနှင့် အလွန်နီးစပ်၍အရေးပါကြောင်း ယူဆထားကြ၍ဖြစ်သည်။ ဦးရွှေမန်း ငြိုငြင်သွားခြင်းသည် နိုင်ငံတော်အဓိပတိပုဂ္ဂိုလ်ကြီး၏ငြိုငြင်မှုအထိ ပြောင်းလဲသွားနိုင်ခြေရှိနေ၏။

ထို့ကြောင့် ခရိုနီတို့၏ပြဿနာမှာ ဦးရွှေမန်းပါတီ၏ ပါတီရန်ပုံငွေကိုပေးအပ်ကြရမည့်အပြင် လူထုခေါင်းဆောင်ကြီး၏ ပါတီကရော၂၀၂၀အတွက် ရွေးကောက်ပွဲရန်ပုံငွေတောင်းခံလာခဲ့သော် နှစ်ပါတီစလုံး၏ ရွေးကောက်ပွဲရန်ပုံငွေ၊ ရွေးကောက်ပွဲအောင်နိုင်ရေးရန်ပုံငွေမှာ ခရိုနီများပခုံးပေါ် ရောက်လာတော့မည်။

ခရိုနီများမှာ ဦးသန်းရွှေခေတ်က တစ်ဝတစ်ပြစားခဲ့ရ၍ ၎င်းဘဝ၎င်းအခြေရောက်လာခဲ့ခြင်းဖြစ်၏။ လက်ရှိအစိုးရခေတ်တွင် ခရိုနီအများစုအတွက် ခွင်ကခပ်ကြီးကြီးမရကြတော့ချေ။ ခွင်ပျောက်နေကြသောခရိုနီများအတွက်သေချာနေသည်က ပါတီကြီးနှစ်ခု၏ရန်ပုံငွေအတွက် ခရိုနီများမှာ စားကျက်ကြီးသာဖြစ်လာနေသည်။

ထိုအချိန်တွင် ဦးရွှေမန်းပါတီက ခရိုနီစားကျက်ကြီးကို လက်ဦးမှုယူပြီး ပါတီရန်ပုံငွေကောက်လေသောအခါ နိုင်ငံတော်အဓိပတိပုဂ္ဂိုလ်ကြီးအတွက် စိတ်ဆိုးစရာဖြစ်လာသည်လားဟု ယူဆစရာရှိလာပေသည်။ ဒီခရိုနီစားကျက်မှာရန်ပုံငွေကောက်မယ့်ကောက်ရင် ငါတို့ပါတီအတွက်ပဲ အရင်ကောက်ရမှာပေါ့၊ အခုတော့ ဦးရွှေမန်းပါတီက လက်မြန်ခြေမြန်နဲ့ ငါတို့ခရိုနီကို သူ့ခရိုနီလုပ်လိုက်ပါလားဟုဆိုကာ စိတ်တော်ဆိုးလေခြင်းလား?

ဒီမတိုင်ခင် မြန်မာပြည်လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအတွက် ပေါက်ဖော်ပြည်မှပေးအပ်မည့် ဒေါ်လာငါးဘီလီယံထဲမှာ ဒေါ်လာ(၁. ၂)ဘီလီယံကိုလည်း အနီးပုဂ္ဂိုလ်ကြီးဆိုသူ၏သားတော်ကြီးဘဏ်စာရင်းထဲသို့ ပေါက်ဖော်ကြီးက ထည့်ပေးလိုက်ဟု ဆို၏။ ထိုကိစ္စသည်လည်း ချစ်တုန်းမမုန်းခဲ့သော်လည်း အခုအချိန်တွင် မုန်းစရာ ပြောစရာဖြစ်လာခဲ့သည်။

ထို့ကြောင့် ဦးရွှေမန်းနှင့် သူ၏ထူး/ကော် ကော်မရှင်လွှတ်တော်အတွင်းမှ နိဂုံးချုပ်နှင့်တဲ့သွားခဲ့ရခြင်းမှာ အနှစ်ချုပ်လိုက်လျှင် ၂၀၂၀အတွက် ကြိုတင်၍ သူကန်ကိုယ်ကန်ကြိုကန်ကြခြင်းပင်တည်း။ ၂၀၂၀တွင် NLD သည် သူကိုယ်တိုင် လွတ်လွတ်ကျွတ်ကျွတ်အနိုင်ရဖို့ အသည်းအသန်ကြိုးပမ်းရတော့မည့်ပွဲတွင် မည်သည့်ပါတီကိုမျှ သဘောထားမကြီးနိုင်တော့ချေ။ ၂၀၂၀အတွက် အာဏာနှင့်ငွေအတွက် NLD အား မျက်စောင်းထိုးလာမည့် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီကိုမျှ နည်းနည်းမျှ သည်းညည်းခံမည်မဟုတ်ချေ။

ဦးရွှေမန်းနှင့် ထူး/ကော် လွှတ်တော်အတွင်းမှ အရှင်းခံလိုက်ရခြင်း၏အဓိကအနှစ်ချုပ်ဝေါဟာရမှာ အာဏာနှင့်ငွေကြောင့်သာဖြစ်၏။ အာဏာနှင့်ငွေ နှစ်ခုနှင့်ပတ်သက်လာလျှင် နည်းနည်းမျှ အကဲဆတ်မခံနိုင်သော မြန်မာပြည် လက်ရှိနိုင်ငံရေးဇာတ်ခုံပေါ်မှ ပကတိအရှိတရားပင် ဖြစ်သည်။

## သင်ခန်းစာ

ဦးရွှေမန်းမိသားစုနှင့် သားနှစ်ယောက်၏ ချမ်းသာကြွယ်ဝမှုမှာ အမေရိကန်ဒေါ်လာ ငါးဘီလီယံဝန်းကျင်နှင့်အထက်ချမ်းသာသည်ဟု ခန့်မှန်းထင်မြင်ထားကြ၏။ ဧရာဝတီမြစ်ဆုံရေကာတာတွင် တရုတ်၏ရင်းနှီးမြှုပ်နှံမှုတန်ဖိုးပင်လျှင် (၃. ၆)ဘီလီယံသာ ရှိ၏။ ယခုလောလောဆယ်မြစ်ဆုံစီမံကိန်း ဖျက်သိမ်းလိုက်လျှင် မြန်မာပြည်မှ တရုတ်သို့ လျော်ကြေးပေးရမည့်ငွေမှာ ဒေါ်လာသန်း(၈၀၀)နှင့်အတိုးများရှိ၏။ ဆိုလိုသည်မှာ တရုတ်မြစ်ဆုံစီမံကိန်းတစ်ခုလုံးကို လျော်ပေးရန်ငွေစုစုပေါင်းကို ဦးရွှေမန်းနှင့်သားများ၏ချမ်းသာကြွယ်ဝမှုတစ်ခုတည်းကပင် လျော်ပေးနိုင်ခြင်း ဖြစ်၏။

ထိုသို့ ငါးဘီလီယံကျော်ချမ်းသာကြွယ်ဝပါလျက် မိမိပါတီထူထောင်သောအခါ မိမိပိုင်ငွေကြေးတစ်ပြားတစ်ချပ်မှ မစိုက်ထုတ်မထည့်ဝင်ဘဲ ခရိုနီများ၏ပိုက်ဆံငွေကြေးဖြင့် နိုင်ငံရေးလုပ်ပါတီထောင်၊ ရွေးကောက်ပွဲဝင်မည်ဆိုသည်မှာ သူကြီးဘုရား ရွာသားကောင်းမှုသဖွယ်လုပ်ဆောင်မိသောအခါကား ထူး/ကော် ကော်မရှင် လွှတ်တော်အတွင်း နိဂုံးချုပ်သွားခဲ့ရခြင်း ဖြစ်၏။

## လက်တစ်ဖက် ဓားသမား

၂၀၁၉ ဖေဖော်ဝါရီ (၂၈)ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မမျှော်လင့်သောအမိန့်ကြောင့် NLD အမတ်များက ဦးရွှေမန်း၏ ထူး/ကော် ကော်မရှင်အား သက်တမ်းတိုးပေးရန် ကန့်ကွက်လိုက်ကြ၏။ ထူး/ကော် ကော်မရှင်ဖျက်သိမ်းခံရသောမွန်းတည့်ချိန်ရောက်ပြီး သုံးနာရီအကြာတွင် ဦးရွှေမန်း၏အိမ်တော်မှ လက်နက်ကိုင်ရဲတပ်သားအစောင့်အရှောက်များအားလုံးကို ရုတ်ချည်း ရုပ်သိမ်းသွားကြ၏။

မနက်က အိမ်တော်မှ လွှတ်တော်သို့အလာခရီးတွင်ပင် ရဲလက်နက်ကိုင်အစောင့်အရှောက်ကားတန်းဖြင့်လာခဲ့သော ဦးရွှေမန်းသည် အိမ်အပြန်ခရီးတွင် မည်သည့်ရဲလက်နက်ကိုင်တစ်ဦးတစ်ယောက်မျှမပါတော့ဘဲ တစ်ကိုယ်တည်း အိမ်ပြန်သွားခဲ့ရ၏။

အားလုံးသည် အရာရာသည် ရုတ်ချည်း ပြောင်းလဲသွားခဲ့၏။

ယခုအခါ နဂိုကအတိုင်းပင် ခေါင်းအုံးအောက်ထဲတွင် သေနတ်ကိုကျည်အသင့်ထိုးပြီး ပြန်၍ အိပ်ရပေတော့မည်။ မသေချာသော မနက်ဖြန်များကို ရင်ဆိုင်ရပေတော့မည်။ 'လေရူးသုန်သုန်'စာအုပ်ထဲမှ စတားလက်အိုဟာရာ၏စကားကို သွားသတိရမိသည်။ မနက်ဖြန်သည်၊ ယနေ့မဟုတ်တော့၊ မနက်ဖြန်သည် နေ့သစ်တစ်ခုပင် ဖြစ်၏။

သို့သော် ပွဲတိုင်းကို သိုင်းကွက်အမျိုးမျိုးဖြင့် ကျော်ဖြတ်လွှတ်မြောက်နိုင်ခဲ့သော သူရဦးရွှေမန်းအတွက် မနက်ဖြန်တွင်လည်း မနက်ဖြန်အတွက် သိုင်းကွက်အသစ်တစ်မျိုးဖြင့် ဆက်၍ရှင်သန်ထမြောက်အောင် ကြိုးပမ်းရမည်သာ အလွန်သေချာပါသည်။

အကြိမ်ကြိမ်လဲပြိုခဲ့ပြီး အကြိမ်ကြိမ်ပြန်ထနိုင်ခဲ့သော ဗိုလ်ချုပ်ကြီးဟောင်းသူရဦးရွှေမန်းအတွက် ဤတစ်ကြိမ်တွင်လည်း မည်သို့မည်ပုံပြန်လည်နိုးထရှင်သန်လာဦးမည်ကို မှန်းဆ၍မျှော်လင့်နေမိပါတော့သည်။

၂၀၁၂မှစ၍ ဦးရွှေမန်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ရွှေလမ်းငွေလမ်းဖောက်နိုင်ခဲ့၍ ဓားနှစ်လက်သိုင်းသမားပမာ ဖြစ်ခဲ့၏။ ယခုသော် ဒေါ်အောင်ဆန်းစုကြည်ဟူသော အားကိုးအားထားတစ်ဖက်ကား ပြုတ်သွားလေပြီလား။ ထိုသို့ဆိုလျှင် ရှေ့လျှောက်ဦးရွှေမန်းအတွက် သိုင်းလောကတွင် ဆက်လက်လျှောက်လှမ်းရမည်မှာ လက်တစ်ဖက်ဓားသမားလေလား။

ထောင်သူရဲဘအုပ်

www.free4readers.com

# ရခိုင်ဒေသအတွင်းသို့ မွတ်စလင်များဝင်ရောက်လာခြင်းနှင့် နိုင်ငံရေးလှုပ်ရှားမှုအဆင့်ဆင့်

အပိုင်း(၆)







ထိုသို့ ရခိုင်သူပုန်များနှင့် သဘောတူညီချက်ရပြီးသည်နှင့် လစ်ဗျားသို့သွားရောက်တင်ပြရာ လစ်ဗျားက အလွတ်သဘောငွေကြေးအကူအညီပေးလိုက်သည်ဟုဆိုသည်။ ထိုငွေများကို အာကစ္စတန်ခေါင်းဆောင်များဖြစ်သော စစ်တွေမှ စူလတန်မာမွတ်များနှင့် မော်လဝီဆရာများက ထိန်းသိမ်းလိုက်သည်။ တစ်ဆက်တည်းမှာပင် စူလတန်မာမွတ်က အာကစ္စတန်တည်ဆောက်ရေးအတွက် အရှေ့ပါကစ္စတန်နိုင်ငံသို့ အကူအညီတောင်းခဲ့သည့်စာတစ်စောင်ကို ရေးသားပေးပို့ခဲ့သည်။ ထိုစဉ်က အရှေ့ပါကစ္စတန်တွင် ဘင်္ဂါလီများခွဲထွက်ရေးတိုက်ပွဲဝင်နေချိန်ဖြစ်ရာ စူလတန်မာမွတ်က အရှေ့ပါကစ္စတန်အစိုးရကိုထောက်ခံပြီး ခွဲထွက်ရေးသမားများကို ဆန့်ကျင်ကြောင်း ရေးသားခဲ့သည်။ သို့သော် ထိုစာသည် စစ်ကာလဖြစ်သဖြင့် ရောက်မသွားခဲ့ချေ။

၎င်းတို့အနေဖြင့် ရိုဟင်ဂျာလွတ်မြောက်ရေးအတွက် မည်သို့ပင်ပြောဆိုနေစေကာမူ ပင်ကိုစိတ်တွင် အာကစ္စတန်နိုင်ငံ ထူထောင်ရေးဦးတည်ချက်သို့သွားနေသည်ကိုတွေ့ရှိရသည်။ မယူမြစ်ဝှမ်းမှရခိုင်များကို မောင်းထုတ်ကာ မွတ်စလင်နိုင်ငံထူထောင်ရန် စီစဉ်ခြင်းပင်ဖြစ်သည်။ ၁၉၈၅ခုနှစ် ပါကစ္စတန်လွတ်လပ်ရေးနေ့တွင် အနောက်ပါကစ္စတန်နိုင်ငံ၊ ရာဝါလ်ပန်ဒီမြို့အနီးရှိ ဘားမားကိုလိုနီ ကျေးရွာတွင် ရခိုင်မှတိမ်းရှောင်သွားသော မွတ်စလင်များသည် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် မွတ်စလင်လွတ်မြောက်ရေးအဖွဲ့(RLO)ဥက္ကဋ္ဌအာမက်ရှား၏မိန့်ခွန်းကို ဗီဒီယို ဖြန့်ဝေခဲ့သည်။ ထိုမိန့်ခွန်းတွင် **'ခင်ဗျားတို့ဟာ မယူကျွန်းပေါ်မှာရှိနေတဲ့မွတ်စလင်ဘာသာမဟုတ်တဲ့သူတွေကို သည်ဒေသကထွက်သွားအောင်နည်းမျိုးစုံတွေကိုသုံးရမယ်။ သည်နေရာတွေကို ကျွန်တော်တို့က အစားဝင်နိုင်အောင်လုပ်ရမယ်၊ သည်ဒေသတွေကို အမာခံဖြစ်အောင် လုပ်ရမယ်။ နောက်တစ်ခါ ခင်ဗျားတို့ကို ရခိုင်-ဗမာတွေက နှိပ်စက်ရင် ထွက်မပြေးပါနဲ့၊ အလ္လာရှင်မြတ်ရဲ့တန်ခိုးတော်နဲ့ မသတ်ပါနဲ့'**ဟုပါရှိသည်။ မွတ်စလင်တို့အနေဖြင့် ဘူးသီးတောင်၊ မောင်တောနယ်ကို မွတ်စလင်ဒေသအဖြစ် သီးသန့်နေထိုင်နိုင်အောင် အကောင်အထည်ဖော်လိုခြင်းပင်ဖြစ်သည်။ ထို့အတူ တစ်ဖက်နိုင်ငံ၏မြို့နှင့်ကျေးရွာအချို့တွင် အူရဒူဘာသာ၊ ဘင်္ဂါလီဘာသာလက်ကမ်းစာစောင်များဖြန့်ဝေရာတွင် ၎င်းစာစောင်များ၏အကျဉ်းမှာ **'သင်တို့နေထိုင်ရာဒေသတွင် စားရေးရိက္ခာချို့တဲ့လျက်ရှိသည်၊ သင်တို့နှင့်တပ်လျက်ရှိသောမြစ်တစ်ဖက်တမ်းတွင်မြန်မာနိုင်ငံသည်ဆန်စပါး၊စားနပ်ရိက္ခာစားမကုန်နိုင်လောက်အောင် စုပုံလျက်ရှိသည်။ လမ်းဘေးရေဘုံဆိုင်များတွင်လည်း လှပျိုဖြူအမျိုးသမီးများသည် လုံချည်ရင်လျားနှင့် ရေခပ်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။ သင်တို့ အစာရေစာတို့ ဝလင်အောင်စားသောက်ဖို့ ထိုနိုင်ငံသို့ သွားနိုင်သည်။ အမျိုးသမီးလှလှလေးများကို အိမ်ထောင်ပြု၍ အစ္စလာမ် သာသနာပြန့်ပွားအောင် လုပ်ကိုင်နိုင်ကြသည်'**ဟု ရေးသားထားသည်။ နယ်မြေစိုးပိုင်ရေးနှင့်သာသနာလွှမ်းမိုးရေးကို တစ်ပြိုင်တည်းဆောင်ရွက်ရန် ကြံစည်ခြင်းဖြစ်ပုံရသည်။

## ရခိုင်တို့ ပြည်နယ်ပေးရေးတောင်းဆိုချက်နှင့် ဘင်္ဂါလီမွတ်စလင်တို့အပြိုင် တောင်းဆိုလာခြင်း

ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း အင်္ဂလိပ်တို့ပြန်လည်ဝင်ရောက်လာသည့်အခါတွင် ရခိုင်တွင် အလံနီကွန်မြူနစ်ပါတီ၏ဩဇာလွှမ်းမိုးမှုမှာ အခြေခိုင်နေပြီဖြစ်သည်။ ရခိုင်ပြည်နယ်လူထုတွင် ရခိုင်(ဖဆပလ)ခေါင်းဆောင်များကို မကျေနပ်ခြင်း၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယားတို့ကဲ့သို့ ပြည်နယ်အခွင့်အရေးကိုခံစားလိုခြင်းတို့ကြောင့် ရခိုင်ပြည်နယ်တောင်းဆိုသော ရခိုင်ခေါင်းဆောင် ဦးစိန္တာအဖွဲ့ကို အားပေးလာသည်။ ၎င်းအဖွဲ့သည် အလံနီကွန်မြူနစ်လိုလားသူအဖွဲ့ဖြစ်ပြီး ရခိုင်သီးခြားခွဲထွက်ရေးကို တောင်းဆိုနေသူများဖြစ်သည်။ ၁၉၄၇ ဧပြီလ(၃)ရက်နေ့တွင် မြေပုံမြို့၌ ရခိုင်အမျိုးသားညီလာခံကိုကျင်းပရာ လူတစ်သောင်းကျော်တက်ရောက်ပြီး အလံနီကွန်မြူနစ်များနှင့် ဖဆပလလည်း တက်ရောက်ကြသည်။ ထိုညီလာခံတွင် **အခွန်မပေးရေး၊ လယ်ခွန်မပေးရေး၊ ရွေးကောက်ပွဲအလိုမရှိ ဗိုလ်အောင်ဆန်း အလိုမရှိ လွတ်လပ်ရေးချက်ချင်းပေး** စသည်ဖြင့် တောင်းဆိုခဲ့သည်။ ထိုညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်မိန့်ခွန်းပြောကြားရာ တက်ရောက်လာသည့် ပြည်သူတို့က ဗိုလ်အောင်ဆန်း အလိုမရှိ၊ လွတ်လပ်ရေး ချက်ချင်းပေးဟု အော်ဟစ်တောင်းဆိုကြသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ချက်ချင်းပြန်လည်ထွက်ခွာသွားသည်။ ၁၉၄၇ခုနှစ် ဧပြီလ(၁၈)ရက်နေ့ ရန်ကုန်ရှိ ရခိုင်လူထုအစည်းအဝေးက ရခိုင်ခွဲထွက်ရေးတောင်းဆိုခဲ့ကြသည်။ ၁၉၄၇ခုနှစ် ဇွန်လ(၁၅)ရက်နေ့တွင် ရန်ကုန်ရှိရခိုင်လူထုအစည်းအဝေးထပ်မံကျင်းပရာ ထိုအစည်းအဝေးက ရခိုင်သည် သဘာဝကသီးခြားပိုင်းခြားပေးထားသည့် သီးခြားနိုင်ငံဖြစ်ကြောင်း၊ နှစ်ပေါင်း(၄၀၀၀)ကျော် သီးခြားဘုရင့်နိုင်ငံအဖြစ် နေထိုင်လာခဲ့ကြောင်း၊ ထို့ကြောင့် သီးခြားလွတ်လပ်စွာဆုံးဖြတ်နိုင်သည့် ဒေသအဖြစ် ဖန်တီးပေးရမည်ဖြစ်ကြောင်း တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် ရခိုင်တို့က (ဖဆပလ)ကိုမထောက်ခံဘဲ ရခိုင်တိုင်းရင်းသားညီညွတ်ရေးအစည်းအရုံး(ရတည)ကို ထောက်ခံအားပေးကြသည်။

ထိုအချိန်က ဘူးသီးတောင်၊ မောင်တောနယ်များတွင် Jami-a-tul Ulema-e-Islan အဖွဲ့မှ မွတ်စလင်များက ကိုယ်တိုင်အရွေးခံခဲ့ကြသည်။ ထိုသို့အရွေးခံရာတွင် စစ်တကောင်းနယ်သားဂဖားက ဘူးသီးတောင်မြို့နယ်၊ ရှိုက်ညိုတောရွာတွင် အခြေစိုက်ကာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဂဖားသည် စစ်တကောင်းနယ်သားဖြစ်သည့်အပြင် မြန်မာစကားမတတ်ဘဲ အင်္ဂလိပ်စကားနှင့် ဘင်္ဂါလီစကားကိုသာ ပြောနိုင်သူဖြစ်သည်။ ၎င်းနှင့်အတူ စစ်တွေမှ စူလတန်မာမွတ်အပါအဝင် လေးဦးအရွေးခံရာ အားလုံးအနိုင်ရခဲ့သည်။ ရွေးကောက်ပွဲနှစ်ကြိမ်လုံးအနိုင်ရရှိသော်လည်း ဖဆပလအနေဖြင့် မတိုးနိုင်ခဲ့ချေ။ တစ်ဖက်တွင် ရခိုင်ပါတီဖြစ်သည့် ရတည ကိုလည်း ဖဆပလကမနိုင်သဖြင့် တတိယအကြိမ်ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မှအနိုင်ရရှိရန် ကြိုးပမ်းမှုပြုလုပ်လာသည်။

**ဖဆပလအနေဖြင့် ရခိုင်လူထု၏ ထောက်ခံမှုကိုမရသည့်အခါ ဦးနုသည် မွတ်စလင်အများစုမဲကို ရရှိအောင် ဆောင်ရွက်လာသည်။** ၁၉၅၆ခုနှစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနှင့် ဘူးသီးတောင်နယ်တွင် မဲဆန္ဒနယ်တစ်နယ် ပိုမိုသတ်မှတ်ပေးပြီး မွတ်စလင်များအား ဖဆပလသို့ သိမ်းသွင်းကာ အရွေးခံစေခဲ့ရာ အဘူခိုင်၊ အဘူတော်ရှောတို့ ဖဆပလအမတ်များဖြစ်လာကြ၍ ဘူးသီးတောင်မြို့နယ်မှ စူလတန်မာမွတ် ဖဆပလအမတ်အဖြစ် အရွေးခံရသည်။ **ဘူးသီးတောင်၊ မောင်တောမှ မွတ်စလင်အမတ်များကို အရွေးခံခွင့်ပေးပြီး မဲအများအပြား ရရှိရန်အတွက် စစ်တကောင်းတုလားများကို ခေါ်သွင်းကာမဲပေးခွင့်ရအောင် ဆောင်ရွက်ပေးခဲ့သည်ဟု ဆိုသည်။ စစ်တကောင်းတုလားများကိုခေါ်သွင်းနေကြောင်း သိသော်လည်း ဦးနုအနေဖြင့် မသိယောင်ဆောင်နေခဲ့ခြင်းဖြင့် တုလားများ အဆမတန်များပြားလာစေခဲ့သည်။ ဖားဝပ်ရွာ(မောင်တော)မှ ပါလီမန်ခေတ်ကြုံခဲ့သူတစ်ဦးက ဦးနုသည် ဖားဝပ်ရွာကိုရောက်ရှိလာကြောင်း၊ မွတ်စလင်တွေ ဖဆပလကိုမဲပေးလျှင် မှတ်ပုံတင်ထုတ်ပေးမည်၊ နေခွင့်ရမည်ဟု ပြောသွားကြောင်း ၎င်း၏အတွေ့အကြုံကိုပြောပြခဲ့သည်။** မြောက်ဦးမြို့တွင်နေထိုင်သည့် ရတညတွင် ကိုယ်တိုင်ပါဝင်ခဲ့သူတစ်ဦးကပြောကြားသည်မှာ **ဦးနုသည် ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့နှင့်မတူဘဲ မွတ်စလင်များထံမှ မဲရရေးအတွက် နှုတ်မှအလွယ်တကူကတိပေးမှုများပြုခဲ့ကြောင်း၊ ရတညကိုလည်း ၎င်း၏ပါတီကို ထောက်ခံပါက ရခိုင်ကိုပြည်နယ်ပေးမည်ဟု ရတညအမတ်များကို ၎င်း၏ အိမ်သို့ခေါ်ကာ ပြောဆိုခဲ့ကြောင်း ပြောကြားခဲ့သည်။**

ဖဆပလ မဲအနိုင်ရရေးအတွက် ထိုအချိန်က ပြည်ထဲရေးဝန်ကြီးဦးဗမောင်(ခ)အဒူလာဒစ်၏ထောက်ခံမှုဖြင့် ဘင်္ဂါလီများကိုခေါ်သွင်းလာသည်။ **ဘူးသီးတောင်တွင် အဘူခိုင်ဆိုသူက ဖဆပလဥက္ကဋ္ဌ၊ လဝကတို့နှင့်ပူးပေါင်းကာ အိမ်ထောင်စုစာရင်းများပြုလုပ်ပြီးမှ တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီများကို ခေါ်သွင်းလာရာ ရွာပေါင်း(၄၀) ကျော်သည် တစ်မဟုတ်ချင်း ရောက်ရှိလာသည်။ ပြင်ပမှ လူပေါင်းများစွာကို ထိုကဲ့သို့ခေါ်သွင်းလာခြင်းဖြင့် ဖဆပလအနိုင်ရရေးဆောင်ရွက်ခြင်းသည် ဦးနု၏လုပ်ဆောင်ချက်ဖြစ်သည်။ ထိုအမှားသည် နောင်တွင် နိုင်ငံကိုများစွာအထိနာစေသောအမှားတစ်ခုပင်ဖြစ်သည်။** ထို့ကြောင့် ဘူးသီးတောင်၊ မောင်တောနယ်တွင် ဖဆပလမှာ မွတ်စလင်အမတ်များအနိုင်ရလာပြီး လွှတ်တော်အမတ်များဖြစ်လာသည်ကို တွေ့ရသည်။ လွှတ်တော်တွင် နေရာရလာသူများ၏နောက်ကွယ်တွင် မွတ်စလင်ကုန်သည်များ၏ အထောက်အပံ့များ ပါဝင်သည်ဟု တွေ့ရသည်။ **ဦးနုအစိုးရကိုယ်တိုင်က ရွေးကောက်ပွဲအောင်မြင်ရေးအတွက် မွတ်စလင်ကုန်သည်များ၏ငွေကြေး ထောက်ပံ့မှုများ ရယူခဲ့ရသည်ဟု သိရသည်။**

ဦးနု အစိုးရအာဏာရလာသည့်အခါ မွတ်စလင်အမတ်များနေရာရလာပြီး ဝန်ကြီးအဆင့်ရာထူးများပါ ရရှိလာကြသည်။ ထိုသို့ရလာသောရာထူးကိုအသုံးချကာ ရခိုင်ပြည်နယ်အတွင်းသို့ စစ်တကောင်းမွတ်စလင်များအလွယ်တကူဝင်လာနိုင်အောင် အကာအကွယ်ပေးခြင်း၊ စပါးမှောင်ခိုခြင်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ မြေအောက်လှုပ်ရှားမှုပြုလုပ်နေသော မူဂျာဟစ်အဖွဲ့ကို အကူအညီပေးခြင်းများပြုလုပ်လာသည်ကိုတွေ့ရသည်။ ဦးနု၏ဖဆပလအစိုးရကာလတစ်လျှောက်လုံး မွတ်စလင်အမတ်များ၏အာဏာဖြင့် ဘူးသီးတောင်၊ မောင်တောနယ်ထဲတွင် လှုပ်ရှားမှုအမျိုးမျိုးပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ထိုနယ်မှ မွတ်စလင်အမတ်များသည်ပင် ၎င်းတို့၏ဩဇာအာဏာကိုအသုံးပြုကာ ဘင်္ဂါလီများဝင်ခွင့်ရအောင် ဆောင်ရွက်ပေးခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ရခိုင်တို့ပြည်နယ်တောင်းဆိုသံများကျယ်ပြန့်လာခြင်းကို မွတ်စလင်များကလည်း ယခင်ကပင် စိုးရိမ်ခဲ့သည်။ ရခိုင်တို့တောင်းဆိုချက်အောင်မြင်ခဲ့လျှင် ပြည်နယ်ပေးခဲ့လျှင် မွတ်စလင်များ ဖိနှိပ်ခံရမည်ကို စိုးရိမ်ခဲ့ကြသည်။ ထို့ကြောင့် ရခိုင်မြောက်ပိုင်းရှိ မွတ်စလင်တို့လည်း ခွဲထွက်ရေးလှုပ်ရှားမှုများ စတင်ပြုလုပ်လာကြသည်ကို (Rees William)က အစိုးရသို့ တစ်ချိန်ကပင် တင်ပြအစီရင်ခံခဲ့ပြီးဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ရခိုင်ကိုပြည်နယ်ပေးပါမည်ဟု ကတိပေးလိုက်သောအခါ ရခိုင်ပြည်နယ်ရှိ မွတ်စလင်တို့သည် မကျေနပ်မှုများဖြစ်ပေါ်လာခဲ့သည်။ လှုပ်ရှားထကြွမှုများလည်း ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ယခင် အလယ်သံကျော်ညီလာခံတွင်ပါဝင်ခဲ့သော မွတ်စလင်ခေါင်းဆောင်တို့ သည် အသွင်အမျိုးမျိုးနှင့်ရှိနေကြရာမှ ရခိုင်ပြည်နယ်ဆန့်ကျင်ရေးကို ပြုလုပ်လာသည်။ သတင်းစာများမှ မွတ်စလင်တို့အတွက် တောင်းဆိုချက်အမျိုးမျိုးကို ပြုလုပ်လာသည်။

ဦးမြင့်သိန်း

ညွှန်ကြားရေးမှူး၊ သမိုင်းသုတေသနဦးစီးဌာန

၂၁ မတ် ၂၀၀၉ ခုနှစ်တွင် တင်သွင်းသောစာတမ်းကို ကူးယူဖော်ပြထားခြင်း ဖြစ်ပါသည်။

(အပိုင်း ၇ ကို ဆက်လက်ဖော်ပြပါမည်)

www.free4readers.com



# Editorial

## နွေဦးအလွမ်းထဲက တော်လှန်ရေး

အချိန်ရာသီကား ဆောင်းကုန်နွေကူး ရာသီတော်ဦးတစ်ခု၏ အစနိဒါန်း. . .။ ရွက်ဟောင်းတို့ ပင်စည်ပေါ်မှခုန်ဆင်းကာ မြေမှာကခုန်ပျော်မြူးနေကြသည်။

အအေးဓာတ်များတပ်ဆုတ်သွားကြသည်။ အနွေးဓာတ်များ ဘယ်တောင်ပံညာတောင်ပံဝိုက်၍. . .ဝန်း၍ ချီတက်လာသည်။ တစ်ဆက်တည်းတွင် ပူငွေ့အဆိပ်လူးထားသော မြားတံများနှင့်ပစ်ချကြသည်။

ရပ်ထဲရွာထဲ လှည့်လည်မိလို့ သစ်ရိပ်အုံ့ဆိုင်းနေသည့် နေရာတစ်နေရာရောက်လျှင် ဥသြငှက်၏အသံကို ကြိုးကြားကြိုးကြား ကြားလိုက်ရသည်။ ဥသြငှက်ကို လွမ်းဖွယ်ဖန်သောငှက်ဟု တင်စားကြသည်။ ထို့ကြောင့် အလွမ်းဓာတ်ခံရှိသူတို့သည် ဥသြငှက်သံကြားတော့ စိတ်လှုပ်ရှားသွားကြသည်။ သို့သော် အလွမ်းဆိုတာက အရွယ်အလိုက်ကွာခြားသွားကြမည်သာဖြစ်သည်။

အားလုံးကိုခြုံကြည့်လျှင်တော့ "နွေဦးအလွမ်း"ဟူသော ခေါင်းစဉ်အောက်မှာရှိမည်ထင်သည်။ ဟုတ်သည်။ မရောက်ခင်က လွမ်းနှင့်သောအလွမ်းကြို။

နွေဦးရောက်တော့မည်။ နွေဦးလာနေပြီ။ သည်အရိပ် သည်နိမိတ်တို့သည် မြန်မာ့နိုင်ငံရေးသမိုင်းစာအုပ်မှာ ရွှေတန်းစာမျက်နှာများဖြစ်ကြသော နယ်ချဲ့နှင့်ဖက်ဆစ်တော်လှန်ရေးလှုပ်ရှားမှုများကို ပြန်လည်မြင်ယောင်ဖတ်ရှုခံစားစေသော အလွမ်းများဖြစ်သည်။

နွေဦးဟုဆိုလိုက်သည်နှင့် တော်လှန်ရေးဟူသောဝေါဟာရ၊ စကားစုငင်း၏အဓိပ္ပာယ်သက်ရောက်မှု၊ လက်တွေ့လှုပ်ရှားမှုများကို ပြန်လည်အောက်မေ့စေသည်။ စိတ်ကအတိတ်၏ ၁၉၄၅ခုနှစ်၊ ပြက္ခဒိန်စာရွက်များပေါ်က နေ့စွဲတွေကို တစ်နေ့ချင်းပြန်ကြည့်နေသည်။ မတ်လ စာရွက်မှာ အကြာကြီးကြည့်သည်။

သွေးနှင့်ချွေးနှင့်ရင်းခဲ့ရပါသည်။ မြန်မာနိုင်ငံသားဟူသော ဝိသေသကိုကျားကုတ်ကျားခဲ ကြိုးပမ်းတိုက် ထုတ်ယူခဲ့ရပါသည်။

ထို့ကြောင့်ပင် သည်နေ့သည်အချိန်အခါမှာ မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီဖြစ်ပါသည်။ နယ်ချဲ့နှင့်ဖက်ဆစ်တို့ကို တိုက်ထုတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ သူတို့ . . . ကျူးကျော်ဟန်နှင့် လားလားမျှ မသိနိုင်ပါ။

သို့သော်. . . နယ်ချဲ့နှင့်ဖက်ဆစ်တို့ကဲ့သို့သော ကျူးကျော်သူတွေ ရှိနေပါသေးသည်။ မိမိနိုင်ငံ့မြေပုံပေါ်က နယ်နိမိတ်တံခါးတွေကို ချိုးဖျက်၍ ရောက်နေသည့် သူစိမ်းတစ်ရံတွေရှိနေပါသည်။ သူတို့ရှိနေဖို့ ကိုယ်ကျိုးစီးပွားနှင့် ယှဉ်သည့် မျက်နှာဖုံးစွပ်လူသားတို့ ရုပ်လုံးလေထိုးပေးနေကြသည်။

တစ်ခါ ပြည်သူပလ္လင်ပေါ်တင်ခဲ့သော နိုင်ငံရေးစနစ်ကို ချစ်ဟန်ဆောင်ချိုးဖျက်၍ မိမိကိုယ်ကျိုးစီးပွား ကာကွယ်မည့် နောက်ပြန်လှည့်စနစ်အတွက် အိမ်သားထဲကစနစ်ကျူးကျော်သူတွေ ရှိနေပါသေးသည်။

ဟိုယခင်နယ်ချဲ့ဖက်ဆစ်တော်လှန်ရေးကာလတုန်းကတော့ မြန်မာ့လွတ်လပ်ရေးတပ်မတော်၏ စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်းက တပ်ထွက်မိန့်ခွန်းပြောကြားရာမှာ "အနီးကပ်ဆုံးရန်သူကိုရှာတိုက်ကြ"ဟူသော ဉာဏ်ပညာနှင့်ယှဉ်သောစကား(မိန့်ခွန်း)ပြောကြားခဲ့သည်။ နောက်လိုက်တပ်သားတို့ကလည်း ဉာဏ်ပညာရှိစွာ နားလည်ကြသည်။

ဒီနေ့ပြည်သူတို့ကလည်း ဟိုစဉ်က နောက်လိုက်တပ်သားတွေလို ဉာဏ်ပညာရှိကြပါသည်။ အနီးဆုံးကျူးကျော်သူတွေကို သိကြပါသည်။ သူတို့သည် ရန်သူများမဟုတ်ကြပါ။ သို့သော် ရန်သူသဘောဆောင်နေသည်။ အနီးဆုံးရန်သူသဘောအထိပင် သက်ဝင်နေသည်။

နွေဦးတော်လှန်ရေးခရီးကား မပြီးသေးပါကလား။ ဤသို့ပင်သတိပြုနေရဆဲဖြစ်သည်။ ပြည်သူတို့ ဆင်ခြင်နေရဆဲဖြစ်သည်။ ခေတ်နှင့်အညီ 'တွေး'နေရဆဲဖြစ်သည်။

"ငါတို့သည်ကား ရန်သူကို ယခင်လို တုတ်ဆွဲ၊ ဓားဆွဲ၊ သေနတ်ဆွဲ၍ တိုက်ထုတ်ရန်မဟုတ်တော့ပါ။ မျိုးချစ်စိတ်အရင်းခံ၊ ဉာဏ်ပညာကျယ်ပြောမှု၊ လိမ္မာပါးနပ်မှုများနှင့်ပဲ သိမ်မွေ့ညင်သာ ညွတ်ပျောင်းစွာ တိုက်ထုတ်ရမည်ဖြစ်ပါသည်။"

ဤသို့လျှင် ကျူးရင့်ကြရပေတော့မည်။

နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားအတွက် တကယ့်အစစ်အမှန် ရည်ရွယ်ချက်ရှိသူ ပြည်သူများအနေနှင့်လည်း နွေဦးအလွမ်းထဲက တော်လှန်ရေးကို ပြန်ပြောင်းဆင်ခြင်၍ သည်နေ့နွေဦးထဲက တော်လှန်ရေးကို မျက်ခြည်မပြတ် ကြည့်ရှုဆင်ခြင်ပြီး ပြည်သူ့အခန်းကဏ္ဍရောက်လျှင် တစ်ခဲနက်ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

## ကချင်ပြည်နယ်အတွင်း ဝိသမလောဘ

# စီးပွားရေးသမားတွေကြောင့် နိုင်ငံ့ဘဏ္ဍာများ မဆုံးရှုံးစေလို

◆ ဟသ်ာ(တောင်တွင်းကြီး) ◆

သစ်တစ်ပင်ခုတ်ရင် ထောင်သုံးနှစ်ဆိုပေမယ့် သစ်တွေကို ကားပေါင်းများစွာနဲ့ ခုတ်ပြီးသယ်နေတာ အရေးယူမခံရဘူး။ ဒီလိုသဘာဝအရင်းအမြစ်တွေကို ထုတ်ပြီးအကျိုးခံစားရတဲ့သူကတော့ တရုတ်ကုမ္ပဏီတွေဖြစ်ပြီး ပြည်သူတွေကတော့ ဆင်းရဲနေတုန်းပဲ။ တရုတ်ပြည်ကို ကျွန်တော်တို့ကားတစ်စီးရောက်သွားရင် အရေးယူခံရပြီး မြန်မာပြည်ကိုတရုတ်ကားတွေ အစုလိုက်ရောက်လာတာ ဘာမှအရေးယူခြင်းမရှိပါဘူး။

နိုင်ငံတော်ရဲ့ သံယံဇာတတွေဟာ မြန်မာနိုင်ငံသားအတွက်ဖြစ်ပေမယ့် အမှန်တကယ်မှာတော့ တရုတ်ကုမ္ပဏီနဲ့ပူးပေါင်းတဲ့သူတွေကသာ ခံစားနေကြပါတယ်။ ကချင်နဲ့ မြန်မာပြည်သူပြည်သားတွေအနေနဲ့ သယံဇာတရဲ့အကျိုးကို ခံစားခဲ့ရတာမရှိဘဲ သစ်ကိစ္စကို ယခင်အစိုးရလက်ထက်ထဲက နိုင်ငံတော်ကသိတယ်။

ကချင်ပြည်နယ် ဧရာဝတီမြစ်တစ်ဖက်ကမ်းမြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ ဆင်ဗိုလ်မြို့နယ်၊ တာလောကြီးတိုက်နယ်၊ လိုင်ဇာလွမ်းအထိ ဒေသအခေါ် တစ်သျှူးငှက်ပျော စိုက်ဧကပေါင်း တစ်သိန်းကျော်ခန့်ရှိတယ်လို့ ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာ ရပ်မိရပ်ဖ၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ဝင် ဦးစိုးဝင်းနှင့်ရပ်မိရပ်ဖ ဥက္ကဋ္ဌဟောင်း ဦးမောင်မြင့်တို့က News Watch Journal ကို ပြောပြပါတယ်။

ငှက်ပျောတစ်ပင်ကို ငှက်ပျောတစ်ခိုင်နှုန်းစိုက်တယ်။ အသီးတစ်လုံးကရှစ်လက်မရှိတယ်၊ တစ်ဧကကို ငှက်ပျောပျိုးပင် ခုနှစ်ရာ စိုက်ပျိုးရတယ်။ ငှက်ပျောခင်းတွေဟာ ဓာတ်မြေဩဇာနဲ့ပိုးသတ်ဆေးတွေအများ ဆုံးအသုံးပြုရတယ်။ ဒါကြောင့်ငှက်ပျောပင်တွေအတွက် ပိုးသတ်ဆေးဝါးတွေကို အသုံးပြုရလို့ နောက်ထပ် ဘာမှထပ်စိုက်လို့မရတဲ့အနေအထားကြုံရတယ်။ ပိုးသတ်ဆေးများကလည်း ကာလာအရောင်မျိုးစုံ၊ ကော်ဘူး၊ သံဗူးများဖြင့်ဝင်ရောက်လျက်ရှိပြီး အမှုန့်နဲ့အရည် နှစ်မျိုးဝင်ရောက်နေပါတယ်။ အချို့ပိုးသတ်ဆေးတွေကတရားမဝင်လမ်းကြောင်းကနေ ဝင်ရောက်လာတာဖြစ်ပြီး တရားမဝင် သိုလှောင်ထားတာတွေရှိတယ်။ ဒီတရားမဝင်ပိုးသတ်ဆေးတွေ ဖျန်းတဲ့အချိန်ဒေသအခေါ်(ဒုံးကျည်ပစ်တယ်) နောက်ဆုံးပိုးသတ်ဆေး ဖျန်းတဲ့အချိန် ဆေးကအရမ်းပြင်းလို့ အလုပ်သမားတွေမှာ ခန္ဓာကိုယ်များအား စောင်၊ ပုဆိုးစတာတွေကို ခေါင်းကနေ တစ်ကိုယ်လုံးခြုံပြီးနေရပါတယ်။ အဲ့ဒီဆေးဖျန်းတဲ့အချိန်အလုပ်သမားအချို့မူးတာတွေရှိတယ်၊ လူသေတာတော့လောလောဆယ်မကြားမိဘူး၊ တိရစ္ဆာန်တွေတော့ သေတာရှိတယ်ဟု အထက်ပါပုဂ္ဂိုလ်နှစ်ဦးကဆက်လက်ပြောပြပါတယ်။

အဲ့ဒီငှက်ပျောပင်တွေကို တရုတ်လုပ်သားနှင့်မြန်မာလုပ်သားတွေ တွဲလုပ်ရပေမယ့် အလုပ်သမားအများစုက မြန်မာလုပ်သားတွေပါ။ မြန်မာပြည်အနှံ့အပြားမှ လာရောက်လုပ်ကိုင်တဲ့အလုပ်သမား ခုနစ်သိန်းကျော်လောက်ဝင်ရောက်လုပ်ကိုင်နေပါတယ်။ လုပ်အားခအနေဖြင့် တစ်ရက်လျှင်ကိုယ် စရိတ်ကိုယ်စား (၆၀၀၀)ကျပ်နှင့်လုပ်ကိုင်နေကြတာပါ။ ဒီလိုလုပ်ကိုင်နေပေမယ့် ငှက်ပျောသီးတစ်လုံးမှ မြန်မာလုပ်သားတွေ မစားရပါဘူး။ အားလုံးကိုထုပ်ပိုးပြီးတော့ တရုတ်ပြည်ကိုပို့လိုက်ကြတယ်။ အဲ့ဒီငှက်ပျောစိုက်ခင်းအတွက် မြေဆီလွှာပျက်စီးခဲ့ရတယ်။ အကျိုးသက်ရောက်မှု ဘာမှမရခဲ့ပါဘူး။

ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းမှာ တစ်သျှူးငှက်ပျောစိုက်ပျိုးမှုဧက တစ်သိန်းကျော်လောက်ရှိပါတယ်။ ဧကငါးသောင်းလောက်သာ သက်ဆိုင်ရာကခွင့်ပြုထားပြီး ဧကငါးသောင်းကျော်လောက်က တရားမဝင်လုပ်ကိုင်နေတာပါ။ တရားမဝင်လုပ်ကိုင်နေတဲ့အတွက် နိုင်ငံ့ဘဏ္ဍာထဲကို အခွန်ငွေတွေဝင်ရောက်လာ စရာအကြောင်းမရှိတဲ့အတွက် နိုင်ငံ့ဘဏ္ဍာတွေအများအပြားဆုံးရှုံးနေရတယ်ဟု အမည်မဖော်လိုသူ ဝိုင်းမော်မြို့နယ်ဒေသခံအချို့က ပြောပြပါတယ်။

မြန်မာပြည်ထဲကို ငှက်ပျောတင်မယ့်တရုတ်နံပါတ်နဲ့ ကုန်တင်ကားတွေတစ်နှစ်ကို အစီးရေသောင်းနဲ့ချီ ဝင်ရောက်လာတာရှိတယ်။ မြန်မာပြည်ထဲကိုဝင်လာပြီဆိုရင် မြန်မာပြည်ဘက်က သက်ဆိုင်ရာဌာနအဖွဲ့အစည်းအသီးသီးကို ပေးဆောင်ရတဲ့ငွေကြေးတွေရှိတယ်။ ငှက်ပျောတင်မယ့် တရုတ်ကုန်တင်ကား တစ်စီးဟာ ကန်ပိုင်တည်းနယ်စပ်ကုန်သွယ်ရေးဂိတ်မှာ ID ကြေး (၂၁၀၀၀)သွင်းရပါတယ်။ လဝကကို တရုတ်ယွမ်ငွေ (၈၀)သွင်းရပါတယ်။ အဲဒီ(၈၀)ထဲမှာ ဝန်ဆောင်ခက ယွမ်(၃၀)ပါတယ်။ ငှက်ပျောခြံတွေ ကိုရောက်တဲ့အထိ လမ်းတစ်လျှောက်တွေ့သမျှဂိတ်ပေါင်းစုံကို ဂိတ်ကြေးသဘောမျိုးပေးဆောင်ရတာတွေလည်းရှိပါတယ်။ ဒါက မြန်မာနိုင်ငံထဲကိုဝင်ရောက်လာတဲ့ တရုတ်နိုင်ငံက တစ်သျှူးငှက်ပျောကားတစ်စီးရဲ့ ကုန်ကျစရိတ်ဟာ မြန်မာငွေကျပ်(၆၀၀၀၀၀)နီးပါးရှိပါတယ်။ တစ်နှစ်ကို ငှက်ပျောသယ်တဲ့ တရုတ်ကုန်တင်ကားအစီးရေ (၂၀၀၀၀) ကျော်လောက် ဝင်ရောက်လျက်ရှိတယ်ဟု ဆိုပါတယ်။

မြန်မာပြည်ကနေ ငှက်ပျောတင်ပြီး တရုတ်ပြည်ကို ပြန်လည်ထွက်ခွာမယ့် တစ်သျှူးငှက်ပျောတင်ကားတစ်စီးကို ဝိုင်းမော်စည်ပင်က (၈၀၀၀ဝိ/)ကောက်တယ်၊ အကောက်ခွန်က(၃၀၀၀၀ဝိ/)ကောက်တယ်၊ ပြည်နယ်အစိုးရက(၆၀၀၀ဝိ/)ကောက်တယ်၊ ကညနက(၈၀၀ဝိ/)ကောက်တယ်၊ ဘီးခွန်က(၃၀၀ဝိ/)ကောက်တယ်။ ထွေအုပ်နဲ့ စည်ပင်အတွက်ဆိုပြီး(၅၀၀ဝိ/)ကောက်တယ်။ အားလုံးက တရားဝင်လား၊ မဝင်လားဆိုတာတော့ ကျွန်တော်တို့မသိပါဘူးဟု အမည်မဖော်လိုတဲ့ ဝိုင်းမော်မြို့နယ်ဒေသခံအချို့က ဆက်လက်ပြောပြပါတယ်။

နောက်တစ်ခုက ဒီကနေ့ ဖရဲသီးတွေတင်တယ်။ တရုတ်လုပ်ငန်းရှင်နဲ့ ဖရဲသီးတွေစိုက်ကြတယ်။အလုပ်ဖြစ်လို့အချို့တွေက လိုက်စိုက်တယ်။ တရုတ်တွေစိုက်တဲ့ ဖရဲသီးကိုတော့ ဈေးကောင်းပေးတယ်။ ဒေသခံတွေစိုက်တဲ့ ဖရဲသီးကိုတော့ အစကဈေးကောင်းပေးခဲ့ပြီး အားလုံးရှိသမျှပုံအောပြီး ဖရဲသီးစိုက်တဲ့အခါ မဝယ်သေးပါဘူးလို့ ပြန်ပြောလာပါတယ်။ ဒီလိုနဲ့ ဈေးကောင်းရနိုးရနိုးနဲ့စောင့်ရတဲ့ဈေးနဲ့ အရှုံးခံရောင်းပြီး စီးပွားပျက်ခဲ့ရတယ်လို့ ဒေသခံဖရဲစိုက်ပျိုးသူအချို့ထံမှ သိရပါတယ်။

ဒါကြောင့်စီးပွားရေးကို တည်ဆောက်ပြီး အိမ်နီးချင်းနိုင်ငံတွေမှာ မြန်မာပြည်သူ (၇၀)ရာခိုင်နှုန်းလောက် နစ်နာထိခိုက်ဆုံးရှုံးမှုတွေ ရှိနေသောကြောင့် အိမ်နီးချင်းကောင်းပီသစွာ နှစ်နိုင်ငံအရေး ဆက်ဆံရေးတည်ရှိနေဖို့ ကြိုးစားပေးဖို့ လိုအပ်နေကြောင်းပါ။

စာပေသစ္စာဖြင့်

◆ ဟသ်ာ(တောင်တွင်းကြီး) ◆

THE SUN RAYS

အမှတ်(၀၉၀၃/ဘီ)၊ လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ် (ကမ္ဘောဇဘဏ်အနီး)၊ More & More Gold and Jewellery ဆိုင်ဘေးလှေကားမှဝင်၍ ဓာတ်လှေကားဖြင့် ၉ လွှာသို့တက်ပါ။

ဖုန်း-၀၉-၂၅၄၀၁၂၅၂၂

email.thesunraynews@gmail.com

ထုတ်ဝေသူ
ဦးခင်အေး (၀၀၄၉၈)
09 400400051

တာဝန်ခံအယ်ဒီတာ
ရဲဝင်း

ဥပဒေရေးရာအကြံပေး
တင်သန်းဦး

ဖြန့်ချိရေး
ဦးကျော်တင့်

ပုံနှိပ်
ပြည်အေး - ပုံနှိပ်တိုက်
09 5169728

ပုံနှိပ်သူ
ဦးခွန်ပြည်အေး(၀၀၈၉၂)
အမှတ် - ၂၆၃၊ YMCAဝင်း
(၉)ရပ်ကွက်၊ ဗိုလ်တထောင်။

သူရိယနေဝန်းဂျာနယ်ပါဓါတ်ပုံများကို အင်တာနက်မှ ကူးယူဖော်ပြပါသည်။

## ခွဲတမ်း

မောင်ခင်မှိုင်း(ချောက်)

သူ တစ်ရပ်
ငါ တစ်ရပ်
မင်း တစ်ရပ်
အရပ်တွေစုံညီ
ကိုယ်စီကိုယ်င
ပေးကြယူကြ
ခွဲတမ်းချမည် အကယ်ဒမီ။ ။

မောင်ခင်မှိုင်း(ချောက်)

www.free4readers.com



# ပုံစံမပြောင်း ပုံစံဟောင်း နွားမရှုံ့ပိတ်ရောင်း

# ၂၀၁၉ တက္ကသိုလ်ဝင်တန်းမေးခွန်းသစ်များအကြောင်း

□ ကိုငွေး(နတ်မောက်) □

၁၉၉၅မှ ၂၀၁၈ထိ တက္ကသိုလ်ဝင်တန်းမေးခွန်းတွေဟာ လူငယ်တွေကို (ဖွတ်ကျား)တွေပဲဖြစ်စေခဲ့ကြောင်း ပညာရေးဝန်ကြီးဒေါက်တာမျိုးသိမ်းကြီး ကိုယ်တိုင် သွယ်ဝိုက်ဝန်ခံလိုက်တာ ၂၀၁၈၊ ဇန်နဝါရီလကပါ။ အဲဒါက ၂၀၁၉ မတ်လမှာ ကျင်းပမယ့် တကသဝင်တန်းစာမေးပွဲမှာ (အလွတ်ကျက်မှတ်မှုထက် ကိုယ်တိုင်စဉ်းစားတွေးခေါ်မှုကို ဦးစားပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံသစ်)ကို ၂၀၁၈-၁၉စာသင်နှစ်လူငယ်တွေ ဖြေရမှာဖြစ်ကြောင်း ပြောခဲ့ခြင်းပါပဲ။ ဒုတိယဝန်ခံသူက ပညာရေးဒုဝန်ကြီးပါ။ ၁၅-၈-၁၈စံတော်ချိန်မှာ ဒေါက်တာမျိုးသိမ်းကြီးပြောတဲ့ စကားကိုပဲ ပြောခဲ့တာပါ။ တတိယထုတ်ဖော်သူက ဒုညွှန်ချုပ်ဒေါက်တာအောင် အောင်မင်းပါ။ ၂၀-၂-၂၀၁၉ 7 Day News မှာ (အရင်တုန်းကပညာရေးစနစ်ကိုရော စာမေးပွဲစနစ်ကိုရော အလွတ်ကျက်ပြီးပြန်ဖြေတဲ့ စနစ်လို့ပြောကြတယ်။ အဲဒါတွေလျော့သွားအောင် လုပ်တာပေါ့။ ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားတွေးခေါ်မှုကိုဖြေရမယ့် မေးခွန်းပုံစံမျိုး ရောက်အောင် ပြောင်းတာပါ)လို့ တင်ပြလာခြင်းတွေက ၂၀၁၈ထိ မေးခွန်းတွေက အဆင့်မရှိဘူး ကလေးတွေအောင်သာလာတယ်။ အတန်းအောင်စာမတတ်၊ ဘွဲ့ရပညာမတတ်၊ ဖွတ်ကျားတွေပဲဖြစ်စေခဲ့တာလို့ တာဝန်ရှိလူကြီးတွေကိုယ်တိုင်ဝန်ခံတာလို့ သုံးသပ်ပါရဲ့။ အခု မတ် ၆မှာ ဖြေတဲ့ မေးခွန်းတွေဟာ တွေးခေါ်စဉ်းစားမှု ကိုယ်တိုင်အားထုတ်မှုဖြစ်စေတဲ့ မေးခွန်းမဟုတ်ကြောင်း ၂၅-၈-၂၀၁၈ သူရိယနေ့ဝန်းမှာ (ဖွတ်ကျားတွေပဲ ဆက်လက်မွေးထုတ်ပေးဦးမယ့် တက္ကသိုလ်ဝင်တန်းမေးခွန်းပုံစံသစ်များ)လို့ မောင်ငွေးတင်ပြခဲ့ပါတယ်။ အခု(ဒု)ညွှန်ချုပ်စကားလည်း အကြွားသက်သက်၊ မတရားလှည့်ကွက်၊ လူညစ်ပတ်များ နွားမရှုံ့ပိတ်ပြီး နွားထီးလို့ညာရောင်းသလို မာယာသာဌေယျကြွယ်ပါမောက္ခများက ပုံစံဟောင်းမေးခွန်းကို နံပါတ်ဖြုတ်၊ တပ်၊ ပယ်၊ ထည့်မြင်သာတဲ့အလိမ်ကွက်တွေနဲ့ မေးခွန်းပုံစံသစ်ဆိုပြီး ဟိုအရင်တုန်းက လိုပဲဆိုတာ သိရအောင်တစ်ဘာသာချင်းရှင်းပြလိုက်ပါတယ်။



၁။ မတ် ၆ကဖြေခဲ့တဲ့ မြန်မာစာမေးခွန်းသစ်သည် ၂၀၀၁မှ ၂၀၁၈ ပုံစံဟောင်းထက်ပို၍ ထူးခြားမလာပါ။ ယခင်ကလည်း ပုဒ်ရေခြောက်ပုဒ်၊ ယခုလည်း ထိုအတိုင်းပင်။ နံပါတ် ၆ စာစီစာကုံးတွင် ယခင်က တစ်ပုဒ်သာ ဖြေရပြီး ယခု(က)(ခ)ဟု နှစ်ပုဒ်ဖြေရသည်။ (ခ)သည် အသစ်တိုးမေးခွန်းဖြစ်ပြီး ကလေးအောင်မှတ်ရစေရန် တီထွင်ထားသည့်မေးခွန်းသာဖြစ်ပါသည်။ နံပါတ် (၁)တွင် ယခင်က (က၊ ခ၊ ဂ)ဟု ပုဒ်ခွဲသုံးခုရှိသော်လည်း ယခုပုဒ်ခွဲ(ဂ)မရှိ၍ သဒ္ဒါတတ်ကျွမ်းမှုအားနည်းစေသော မေးခွန်းပုံစံသစ်ဖြစ်ပါသည်။ နံပါတ် ၂(ခ)တွင် ယခင်က ဝေါဟာရဝါကျသုံးကို ယခုစာလုံးပေါင်းသတ်ပုံအမှန်ရွေးသို့ ပြုပြင်လိုက်ရာ ၁၀တန်းသမားအဆင့်အတန်းသည် မူလတန်းအဆင့်မျှသာ ဖြစ်သွား၍ ၂၀၁၉မေးခွန်းပုံစံသစ်မြန်မာစာသည် ပါမောက္ခမြန်မာစာပါရဂူ ဌာနမှူးများပြောသကဲ့သို့ (ကိုယ်ပိုင်စဉ်းစားတွေးခေါ်၊ တီထွင်ဖန်တီးရေးသား တင်ပြနိုင်မှု)ကို မရစေသည့်ပြင် ကျဆင်း၍ပင်သွားစေပါသည်။ ယခင်မေးခွန်းဟောင်းက (ညှဉ်းဆဲ)စကားကို ဝါကျဖွဲ့ခိုင်းတော့ (နာမ်)လို့ဖွဲ့ရမည်လား၊ (နာမဝိသေသန)လို့ ဖွဲ့ရမည်လား၊ (ကြိယာ)လို့ဖွဲ့ရမည်လားစသည်ဖြင့် စဉ်းစားရသည်။ ကြိယာကိုနာမ်လိုဖွဲ့မိလျှင်အမှတ်မရ။ ထို့ကြောင့် ယခင်မေးခွန်းက အလွတ်ကျက်မှတ်မှုကိုအားမပေး။ ကလေးကို စဉ်းစားတတ်အောင်ဆရာကလည်းသင်ပေးနေရရာ၊ သင်ကြားသူကော သင်ယူသူပါ တွေးခေါ်စဉ်းစား အားထုတ်မှုကို ထက်မြက်စေသော မေးခွန်းသည် မေးခွန်းဟောင်းဖြစ်သည်။ ယခုမေးခွန်းပုံစံသစ်က (ညှင်းဆဲ/ညှဉ်းဆဲ)နှစ်ခုမှ မှန်ရာရွေးရရာ စဉ်းစားဉာဏ်ထက်သန်စေသော မေးခွန်းမဟုတ်။ ၄ တန်းကလေးပင် ကိုယ်သင်ရသော စကားလုံးသတ်ပုံအမှား၊ အမှန်ခွဲနိုင်ရာ မေးခွန်းပုံစံသစ်မှ ၂(ခ)သည် ယနေ့ဝန်ကြီးပြောသော မေးခွန်းရည်ရွယ်ချက်နှင့်လုံးဝမကိုက်ညီသလို မြန်မာစာပါမောက္ခဒေါက်တာကြီးက ၁၂-၂-၂၀၁၉ အစိုးရသတင်းစာပါ (နှုတ်တိုက်အလွတ်ကျက်မှတ်မှုကို လျှော့ချ)သည်ဆိုသည့်စကားနှင့်မညီပါ။ ထပ်ဥပမာပေးရလျှင်(ရမက်/ရမ္မက်)(ကိုယ်ကျိုးနည်း/ကိုကျိုးနည်း)ဘယ်စကားလုံးမှန်သည်ကို ၁၀တန်းကလေးအတွက် အဆင့်နိမ့်၍မမေးထိုက်ပါ။ တစ်ခါ ဒါအလွတ်ကျက်မှတ်မှုကို အားပေးသည့်မေးခွန်းဆိုသည်ကို မေးခွန်းပြုစုပါမောက္ခနှင့်အစိုးရသတင်းစာပါ ရှင်းလင်းသူပါမောက္ခတို့မသိပါ။ သို့မဟုတ် သိလျက်နှုတ်ပိတ်နေသည်ထင်ပါသည်။ ဖေဖော်ဝါရီ ၁၂ မြန်မာ့အလင်းသတင်းစာမျက်နှာ ၂၀တွင် ပါမောက္ခဒေါက်တာ၏ မြန်မာစာဘာသာ သိကောင်းစရာတွင် ထိုအဆင့်နိမ့်မေးခွန်းပုံစံ ၂(ခ)ကို ရှင်းလင်းထားသည်မတွေ့ရပါ။ ကျန်နံပါတ်၃၊ ၄၊ ၅တို့မှာ ယခင်အတိုင်းဖြစ်ရာ ပုံစံသစ်မဟုတ်ပါ။ ချုပ်၍ဆိုရလျှင် ၆(ခ)တစ်ခုသာတိုးပြီး တိုးသောတစ်ခုမှာလည်း စာမေးပွဲအောင်ဖို့ မြန်မာစာဂုဏ်ထူးယခင်ကလိုပင် အရည်အချင်းမပြည့်မီဘဲ ဖုံးပေါလအောထွက်ဖို့ဖြစ်ပြီး စဉ်းစားတွေးခေါ်မှုပါသော ၁(ဂ)နှင့် ၂(ခ)တွေဖြုတ်ပယ်လိုက်၍ ၂၀၁၉ ခုနှစ် မြန်မာစာမေးခွန်းပုံစံသစ်သည် နွားမရှုံ့ပိတ်ရောင်း မေးခွန်းတစ်ခုသာဖြစ်သည်ဟု သုံးသပ်ပါသည်။

၂။ မတ်လ ၇ ရက်ကဖြေခဲ့သော အင်္ဂလိပ်စာသည် ဖွတ်ကျားများ ဆက်လက်မွေးထုတ်သော မေးခွန်းသာဖြစ်သည်။ ၎င်းကို မေးခွန်းပြုစုသူပါမောက္ခတို့ကိုယ်တိုင်ပင် ၃-၅-၁၈မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြခဲ့သည်။ နှစ်ထပ်ရှိမှမှတ်မိမှာမို့ ကြည့်ပါဦး။ (အင်္ဂလိပ်စာတတ်ကျွမ်းမှုအမှန်တကယ်စစ်ဆေးသည့် မေးခွန်းပုံစံသို့ မေးခွန်းအားလုံးတစ်ပြိုင်နက် ပြောင်းလဲရန် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများအဆင့်သင့် မဖြစ်သေးသဖြင့် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဤမေးခွန်းပုံစံကို ပြောင်းလဲထုတ်ခြင်းဖြစ်ပါသည်။)ဟုဆိုထားရာ မစားရဝခမန်းပြော ဝန်ကြီးနှစ်ပါးစကားဟားဟားရယ်စရာဖြစ်နေပါသည်။ အင်္ဂလိပ်မေးခွန်းအရည်အသွေးချို့တဲ့ပုံစံကို ၁၉၈၇မှ ယခုပုံစံသစ်ဆိုသော ၂၀၁၉ ထိ ကျင့်သုံးမြဲကျင့်သုံးနေရာ ၂၅-၈-၂၀၁၈က ဖွတ်ကျားမွေးထုတ်အင်္ဂလိပ်မေးခွန်းအစုတ် ကြောင်းတင်ပြခဲ့ရာ ကဝိမင်းစာဖတ်သူတို့ မှတ်မိကြမည်ထင်ပါသည်။

၃။ မတ်လ (၈)ရက်က သင်္ချာမေးခွန်းပုံစံကတော့ ၁၉၈၇မှ ၂၀၁၈က စစ်ဆေးခဲ့သော ပုံစံနှင့် လမ်းခွဲလိုက် သောပုံစံသစ်ဖြစ်ပြီး သင်္ချာစဉ်းစားဉာဏ်ရင့်သန်စေသောမေးခွန်းပုံစံသစ်ဖြစ်ပါသည်။ ၁၉၈၇ကတည်းက ဤပုံစံအတိုင်းမေးခဲ့လျှင် သင်္ချာပညာထူးချွန်သူများ နှစ်၃၀တွင်းပေါ်ပေါက်နေပါမည်။ ၁၉၈၇မှ ၂၀၁၈ထိ မေးခွန်းပုံစံပြုစုသူကော အလွဲအမှားကို နှစ် ၃၀ကျော်ထားခဲ့သည့် သင်္ချာပါမောက္ခများမှာ နိုင်ငံနှင့်လူမျိုးအပေါ် စေတနာပညာအားနည်းသည်ဟု သုံးသပ်ပါသည်။ ယခု ၂၀၁၉မေးခွန်းပုံစံသစ်ပြုစုသော ပါမောက္ခဆရာကြီးတို့၏ နိုင်ငံနှင့်လူမျိုးအပေါ် ထားစေတနာကို သာဓုခေါ်ပါသည်။

၄။ လာမည့် မတ် ၁၁တွင် ဖြေရမည့်ဓာတုမေးခွန်းသည် ပုံစံသစ်မဟုတ်ပါ။ ပုံစံဟောင်းဖြစ်ပြီး အလွန်ရုပ်ဆိုးအကျည်းတန်သော နွားပိန်မကြီးကို ရှုံ့ပိတ်ထားသော မိုးကြိုးပစ်စေ့နွားထီးဟု မုသားကြီးကြီးသုံးသည့် မေးခွန်းသာဖြစ်သည်။ နံပါတ် ၁မှ ၅သည် ဓာတုသဘောတရားမပါ၊ နှုတ်တိုက်အလွတ်ကျက်မေးခွန်းသာဖြစ်ပါသည်။ ၂၀၀၁မှ ၂၀၁၈ထိ အခန်းတစ်ခုစီလေ့ကျင့်ခန်းမှ ပုံသေနံပါတ်များကိုသာ ဂဏန်းပြောင်းမေးလာရာ အဆင့်နိမ့်မေးခွန်းဖြစ်မြဲသာဖြစ်သည်။ နံပါတ်၈ တွင်မူ ယခင်ပါနေကျမေးခွန်းတို့ကို ပုံစံပြောင်းထုတ်ပြီး ရွေးချယ်မှုနည်းသွားသည်။ သို့သော် နံပါတ် ၈(A)သည် အခန်း၇နှင့် ၁၃(B)နှင့်(C)က Organic (D)ကဓာတ် ငွေ့ (E)က အခန်း ၃ဖြစ်ရာ ပါမည့်အခန်းသိနေ၍ ၂၀၁၈၊ ဇန်နဝါရီကတည်းက သင်ထားသောရှိသုံးရှိလူတန်းစားများအတွက် အခက်အခဲမရှိပါ။ ၁၉၈၇ ဓာတုမေးခွန်းပုံစံသည် ဆရာကြီးဒေါက်တာကိုကိုကြီး၏ မေးခွန်းပုံစံဖြစ်ရာ အဆင့်မီစံမီဖြစ်သည်။ ၂၀၀၁မှ ၂၀၁၈ပုံစံသည် ဓာတုဖွတ်ကျားများကိုမွေးထုတ်ခဲ့သော ပုံစံဖြစ်သည်။ ယခု ၂၀၁၉ပုံစံသစ်သည်လည်း ဖွတ်မကျားတကျားများမွေးထုတ်သော ပုံစံသာဖြစ်ပါသည်။ (ဆရာကြီး ဒေါက်တာခင်မောင်ညိုခင်ဗျာ မေးခွန်းနံပါတ်-၅ ပညာလုံးဝမပါသည်ကို ဆရာကြီးသိပါသည်ခင်ဗျာ။ ပုဒ်ခွဲ(A) မှ(H) ထိ ရှစ်ခုရှစ်မှတ်ဖိုးဟာ နှုတ်တိုက်အလွတ်ကျက်မေးခွန်းမဟုတ်လား။ ၂၀၀၁မှ ၂၀၀၆ ထိ ပေါ်တင်ခိုးချခွင့်ရှိတုန်းက အိတ်ဆောင်စာအုပ်ကလေးတွေနဲ့ ထုတ်ကူး။ ၂၀၀၇မှ ၂၀၁၈ထိ အခန်းစောင့်နဲ့ ပိုင်ရင်ကူး။ အထူးပုဂ္ဂိုလ်များတော့ အဖြေချပေးကူးလို့ရတဲ့ ရှစ်မှတ်ဖိုးမေးခွန်းပါ။ အဲဒီမေးခွန်းရှစ်မှတ်ဖိုးရှစ်ခုကို ဓာတုညီမျှခြင်းရှစ်ကြောင်းထည့်မေးရင် ဓာတုသဘောတရားကိုသင်ကြားသူ သင်ယူသူတို့ပို၍ တတ်ကျွမ်းလာမည်ကို ဆရာကြီးသိပါသည်ခင်ဗျာ။ ဓာတုရဲ့အသက်ဟာ ဓာတ်ပြုညီမျှခြင်းလို့ လက်ရှိပါမောက္ခတွေ သိလျက်(ကိုယ် ၁၀ တန်းတုန်းကလည်း ညီမျှခြင်းတွေအားထုတ်ရပါလျက်)ကိုယ်မေးခွန်းသစ်ပြုစုရကာမှ ဆရာကြီးကိုကိုကြီးနည်းမယူ ၂၀၀၁က ဓာတုပညာရပ်ကို အောက်တန်းပို့ပစ်တဲ့ ပုံစံကိုပဲ ပြန်သုံးထားတော့ ကျွန်တော်ပြောခဲ့သလိုပေ့ါဆရာ။ (ဓာတုကလျာ) ချောမလာသေးပါပေါ့။

၅။ လာမည့် မတ် ၁၂မှာဖြေမည့် ရူပကတော့ အဆင့်နိမ့်မြဲပို၍ နိမ့်သွားသည်ဟု ဆိုပါမည်။ ယခင် No.1 မှန်၊ မှားလေးခုနေရာ အဖြေသုံးခုပေးရွေးချယ်ပြောင်းသည်။ No.2 ကွက်လပ်ဖြည့်နေရာ အဖြေပေးယှဉ်တွဲ လေးခုလာရာ အချောင်အမှတ်ရစနစ်ဖြစ်သည်။ ရူပနယ်နှင့်မကျွမ်းသူ ရှင်းဆိုရလျှင် ကွက်လပ်ဖြည့်က အဖြေမပါ၍ စဉ်းစားတွေးတောဖြေရသည်။ ယခုကအဖြေပေးထားရာ အဖြေတစ်ခုသိလျှင် နှစ်မှတ် နှစ်ခုသိလျှင် သုံးမှတ်၊ လေးခုသိလျှင် လေးမှတ်ရရာ ဖွတ်ကျားဖြစ်အောင် မတွေးတတ်အောင် အချောင်ရအောင် လုပ်ထားသော ပုံစံသစ်ဖြစ်သည်။ ကျန် No.3 မှ ၁၅ထိယခင်ပုံစံအတိုင်းဖြစ်ရာ အဆင့်နိမ့်မေးခွန်းဖြစ်မြဲဖြစ်သည်။ ရူပမေးခွန်းအဆင့်နိမ့်၍ ရူပကျွမ်းကျင်ထူးချွန်သူမပေါ်ပေါက်ပါ။ (ပညာရေးနှင့်ပတ်သက်နေ၍ စကားချပ်ဆိုပါရစေ ဦးသန်းရွှေခေတ် ၁၉၉၅ခုမှစ၍ (အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) သိပ္ပံမေးခွန်းတို့ အဆင့်အတန်းအလွန်နိမ့်ခဲ့ပါသည်။ သင်္ချာကတော့ ၁၉၈၆ ကစနိမ့်ပြီး ၂၀၁၉တွင် အဆင့်မီပုံစံဖြစ်သည်။ ဓာတု၊ ရူပ၊ ဇီဝတို့ မှာ ၂၀၁၉ထိ အဆင့်မီမဟုတ်ပါ။ နှစ်ပေါင်း ၂၀ကျော်အဆင့်နိမ့်မေးခွန်းများကို ယခုထိ မပြုပြင်ဘဲထားရာ ပညာရေးနိမ့်ကျစေရာတွင် ဦးသန်းရွှေသည် တစ်တရားခံဖြစ်ပြီး မေးခွန်း၊ သင်ရိုးပြုစုသူ (၁၉၉၅မှ ယနေ့ ၂၀၁၉ထိ)ပညာရှင် ပုဂ္ဂိုလ်များသည် ပူးတွဲတရားခံဟု ပြတ်ပြတ်သားသားပြောပါမည်)မောင်ငွေးဖော်ပြခဲ့ဖူးသော (ဓာတု၊ ရူပ၊ သင်္ချာ၊ မြန်မာလိုသင် မြန်မာလိုမေးသော B.Sc တွင်လည်း မြန်မာလိုသင် မြန်မာလိုမေးသော)ဒေါက်တာပဒေသာ တင် (၁၉၇၂ဆယ်တန်းအောင်)၊ ဒေါက်တာစောဝေလှ(၁၉၈၀ဆယ်တန်းအောင်) တို့ခေတ် မြန်မာလိုရူပမေးခွန်းသည် စဉ်းစားတွေးခေါ်မှုပါသည့် မေးခွန်းများဖြစ်သည်။ ဥပမာ မှန်၊ မှားမေးခွန်းကို ရမ်းသန်းဖြေ၍အမှတ်ပြည့်မရ။ အကြောင်းပြမှန်မှရသည်။ (မှန်ဘီဘူးခွက်သည် ပုံရိပ်စစ်ကို ဖြစ်ပေါ်စေသည်)ကို မှားဟုဖြေလျှင် ဘာကြောင့်မှားကြောင်း မှန်လျှင် ဘာကြောင့်မှန်ကြောင်း အကြောင်းပြတတ်ရမည်။ ယခု ၂၀၁၉မေးခွန်းပုံစံသစ်က ရူပနဲ့ အကျွမ်းမဝင်သူဖြေတောင် နံပါတ် ၂မှာ နှစ်မှတ်ရအောင်ဖြေနိုင်သည်။ ဥပမာ Match =ယှဉ်တွဲပါမေးခွန်းတွင် (c) NAND gate ကို ဉာဘက်အဖြေ လေးခုမှ မှန်ရာနှင့်တွဲရာတွင် တစ်ဖက်တွင် Universal Gate ပါရာ တွဲပေးလျှင်တစ်မှတ်ရမည်။ ကျန်သုံးခုမှ တစ်မှတ်လွယ်ကူစွာရနိုင် သည်။

ရူပတွင်အပိုင်း၁ အခန်း ၁မှ ၄ မက္ကင်းနစ်အပူ၊ အသံ၊ အပိုင်း ၂ အခန်း ၅၊ ၆ အလင်း၊ အပိုင်း၃ အခန်း ၇၊ ၈၊ ၉လျှပ်စစ်ငြိမ်၊ အပိုင်း ၄ အခန်း ၁၀၊ ၁၁၊ ၁၂လျှပ်စီးနှင့် သံလိုက်၊ အပိုင်း ၅ အခန်း ၁၃ ခေတ်ပေါ်ရူပဗေဒ ဟု ငါးပိုင်းရှိရာ အမှတ် ၄၀ရဖို့ အပိုင်းနှစ်ခုပိုင်ရမည်။ အမှတ် ၇၀ ရလိုလျှင် ကြိုက်ရာအပိုင်းသုံးပိုင်းကြည့်။ အမှတ်၈၀နှင့်အထက် ကြိုက်ရာအပိုင်းလေးပိုင်းကြည့်ရမည်။ မေးခွန်းကို ထိုသို့တည်ဆောက်ထား၍ ရူပဗေဒကို အခန်းကုန်အောင်မသင်ခဲ့ကြသည်မှာ ၁၉၉၅ကတည်းက ယနေ့ ၂၀၁၉ထိ ၂၄နှစ်ရှိရာ ဂုဏ်ထူးရသည့်ကလေးတို့ ဓာတု၊ ရူပပညာပြည့်ဝစွာရခဲ့ကြသည်မဟုတ်။ သို့ကြောင့်မဟုတ်လော ဓာတု၊ ရူပစသည့် သိပ္ပံဘာသာတို့ကို အင်္ဂလိပ်လိုသင်လာသည့် ၁၉၈၆မှ နှစ်ပေါင်း ၃၃နှစ်အတွင်း ဒေါက်တာပဒေသာတင်နှင့် ဒေါက်တာစောဝေလှလို ထူးချွန်သူထွက်မလာခဲ့ခြင်းဖြစ်သည်။ ၁၉၈၆မှ ၂၀၁၉ ထိ ဖွတ်ကျားဘွဲ့ရတို့သည် ထက်ပြန့်နှင့် ယခုတကသကထိကများပင်ဖြစ်နေကြရာ ဖွတ်ကျားဆရာတွေက ဖားကျွတ်တပည့်တွေပဲ ဆက်လက်မွေးထုတ်ပါဦးမည်။

ဇီဝနှင့်အခြားပထဝီ၊ သမိုင်း၊ ဘောဂတို့အကြောင်း မတင်ပြတော့ပါ။ ဝိဇ္ဇာဘာသာတွဲ ပထဝီ၊ သမိုင်းယူ သူမှာ တစ်ပြည်လုံး၁၀ရာခိုင်နှုန်းသာ ရှိပြီး တိုင်းပြည်အနာဂတ်လူငယ်တို့ အသိ ကန်းကွယ်အောင်လုပ်ထား သောစနစ်ကို NLD အစိုးရသစ်က ဖျက်ပစ်၍ အသစ်စနစ်မဟုတ်ဘဲ လူထုကိုလိမ်ညာသော သင်ရိုးသစ်၊ သင်နည်းသစ်၊ ချဉ်းကပ်နည်းသစ် မေးခွန်းပုံစံသစ်ဟု မဖြစ်ညစ်ကျယ် မာယာကြွယ်စွာ အရှက်မရှိ လှည့်ဖြားလိမ်ညာမှုတို့ကို ဆက်လက်ဖြစ်ထွန်းနေစေ၍ ပညာရေးက ဖွတ်ကျားတွေထွက်မြဲထွက်လာဦးမည်ကို ရင်နာနာနှင့် တင်ပြလိုက်ရပါကြောင်း။

♦ ကိုငွေး(နတ်မောက်) ♦



www.free4readers.com



သမိုင်းဦးလူတို့မြို့ပြနိုင်ငံများ စတင်ထူထောင်နေထိုင်ကတည်းက "အုပ်ချုပ်သူ"ဟူသော လူတန်းစားတစ် ရပ်ရှိခဲ့သည်။ မူလအစတွင် လူဦးရေမများသေးသဖြင့် အများသဘောကျတစ်ဦးကို ခေါင်းဆောင်မြှောက်လျက် ကျန်သုံးလေးဦးကို လုံခြုံရေး၊ စားသောက်ရေး၊ ဘာသာရေးကိစ္စတို့တွင် တာဝန်ပေးခဲ့ကြသည်။ နှစ်ပေါင်းကြာ လာသော် ထိုခေါင်းဆောင်များ၊ အုပ်ချုပ်သူများက လောဘ၊ ဒေါသ၊ မောဟများလွှမ်းကဲလာသဖြင့် မိမိစိတ် ကြိုက် စိတ်ထင်တိုင်း အုပ်ချုပ်လာခဲ့သည်။ တရားမျှတမှုထက် အင်အားကြီးမားမှုနှင့် အကြမ်းဖက်မှုတို့ကို သုံးလျက် မိမိ၏ရာထူး (အာဏာ)တည်မြဲရေးကို နည်းမျိုးစုံသုံးလာခဲ့သည်။




ခေါင်းဆောင်ဆိုသူက မိမိကိုယ်ကို မျိုးရိုးအလိုက်အုပ်ချုပ်ခွင့်ရှိသူ Hereditary Ruler(ဘုရင်) အဖြစ် သမုတ်ပြီး မိမိဆွေမျိုးများကို တရားသူကြီး၊ စစ်သူကြီးစသည် ခန့်အပ်လာခဲ့သည်။ ထို့ကြောင့် ဘုရင်တစ်ဦးအတွက် အုပ်ချုပ်မှုကိစ္စ၊တရားစီရင်ရေးကိစ္စနှင့် ဥပဒေပြုရေးကိစ္စအားလုံးကို မိမိသဘောကျ လုပ်နိုင်ခွင့်အာဏာရလျက် သက်ဦးဆံပိုင်ဟုပင် ဂုဏ်ယူခဲ့ကြပြီး လူထုကိုဖိနှိပ်အုပ်ချုပ်ပြီး မိမိတို့သာကြွယ်ဝချမ်းသာလာခဲ့ သည်။

Lord Acton\ Power Corrupts. Absolute power Corrupts absolutely "အာဏာသည် လူကိုဖျက်ဆီး၏။ အကြွင်းမဲ့အာဏာသည် အကြွင်းမဲ့ဖျက်ဆီးသည်" စကားသည်လူတို့၏လောဘ၊ ဒေါသ၊ မောဟကြောင့် အရာရာပျက်စီးရခြင်းကိုပြပါသည်။ မတရားမှုကို မခံနိုင်သောမှူးမတ်၊ နယ်စား၊ သာသနာပိုင်ရဟန်း Archbishop တို့ကဘုရင်ကို နှုတ်ဖြင့်တစ်မျိုး၊ စည်းဝေးဆုံးဖြတ်ချက်များဖြင့် တစ်ဖုံတားဆီးသော်လည်း မအောင်မြင်ခဲ့ဘဲ ၁၂၁၅ခု ဇွန် ၁၅ ရက်တွင် အင်္ဂလန်ဘုရင် King John I ကို မှူးမတ်နှင့်နယ်စားတို့က London မြို့အနီး Runnymead အရပ်တွင်"ရှင်ဘုရင့်ဆန္ဒတစ်ခုထဲဖြင့် စစ်တိုက်ခြင်း၊ အခွန်ကောက်ခြင်း၊ စစ်သားစုဆောင်းခြင်း. . "တို့မပြုရ၊ မှူးမတ်နှင့် သာသနာပိုင်ဘုန်းကြီး Archbishop တို့နှင့်တိုင်ပင်၊ သဘော တူညီချက်ရယူရမည်ဟု သဘောတူစာတမ်းကြီး MAGNA CARTA (Great Charter)ကို လက်မှတ်ရေးထိုးခဲ့သည်။

အနှစ် ၈၀၀ကျော်ခဲ့ပြီးဖြစ်သော Constitution ဖွဲ့စည်းပုံအခြေခံဥဒေများ၏ မူလအစ MAGNA CARTA ကို စာရေးသူကိုယ်တိုင် UK နိုင်ငံတွင်မြင်တွေ့ခဲ့ရပြီး (လက်တင်ဘာသာဖြင့်ရေးထားသည်။)ထိုအချိန်မှစ၍ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတို့တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာခဲ့သည်။ အဆိုပါ အယူအဆကို လက်ခံကျင့် သုံးသော (အဓိကဥရောပ)နိုင်ငံများသည် ကမ္ဘာပေါ်တွင် တည်ငြိမ်သော အစိုးရများ၊ လူထုအကျိုးပြုအစိုးရများကြောင့် သာယာဝပြောသော ဘဝများကိုရာစုနှစ်ပေါင်းများစွာ ရရှိခဲ့ကြပါသည်။

၂၀၁၉အထိ မြန်မာတစ်နိုင်ငံတွင်သာရှိသော ယူနီဖောင်းဝတ်၊ စစ်တပ်နှင့်ရဲတို့၏ ကိုယ်စားလှယ်များက လွှတ်တော်တွင်နေရာယူဆဲဖြစ်ပါသည်။ စစ်တပ်သည် အလုပ်အမှုဆောင်အဖွဲ့ Executive branch ၏ အဖွဲ့အစည်း (ဝန်ထမ်း)တစ်ရပ်သာဖြစ်ပြီး လူမှုအဖွဲ့အစည်းကိုကာကွယ်ရန်ဖြစ်ပြီး ဘယ်လိုပုံဖော်ရမည်ဟု အမိန့်ပေး ရန်မဟုတ်ပါ။ An army in a country is to defend not to define society.

Separation of Power အာဏာခွဲဝေခြင်းသည် အစိုးရ၏ပုံစံ Model for the government of a state ဖြစ်ပြီး အစိုးရ၏ မဏ္ဍိုင်များကို အသီးသီးခွဲခြားထားခြင်းဖြစ်ပါသည်။ မဏ္ဍိုင်သုံးရပ် Trias Politica ခွဲခြားမှုသည် အများဆုံးဖြစ်ပါသည်။ အဓိကမှာ တာဝန်ခွဲဝေခြင်း Division of Respon-sibility ဖြစ်ပြီးအာဏာရှင် Autocrat မဖြစ်ပေါ်အောင် အာဏာကို လူတစ်ဦးထဲ၊ တစ်ဖွဲ့ထဲ၊ တစ်အုပ်စုထဲတွင် စုပြုံမထားဘဲ ဖြန့်ဝေတာဝန်ယူခြင်းဖြစ်ပါသည်။ မဏ္ဍိုင်တစ်ရပ်က အခြားမဏ္ဍိုင်အပေါ် မလိုအပ်ဘဲ လွှမ်းမိုးဩဇာသက်ရောက်မှုရှိလျှင် အာဏာ လွန်ကျူးမှုဖြစ်ပါသည်။ Tyranny ပေါ်ပေါက်တတ်သည်။

အတွေးခေါ်ပညာရှင် အရစ္စတိုတယ် Aristotle ကရှေးခေတ်ဂရိနိုင်ငံမြို့ပြအစိုးရများ City States အတွက် Senate, Consuls နှင့် Assemblies စသည်ဖြင့်ခွဲခြားသတ်မှတ်ပေးခဲ့ပါသည်။ John Calvin (1509-1564) သည် ခေတ်သစ်ပညာရှင်တို့တွင် အာဏာခွဲဝေရေးကို ပထမဆုံးရေးသားခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံရေးအကြွင်းမဲ့အာဏာပိုင်မှု Political Absolutism ကိုဆန့်ကျင်တားဆီးခဲ့ပါသည်။ သာမန်လူတိုင်း၏ အခွင့်အရေးနှင့် ဘဝသာယာရေး Rights and well being of ordinary people ကိုရရှိအောင် ဆောင်ရွက်ခဲ့ သည်။ CE 1620 တွင်နယ်သစ်ရှာဖွေရောက်ရှိလာသူများက မြောက်အမေရိကတိုက်တွင် Plymouth Colony ဖွဲ့စည်းလျက် ဘုရင်၏အာဏာလွန်ကျူးမှု၊ လွတ်လပ်စွာကိုးကွယ်ခွင့်ပိတ်ပင်မှုတို့ကို မလိုလားသဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်ကျော်ပြီး နိုင်ငံသစ်ထူထောင်ခဲ့သည်။ Bipartite Democratic System of Government (မဏ္ဍိုင်နှစ်ရပ်ရှိသော အစိုးရအုပ်ချုပ်ပုံနည်း)ကို ဖွဲ့စည်းပုံတွင်ရေးသားဖော်ပြခဲ့သည်။ လွှတ်တော်နှင့်တရား စီရင်ရေး Legislature and Judiciary ကို တိုက်ရိုက်ရွေးကောက်ပြီး "အထွေထွေရုံးတော် General Court"ဟု ခေါ်သည်။ ဥရောပမှ လွတ်လပ်မှုကိုလိုလားသူတို့ ပိုမိုရောက်ရှိလာရာ စုစုပေါင်း ၁၃နိုင်ငံသည် မိမိတို့၏ ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် လွတ်လပ်စွာဆုံးဖြတ်ရွေးချယ်အုပ်ချုပ်ခဲ့ကြသည်။ စာအုပ်များရေးသားထုတ်ဝေသဖြင့်အဆိုပါ"လွတ်လပ်သောတိုင်းပြည် ၁၃ခု"တို့၏ အကြောင်းများကို ဥရောပရှိမိခင်နိုင်ငံတို့က သိရှိလာကြသည်။ John Locke (1632-1704)ကလွှတ်တော်နှစ်ရပ် Bicameralism ထားရှိခြင်း၏ အကျိုးများ ကိုရေးသားခဲ့သည်။

Montesquieu ၏အစိုးရမဏ္ဍိုင်သုံးရပ်ခွဲခြားရေးအယူအဆကို သူ၏ The Spirit of the Laws (1748)တွင်ရေးသားခဲ့သည်။ ထိုအချိန်မှစ၍ အာဏာခွဲဝေ Separation of Power ခြင်းဖြင့်တန်ခိုးအာဏာချိန်ခွင်လျှာ (Checks and Balances)ကို အစိုးရ၏မဏ္ဍိုင်တို့ အပြန်အလှန်ကြပ်မတ်စောင့်ကြည့် ညှိနှိုင်းပေးကြသဖြင့် ဥရောပတွင် အာဏာရှင်ဝါဒ တဖြည်းဖြည်း ပပျောက်လာပြီး ပိုမိုတည်ငြိမ်စီးပွားတိုးတက်သော အစိုးရများကြောင့် လူထု၏ကျန်းမာရေး၊ လူမှုရေးနှင့်စီးပွားရေးတို့ တိုးတက်လာခဲ့သည်။ အစိုးရ၏မဏ္ဍိုင်တစ်ရပ်က တရားလွန်အာဏာဖြင့် အခြားမဏ္ဍိုင်နှစ်ခုကို လွှမ်းမိုးထိန်းချုပ်လျှင် လူထုအတွက် အုပ်ချုပ်သူ(ဘုရင်နှင့်အ စိုးရ)သည် ရန်သူမျိုးငါးပါးတွင် ပါရှိသည့်အတိုင်း အလွန်ဆိုးညစ်၊ ယုတ်မာ၊ ရက်စက်ကြသည်ကို မြန်မာတို့ ခါးသီးရှုံရှာဖွယ်ကြုံတွေ့ရလျက် ရှိပါသည်။ Immanuel Khant ကလည်း the problem of setting up a state can be solved even by a nation of devils so long as they possess an appropriate Constitution to pit opposing factions against each other. "ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အစိုးရမဏ္ဍိုင်သုံးရပ်ကို အပြန်အလှန်ရင်ဆိုင်ထိန်းပေးထားနိုင်လျှင် တိုင်းပြည်၏အစိုးရတစ်ခုကို ဘီလူး၊ သဘက်၊ လူယုတ်မာများနှင့်ဖွဲ့စည်းနိုင်ပါသည်။ အခြေခံဥပဒေဖြင့် အာဏာသုံးရပ်ခွဲခြားထားပြီး တကယ်ထိရောက်စွာ လိုက်နာစေလျှင် ဘယ်လို လူမျိုးမဆို အစိုးရဖွဲ့နိုင်ပါသည်ဟုဆိုလိုပါသည်။ Constitution တစ်ခုဤမျှအရေးကြီးပြီး နိုင်ငံတိုင်းက အသက်တမျှ အလေးထားလိုက်နာကြပါသည်။ အစိုးရအဖွဲ့အချင်းချင်းအတိုက်အခံပြုလုပ်ထားလျှင် လူထု လွတ်လပ်ပျော်ရွှင်ကြီးမားပါသည်။ အစိုးရက လူထုကို အာဏာအားကိုးမတရားပြုလုပ်ခြင်းမှ ကာကွယ်ရန်အတွက် Separation of Power ကိုလက်တွေ့လိုက်နာရန်လိုအပ်ပါသည်။

နိုင်ငံတစ်ခု၏ဖွဲ့စည်းပုံအခြေခံဥပဒေသည်အစိုးရကိုထိန်းသိမ်းသော ဥပဒေများနှင့် နိုင်ငံသားတိုင်း၏ အခွင့်အရေးနှင့် တာဝန်များကို ဥပဒေပြုထားခြင်းဖြစ်သည်။ The constitution of a country is a set of rules regulating the power of its government and the rights and duties of its citizens ဖြစ်ပါသည်။ ရေးသားမှတ် တမ်းတင်သော အခြေခံဥပဒေ Written, Codified in a single document များသည် စစ်ပွဲများ၊ တော်လှန်ရေးများ၊လွတ်လပ်ရေးမရခင် ကြိုတင်ပြင်ဆင်သည့်အခါများတွင် ရေးလေ့ရှိသည်။ UK, New Zealand နှင့် Canada တို့တွင် ဗြိတိသျှကိုလိုနီတို့၏ ပုံစံအတိုင်း တဖြည်းဖြည်းဖြစ်ပေါ် တိုးတက်တည်ငြိမ်သဖြင့် (Evolution) တစ်စု တစ်ပေါင်းတည်းရေးသော ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပါ။

ရေးသားမှတ်တမ်းရှိသော Written Constitution တွင် နိုင်ငံ၏ အမြင့်ဆုံးအာဏာသည် အမြင့်ဆုံးတရား ရုံးတွင်ရှိပါသည်။ သီးခြားရေးသားခြင်းမရှိသည့် Unwritten Constitution ကျင့်သုံးရာ UK နိုင်ငံတွင် အမြင့်ဆုံး အာဏာသည် လူထုက လွတ်လပ်စွာရွေးကောက်တင်မြှောက်ထားသော ပါလီမန်တွင်ရှိပါသည်။ ပါလီမန်၏ အချုပ်အခြာ Parliament Sovereignty နှင့်တရားဥပဒေစိုးမိုးရေး Rule of Law တို့သည် UK ၏အဓိကထောက် တိုင်နှစ်ခု Two Pillars of the UK Constitution ဖြစ်သည်ဟု AV Dicey ကသူ၏စာအုပ် Introduction to the study of the law of the Constitution (CE 1885)တွင်ရေးခဲ့သည်။

UK ၏ပါလီမန်သည် ယနေ့ထက်တိုင် အချုပ်အခြာအာဏာပိုင် Sovereignty တစ်ခုသဖွယ်တည်ရှိပြီး မည်သည့်ဥပဒေကိုမဆို ရေးခွင့်၊ ပယ်ဖျက်ခွင့်ရှိသည်။ UK ပါလီမန်(လွှတ်တော်)ကိုယ်စားလှယ်များသည် လူထုနှင့်အလွန်နီးကပ်ကြပြီး လူထုဆန္ဒကို ချက်ချင်းဖော်ပြဖြေရှင်းပေးတတ်သည်။ ပါလီမန်တစ်ခုတည်းကသာ ဥပဒေတစ်ခုကို ပြုနိုင်၊ ပြင်နိုင်၊ ဖျက်နိုင်သည်။ မည်သူတစ်ယောက်မျှ မည်သည့်အဖွဲ့အစည်းကမှ စွက်ဖက်ပိုင်ခွင့်မရှိပေ။ ဥရောပတွင် ခေတ်စားနေသော Liberal Democracy လစ်ဘရယ်ဒီမိုကရေစီဝါဒသည်လည်း အာဏာသည်လူထုထံမှာရှိသည်။ လူထုကသာဥပဒေများကို ပြောင်းနိုင်၊ ပြင်နိုင်၊ ရေးနိုင်၊ ပယ်ဖျက်နိုင်သည်။ Ultimate authority is vested in the people so that they must be involed in Constitutional change UK ပါလီမန်ကသာ အစိုးရ၏ စနစ်၊ ပုံစံကို ပုံဖော်သည်။ "UK parliament determines the system of government.."

ဥပဒေအကြောင်းအရ အချုပ်အခြာအာဏာပိုင်ခြင်း Legal Soverei-gnty နှင့်နိုင်ငံရေးအရ အချုပ်အခြာ အာဏာပိုင်ခြင်း Political Sovereignty တို့သည် ဒီမိုကရေစီနိုင်ငံများတွင် သီးခြားရပ်တည်သော အယူအဆ နှင့်ကျင့်သုံးပုံတို့ဖြစ်ပါသည်။

Rule of Law တရားဥပဒေစိုးမိုးရေးသည် နိုင်ငံရေးအယူအဆတစ်ခုသာမကဘဲ လူမှုရေး၊ စီးပွားရေးနှင့် လူတို့နေ့စဉ်ကိစ္စတိုင်းတွင် ပါဝင်လျက်ရှိပါသည်။တရားဥပဒေအတိုင်းပြောဆိုကျင့်ကြံမှုလူ့ဘောင်တစ်ခုSociety တည်ငြိမ်၊ တည်မြဲပါသည်။ တရားဥပဒေစိုးမိုးရေးဆိုသဖြင့် လူထုကသာ လိုက်နာကြရန် မဟုတ်ဘဲ အုပ်ချုပ်သူက စတင်နမူနာပြလိုက်နာမှ လူထုကယုံကြည်စွာလိုက်နာပါသည်။ Rule of law is a fundamental requirement for law or a procedural device by which those with power rule under the law တရားဥပဒေများ၏ မူလအခြေခံလုပ်ထုံးလုပ်နည်းများအတိုင်း အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူက တရားနည်းလမ်းတကျပြုမူဆုံးဖြတ်ခြင်းဖြစ်ပါသည်။ အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူက တရားနည်းလမ်းကျလျှင် (Rule of Law ရှိလျှင်)လူထုက အလိုလျောက်ဥပဒေကိုလိုက်နာကြပါလိမ့်မည်။ တရားဥပဒေတစ်ခု၏ရည်ရွယ်ချက်မှာ လူတစ်ဦးချင်း ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဖြစ်သည်။ The purpose of law is to enable citizens to live within the law ဖြစ်ပါသည်။ လူတိုင်းလိုက်နာနိုင်ရန် ဥပဒေတစ်ခုသည် ရှင်းလင်း၊ မျှတ၊ မျက်နှာလိုက်မှုကင်းရပါမည်။ ထို့ ကြောင့် ဥပဒေတစ်ခုကို လူတိုင်းလိုက်နာရန် (တရားဥပဒေစိုးမိုးရန်)ဒီမိုကရေစီနည်းကျရွေးကောက်ထား သော အစိုးရ Democratically elected government တာဝန်ယူသောအစိုးရ Responsible government နှင့် လူထုဆန္ဒကို လိုက်လျောတုံ့ပြန်သောအစိုးရ Responsive government တို့ရှိရပါမည်။

Rule of Law ဆိုသည်မှာ နိုင်ငံသားတစ်ဦးချင်းစီသည် ဥပဒေအရ တားမြစ်ထားခြင်းမရှိသည့်ကိစ္စကို လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ အစိုးရဝန်ထမ်းများက ဥပဒေက ခွင့်ပြုခြင်းမရှိလျှင် မကျူးလွန်ရ " Citizens are free to do anything that is not sepcifically prohibited under law, but government agents are prohibited from doing anything that is not specifically allowed by case law or statue."

Liberal Democracy ဝါဒကိုလက်ခံသော စာရေးသူ၏ အမြင်တွင် လူထုသည်သာ အာဏာပိုင်ဖြစ်သည်။ People are sovereign in democra-cy လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်ကို ကာကွယ်သည့်နိုင်ငံရေး စနစ်တွင် အာဏာခွဲဝေခြင်း Separation of power သည်မရှိမဖြစ်လိုအပ်သည်။ လွတ်လပ်မှု Liberty means the right to do whatever the law permits ဆိုသည်မှာ ဥပဒေကခွင့်ပြုသမျှကို အပြည့်အဝ လုပ်ခွင့်ရခြင်းဖြစ်ပါသည်။ လွှတ်တော်က ဥပဒေပြုရမည်(Parliament makes law)၊ အလုပ်အမှု ဆောင် (သမ္မတ၊ဝန်ကြီးချုပ်နှင့်ဝန်ကြီးတို့ကစစ်တပ်နှင့်ရဲအပါအဝင်)အဖွဲ့က လွှတ်တော်ကအတည်ပြု ချမှတ်သော ဥပဒေများအတိုင်း အကောင်အထည်ဖော်ရမည်။ Executive branch is to carry out (execute) the law. တရားသူကြီးက ငြင်းခုံမှုများကို တရားဥပဒေနည်းလမ်း တကျ ဖြေရှင်းပေးရမည်။ (Judiciary branch is for resolving disputes according to the law.)အဆိုပါအဖွဲ့ (မဏ္ဍိုင်)သုံးရပ်သည် မည်သူမျှမည် သူ့ထက်နိမ့်သည်မြင့်သည်မရှိ။ ပန်းသီးကပန်းသီး၊ လိမ္မော်သီးကလိမ္မော် သီးဖြစ်ပြီး နှိုင်းယှဉ်ပြိုင်နေခြင်းမဟုတ်ဘဲ အပြန်အလှန်ထိန်းထား ရန်သာ ဖြစ်သည်။

အစိုးရဝန်ထမ်းအားလုံး(စစ်သားနှင့်ရဲအပါအဝင်)အပြင် နိုင်ငံသားတိုင်းမိမိတို့၏တာဝန် duty ကို သိလျက် ဥပဒေကခွင့်ပြုသမျှ အပြည့်အဝလုပ်မှ လူတိုင်းလုံခြုံအေးချမ်းမည်။ ဥပဒေ၏ကာကွယ်ပေးမှုအောက် တွင် ငြိမ်းချမ်းသာယာမည်။ အထူးသဖြင့် အုပ်ချုပ်သူများက မိမိအားအပ်နှင်းထားသော တာဝန် Duty နှင့်လုပ် ပိုင်ခွင့် Authority ကိုပါဝါ Power ဟု အလွဲမသုံးအောင် ဥပဒေဖြင့်တားမြစ်ရမည်။

ထို့ကြောင့် Separation of power အာဏာခွဲဝေမှုရှိမှ မြန်မာလူမျိုးတို့ လွတ်လပ်ပါမည်။ နိုင်ငံခြားသား အုပ်ချုပ်မှုအောက်မှ လွတ်မြောက်တိုင်း လွတ်လပ်ရေးမရပါ။ ဗြိတိသျှကိုလိုနီခေတ်မှ ဦးနုခေတ်အထိ အာဏာခွဲဝေမှုထင်ရှားစွာရှိလျက် အစိုးရအဖွဲ့သုံးရပ်၏ တန်ခိုးအာဏာချိန်ခွင်လျှာကို ကောင်းစွာညှိနှိုင်းထားခဲ့သည်။ ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းပြီး ၁၉၆၂ မတ်လမှ စ၍ အဆိုပါ စနစ်ကိုဖျက်ခဲ့ပြီး အရာရာကို စစ်တပ်ဖြင့်အစား ထိုးခဲ့သည်။ မလေးရှားနိုင်ငံကို လွတ်လပ်ရေးယူပါ ဟု UK အစိုးရ ဒုတိယကမ္ဘာစစ်ကြီးအ ပြီးတွင် ကမ်းလှမ်းသော်လည်း (၁)Institution များခိုင်မာရန် (၂)မလေးလူမျိုးတို့ မိမိတိုင်းပြည်ကို လူလိုအုပ်ချုပ်တတ်အောင် နောက်(၁၀)နှစ်ခန့်ဆိုင်းလျက် လွတ်လပ်ရေးယူခဲ့သည်။ ပြည်တွင်းစစ်ကို Common Wealth ဓနသဟာယစစ်တပ်ဖြင့် (စစ်တိုက်စရာမလိုဘဲ)ငြိမ်းချမ်းစေခဲ့သည်။ ယခုမြန်မာတို့ မလေးရှားနောက် အဝေးမှာ ပြတ်ကျန်ရစ်သည်မှာ (၁)အစိုးရအဖွဲ့ Institution များ အဖျက်ခံရခြင်း (၂)Rule of law ဥပဒေစိုးမိုးရေး မရှိဘဲစစ်စိုးမိုးရေးသာရှိခြင်း (၃) Separation of power အာဏာခွဲခြားသောအစိုးရမဏ္ဍိုင်မရှိသဖြင့် အားလုံး စစ်ဗိုလ်ချုပ်အလိုကျ အုပ်ချုပ်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ဤသုံးရပ်မပြည့်စုံလျှင် ကမ္ဘာ့နိုင်ငံကြီးများ IMF နှင့် ကမ္ဘာ့ဘဏ်တို့က FDI နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုမပြုပါ။ မြန်မာအများစု ပိုဆင်းရဲပိုဒုက္ခရောက်ပါလိမ့်မည်။ ချမ်းသာနေသော ဗိုလ်ချုပ်များ၏ သားသမီး၊ မြေးတို့လည်း ဆင်းရဲဒုက္ခဒဏ် မုချခံရပါလိမ့်မည်။ မလွတ်နိုင်ပါ။

အစိုးရတစ်ခုတည်တံ့နေရန်နှင့် တရားဝင် legitimate ဖြစ်ရန် လူထု၏လိုအင်ဆန္ဒကို နားထောင်လိုက်နာ လျက်လူထုနှင့် ထပ်တူရည်ရွယ်

စာမျက်နှာ (၂၀) သို့

www.free4readers.com

# တက္ကသိုလ်တိုင်းရင်းသားအနုပညာဖလှယ်ရေးအဖွဲ့ကြီးတည်ထောင်သင့်ကြောင်း အဆိုတင်သွင်းခဲ့သူ၊ တက္ကသိုလ်ချင်းလေး (သို့မဟုတ်) တောင်ပေါ်သားရဲဘော်ခင်မောင် (သို့မဟုတ်) ကြွေလွင့်ခဲ့သော တောင်ဇလပ်ပန်းတစ်ပွင့်လဲ့လဲ့မောင်း (သို့မဟုတ်) ကဗျာဆရာ၊ စာရေးဆရာ

## ချင်းတောင်ကင်းမောင်(၁၉၂၉-၁၉၈၅)

□ ဇော်ဝင်းထွန်း □

ရှာဖွေတူးဆွခြင်း ၂၃၁



ငယ်သူငယ်ချင်း(ကို)ဝင်းဆွေနှင့်နှယ်ကာ အရှိတိုင်းရင်းသား(ကို) ဆလိုင်းအောင်မင်းလှိုင်နှင့်ခင်မင်ရင်းနှီးခဲ့ချိန်မှစပြီး ကျွန်တော်တို့သည် ရန်ကုန်မြို့ထဲက ရထားနာမှာ၊ လာဘ်ဖူးပွင့်မှာ၊ ရွှေဝယ်ထွန်းမှာ ချိန်းပြီး လက်ဖက်ရည်ဆိုင် ထိုင်တတ်ကြစဉ်ကတည်းက ကျွန်တော်မှကိုဆလိုင်းကို ချင်းပြည်နယ်က စာရေးဆရာတွေအကြောင်း မေးခဲ့ဖူးတာကိုသတိရသည်။ ဤ၌ ကေ(တောင်တန်းပြာ)၊ ကောလ်ထန်မောရီယယ်၊ မင်းတပ်သူနိန်း၊ ကျင်ဒွေးဘမောင်၊ ဦးအယ်လ်ဗွေကော်တို့နှင့်အတူ ချင်းတောင်ကင်းမောင်ဆိုသော စာရေးဆရာပါသည်။ သူ့စာတွေကို ကျွန်တော်တို့မကြာခဏ ဖတ်နေရတာမို့လည်း မှတ်မိနေသည်။

တစ်ခါလွန်ခဲ့သော ၁၅နှစ်လောက်က ဆရာမောင်ဆုရှင်ရှိစဉ်တွင် စွယ်စုံနှစ်ချုပ်(Year Book)ကွယ်လွန်ထင်ရှားကဏ္ဍ၌ ချင်းတောင်ကင်းမောင် အကြောင်း ထည့်ရေးရန်ပြောခဲ့ဖူးတာကိုလည်း သတိရသည်။

ချင်းတောင်ကင်းမောင်သည် မြန်မာစာပေနယ်မှာ နေရာတစ်နေရာရှိထားခဲ့တာကို ပြောလိုရင်းဖြစ်ပါသည်။ အထူးသဖြင့် ဆရာချင်းတောင်ကင်းမောင်သည် ချင်းရိုးရာဓလေ့ထုံးစံများအကြောင်းကို မြန်မာစာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးရာ၌ တစ်စိုက်မတ်မတ်ရေးသားခဲ့သူတစ်ဦးဟု ပြောနိုင်ပါသည်။ စာမူများစွာထဲမှ နမူနာတစ်ခုထုတ်ကြည့်ပါမည်။

"သူတို့သည်ကားချင်းတောင် အုပ်ချုပ်ရေးဥပဒေ(Chin Hills Regulation)၏ တင်းကျပ်သည့်ဖိနှိပ်မှုအောက်မှ လူးလွန့်ခဲ့ကြသူများဖြစ်ပေသည်။ နယ်ချဲ့တို့၏ သွေးခွဲမှုကိုငြင်းပယ်ကာ ပြည်မရှိသွေးချင်းများနှင့် ပြန်လည်လက်တွဲခဲ့ကြသူများဖြစ်ပေသည်။

သခင်အောင်မောင်း၊ သခင်အောင်မင်း၊ သခင်အောင်ညွှန့်၊ သခင်အောင်ဖေ၊ သခင်အောင်ရွှေစသည်ဖြင့်. . .။ ဤကား အောင်ပါသောအမည်များဖြစ်သည်။ ချင်းအမည်များမှာ ဦးဝမ္မသူးမောင်၊ ဦးကီးဖေလိန်း၊ ဦးန္တီးသာအောင်နိန်၊ ဦးန္တီးသာအောင်လိန်း၊ ဦးခွဲလုံအောင်ပိုင်းဟူ၍ ဖြစ်သည်။ အခြားအမည်ဖြင့် ခေါင်းဆောင် များလည်း အများအပြားပင်။ သခင်ကြာန်စုံ၊ သခင်ဘမောင်၊ သခင်ဘတင်၊ သခင်ချော၊ သခင်ပုစသည်ဖြင့် ၃၀၀ကျော်ရှိသည်။

အထက်အမည်ပါ ခေါင်းဆောင်များထဲမှ အားလုံးနီးပါးမှာ ယခုအခါကွယ်လွန်ကြလေပြီ။ သခင်ဘမောင်(ယခုခွိုးရိမ်ရွာ)နှင့် သခင်အောင်ရွှေ(ယခုတောင်ငူမြို့)တို့သာကျန်ရှိကြတော့သည်။ သခင်အောင်မင်း (နိုင်ငံတော်ကောင်စီဝင်)ဆိုလျှင် လွန်ခဲ့သည့် (၃-၆-၈၂)နေ့ ကွယ်လွန်သွားသည်။

အထက်ပါခေါင်းဆောင်ကြီးများသည် ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ကြသည်။ သူတို့သည်ချင်းတောင်အား ခြွင်းချန်ထားသောဒေသ (Scheduled Area) အုပ်ချုပ်ထားခြင်းကို မလိုလား။ ယင်းသို့ အုပ်ချုပ်ခြင်းမှာ တိုင်းရင်းသားများအား သွေးခွဲ၍ အုပ်ချုပ်ခြင်းဟု မြင်ကြသည်။ ထို့ကြောင့် ချင်းတောင်ကို ပြည်မ ၉၁ ဌာန အုပ်ချုပ်ရေးထဲ သွတ်သွင်းပေးရန်တောင်းဆိုကြသည်။ မြန်မာစာသင်ကျောင်းများ ဖျက်သိမ်းထားခြင်းကိုလည်း ပြန်ဖွင့်ခွင့်ပေးရန် တောင်းဆိုကြသည်။ ဖိနှိပ်မှုများအားလုံးရပ်စဲ၍ နယ်မြေဖွံ့ဖြိုးရေးများဆောင်ရွက်ပေးရန် တောင်းဆိုကြသည်"

၎င်းသည် ၁၉၈၃ခုနှစ်၊ နိုဝင်ဘာလထုတ် စာပေလုပ်သားမဂ္ဂဇင်းပါ ဆရာချင်းတောင်ကင်းမောင်၏ "အုတ်တစ်ချပ်သဲတစ်ပွင့်"ဆောင်းပါးမှ ကောက်နုတ်ချက်ဖြစ်သည်။ ချင်းတောင်တန်းဒေသ၏နယ်ချဲ့ဆန့်ကျင်ရေးပြကွက်တစ်ကွက်ကို လှစ်ပြထားခြင်းဖြစ်သည်။ ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ကြသည့် သခင်အမည်စာရင်းကိုဖော်ပြပြီး ချင်းလူမျိုးတို့၏ပြည်ထောင်စုစိတ်ဓာတ်ရှိပုံကို မီးမောင်းထိုးပြထားသော အလင်းတန်းအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ ဆောင်းပါးတစ်နေရာ၌ ရေးထားပါသေးသည်။

"ချင်းမျိုးချစ်များသည် တို့ဗမာအစည်းအရုံးနှင့် ဆက်သွယ်ကြသည့်အားလျော်စွာ သခင်အမည်ကိုခံယူကြ၏။ ဖလမ်း၌ရှိစဉ်က ဖလမ်းအရေးပိုင်ရုံးနားရောက်တိုင်း တို့ဗမာသီချင်းကိုသံပြိုင်သီဆိုကြသဖြင့် နယ်ချဲ့သမားတို့၏ မျက်စိစပါးမွေးစူးခြင်းကို ခံကြရသည်။ မြင်းခြံထောင်သို့ ရောက်သောအခါ၌ကား နေ့စဉ် နှင့်အမှုထောင်ကျ(ဗမာသခင်)များထောင်ထဲသို့ ရောက်လာသည်ကို တွေ့ကြရ၏။ သခင်တစ်ယောက်ထောင် ထဲသို့ရောက်လာတိုင်းထောင်ထဲ၌ရှိနှင့်သည့် ချင်းဗမာသခင်များက မတ်တတ်ရပ် လက်သီးလက်မောင်းတန်း၍

"သခင်မျိုးဟေ့တို့ဗမာ၊ အရေးတော်ပုံအောင်ပါစေ"ဟု ကြွေးကြော်ကြိုဆိုကြသည်မှာ ကြက်သီးမွေးညင်း ထခမန်းပင် ချင်းတောင်ညီညွတ်ရေးအဖွဲ့မှ သခင်များအဖမ်းခံရပုံ၊ နယ်ချဲ့အားထောင်ထဲမှပင် ဆန့်ပြကြပုံများကို မှတ်တမ်းတင်ထားသည်များအား တွေ့ရသည်။

ဤသို့သောချင်းပြည်နယ်၊ ချင်းလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးများကို မှတ်တမ်းပြုထားသော စာများဖြင့် ချင်းတောင်ကင်းမောင်သည် ထင်ရှားသည်။ ထို့ကြောင့် စာရေးသူ၏ဘဝကို လေ့လာကြည့်ပါမည်။

ချင်းပြည်နယ်၊ မင်းတပ်မြို့၊ ဝမ္မသူးရွာနေ ကျောင်းဆရာကြီးဦးမာန်တင်(မော်ကွန်းဝင်တတိယဆင့်)နှင့် ဒေါ် ရှယ်ရောင်တို့က ၁၉၂၉ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးကင်းမောင်ဖြစ်သည်။ သားအကြီးဆုံးဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၌ ဥပစာ(က)အထိ ပညာသင်ယူခဲ့သည်။ ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ခဲ့သည်။ ထို့နောက် မင်းတပ်မြို့မူလတန်းကျောင်းမှစတင်ကာ ရန်ကုန်တက္ကသိုလ်သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဖခင်ဦးမာန်တင်သည် ချီးချင်းတေးကဗျာများကို စီကုံးဖွဲ့နွဲ့တတ်သူဖြစ်သည်။ မင်းဘူး၊ တောင်ကြီး၊ လှိုင်မြို့နယ်များနှင့် ချင်းပြည်နယ် မင်းတပ်၊ ဟားခါးမြို့တွင် အခွန်ဦးစီးဌာနမှူးအဖြစ် အမှုထမ်းခဲ့သည်။

၁၉၄၇ခုနှစ်၊ အောက်တိုဘာလထုတ် ပြည်သူ့ရဲဘော်ဂျာနယ်တွင် "ချင်းတောင်နယ်ချဲ့တော်လှန်ရေး" ဆောင်းပါးဖြင့် စာပေလောကထဲသို့ ဝင်ရောက်ခဲ့သည်။ ၁၉၅၂-၅၃ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် "တက္ကသိုလ်တိုင်းရင်းသားအနုပညာဖလှယ်ရေးအသင်းကြီး တည်ထောင်သင့်ပြီ"ဆောင်းပါးကို ရေးသားခဲ့သည်။ ထို့နောက် "ဗုဒ္ဓလင်းရောင်ခြည်နှင့် ကျွန်ုပ်တို့ချင်းတောင်ပြည်"စာအုပ်ကို ရေးသားပြုစုခဲ့သည်။

ထို့နောက် ပေဖူးလွှာ၊ သပြေ၊ ငွေတာရီ၊ စန္ဒာ၊ စစ်ပြန်နှင့် ဒဂုန်မဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်းများတွင် "လဲ့လဲ့မောင်း၊ တက္ကသိုလ်ချင်းလေး၊ တောင်ပေါ်သားကလောင်အမည်များဖြင့် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို ရေးသားခဲ့သည်။ ထို့နောက်လူထုပညာစာစောင်၊ တိုင်းရင်းမေဂျာနယ်တို့တွင်လည်း ကဗျာများရေးသားခဲ့သည်။ ထို၌ ရှုမဝမဂ္ဂဇင်း၌ပါဝင်ခဲ့သော "ခုန်ခုန်နဲ့မုန်မုန်"ဝတ္ထုတိုက ပရိသတ်အားပေးမှုအများဆုံးရရှိခဲ့သော အနုပညာအဖြစ် ထင်ရှားသည်။ ဤသို့လျှင် ဗမာ့ခေတ်၊ ဗိုလ်တထောင်၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာများတွင်လည်း ဆောင်းပါးများရေးသားခဲ့ရာ၌ ရဲဘော်ခင်မောင်ကလောင်အမည်ကို သုံးခဲ့သည်။

၂-၈-၈၅နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီးဒေါ်အွမ်းဘိုင်းမံနှင့် သားသမီးခြောက်ယောက်ကျန်ရစ်သည်။

ဤနေရာတွင် ၁၉၅၃ခုနှစ်က ထုတ်ဝေခဲ့သော ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း(တွဲ-၃၊ မှတ်-၆)၌ တက္ကသိုလ်ချင်းလေးကလောင်အမည်ဖြင့် ရေးသားခဲ့သော "တက္ကသိုလ်တိုင်းရင်းသားအနုပညာ ဖလှယ်ရေးအသင်းကြီး တည်ထောင်သင့်ပြီ"ဆောင်းပါးမှ ကောက်နုတ်ဖော်ပြချင်ပါသည်။ ထိုဆောင်းပါး၏ အဆုံးပိုဒ်တွင် . . .

"မည်သို့ပင်ဖြစ်စေ တောင်တန်းသားလူမျိုးအသီးသီး၌ လူမျိုးခြားတို့ အတုယူဖွယ်ကောင်းသည့် ယဉ်ကျေးမှုတစ်ခုကောင်း၊ နှစ်ခုကောင်းစီတော့ အမှန်ရှိကြမည်သာဖြစ်ပေသည်။ ဤကဲ့သို့ ခေတ်မျက်စိနှင့် အံကိုက်၍တစ်ပါးသူတို့ အတုယူဖွယ်လည်းကောင်းသည့် ဓလေ့ထုံးစံအနုပညာများကို ယဉ်ကျေးမှုအနုပညာတို့၏ စုဝေးရာအချက်အချာဖြစ်သော ဤတက္ကသိုလ်ကြီးတွင် ပွဲထုတ်ကြပါလျှင် ပြည်ထောင်စုသုခုမအနု ပညာပိုမိုပြည့်စုံများပြားလာပေမည်။ ဤသို့ပိုမိုပြည့်စုံများပြားလာခြင်းဖြင့် ကျွန်ုပ်တို့ကဲ့သို့ ယခုမှစတင်၍ ပြုပြင်ရေးများ ပြုလုပ်ကြရမည့် တောင်းတန်းသားတို့အဖို့တွင် လိုရာလိုရာကို ဆွဲယူသုံးစွဲနိုင်သောကြောင့် ပို၍အကျိုးများမည့်အပြင် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအဆောက်အအုံကိုလည်း ခိုင်သည်ထက်ခိုင်အောင် အလိုလိုတည်ဆောက်ရာကျသွားပေတော့သည်။

အထူးသဖြင့် ရှေးမြန်မာတို့၏ ယဉ်ကျေးမှုအမျိုးမျိုးတို့သည် ပတ်ဝန်းကျင်ရှိ တိုင်းရင်းသားများဆီသို့ ပျံ့နှံ့နေခဲ့ရာ ၎င်းယဉ်ကျေးမှုအမျိုးမျိုးမှာ ယခုထက်တိုင် "ရှေးကျနေသေးသည့် တိုင်းရင်းသားများ၏ လက်ထဲတွင် အနည်းအများဆိုသကဲ့သို့ တည်မြဲကျန်ရှိနေပေသေးသည်။ ဤသို့ကျန်ရှိနေသော အနုပညာများတွင် စာပေဝေါဟာရနှင့် ပေါရာဏများလည်း အတော်အတန်ပါဝင်ပေလိမ့်မည်။ ထို့ကြောင့် မြန်မာတို့၏လက်ထဲတွင် တိမ်မြုပ်ပျောက်ကွယ်နေသော ယဉ်ကျေးမှုအနုပညာ၊ စာပေ၊ ဝေါဟာရ၊ ပေါရာဏအစရှိသည်တို့ကို တိုင်းရင်းသားများ၏လက်ထဲတွင် ပြန်လည်ဖော်ထုတ်နိုင်မည့် နေရာမျိုးလည်း များစွာရှိလိမ့်မည်မှာအမှန်ဖြစ်သည်။

မြန်မာတို့၏ လက်ရှိယဉ်ကျေးမှုအမျိုးမျိုးတို့ကား ၁၉၂၆ခုနှစ်ကပင်စတင်တည်ထောင်ခဲ့သော'တက္ကသိုလ် မြန်မာအသင်းကြီး'က နှစ်စဉ်ဖော်ထုတ်ပေးနေပေသည်။ ၎င်းအပြင်ရန်ကုန်တက္ကသိုလ်အနုပညာအသင်းကြီး ကိုလည်း ယမန်နှစ်ကဖွဲ့စည်းနေကြပြီဖြစ်သည်။ ယခုနှစ်တွင် ရွှေတိဂုံအနောက်မုခ်ကွက်လပ်ကြီး၌ ကျင်းပသော အနုပညာပိုင်းတွင် တိုင်းရင်းသားတို့၏အနုပညာများပါဝင်သည်ကို တွေ့ရသော်လည်း မပြည့်စုံသည့်အတွက် အားရစရာမရှိချေ။

ထို့ကြောင့် တိုင်းရင်းသားပေါင်းစုံ၏ အမြဲစုဝေးရာဖြစ်သော ဤတက္ကသိုလ်၌ "တိုင်းရင်းသားပေါင်းစုံ အနုပညာဖလှယ်ရေးအသင်းကြီးတစ်ခုကို ဖွဲ့စည်းတည်ထောင်၍ ဗဟုသုတအမျိုးမျိုးနှီးနှောဖလှယ်ခြင်းနှင့် တိုင်းရင်းသားပေါင်းစုံ အနုပညာပြတိုက်ကြီးတစ်ခုတည်ဆောက်ခြင်းတို့ကို စတင်ပြုလုပ်သင့်ကြပေပြီဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသတည်း"ဟု ရေးသားထားသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ဖဆပလအစိုးရလက်ထက်တွင် တိုင်းရင်းသားလူမျိုးများ၏ တောင်းဆိုချက်တစ်ခုအဖြစ် တွေ့ရသည်။ ဒီနေ့ခေတ်စကားနှင့် ပြောလျှင် လွှတ်တော်ထဲကအဆိုတစ်ခုနှယ်ဖြစ်သည်။ စာရေးသူ တက္ကသိုလ်ချင်းလေး(ချင်းတောင်ကင်းမောင်)၌ စေတနာတစ်ခုပါနေသည်ကို ရိပ်စားမိနိုင်မည်ထင်သည်။ ထိုစေတနာ၌ ရည်ရွယ်ချက်များစွာပါသည်။ နိုင်ငံရေး၊ လူမှုရေး၊ စာပေယဉ်ကျေးမှုအနုပညာအထိ တာသွားသည်။

ဆရာချင်းတောင်ကင်းမောင်နှင့်ပတ်သက်၍ ဆရာ့မိတ်ဆွေယောနကဖိုးထောင်ရေးခဲ့သည့် ၁၉၈၅ခုနှစ် စင်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းပါ "တောင်ဇလပ်တစ်ပွင့်ကြွေကျခြင်း"ဆောင်းပါးမှ အကွက်ကလေးတစ် ကွက်ကိုတင်ပြချင်ပါသည်။ ရှုမဝမဂ္ဂဇင်းပါ "ခုန်ခုန်နဲ့မုန်မုန်"ဝတ္ထုတိုကို လူကြိုက်များလှကြောင်း ဆရာယောနက ပြောတော့ ဆရာချင်းတောင်က

"ဟဲ့ကောင် ညီလေးရဲ့ တောထဲတောင်ထဲမှာ ကြီးလာတဲ့အကောင်၊ တောအကြောင်း တောင်အကြောင်း ရေးတာဘာဆန်းသလဲ၊ ကြိုက်မှာပေါ့ကွ၊ ဟဲဟဲ ရသစာပေက အသည်းနှလုံးကိုစွဲစေတယ်။ သုတစာပေက ဦးနှောက်ကို စွဲစေတယ်။ ဒီတော့ သုတနဲ့ရသကိုစွဲရေးရင် နှလုံးနဲ့ဦးနှောက်အကြိုက်ဖြစ်သွားတာပေါ့"ဟူ၏။

စကားလေးလှသည်။ စာရေးသူတစ်ဦး၏ စေတနာစိတ်မှလာသော စကားလေးများအဖြစ်နှင့် ပတ်ဝန်းကျင်ကို သင်းပျံ့သွားစေသော အပြောလေးဖြစ်သည်။ ချင်းတောင်ကင်းမောင်ရေးခဲ့သည့် ကဗျာလေးတစ်ပုဒ်နှင့် နိဂုံးချုပ်ပါမည်။ "ထိုနှစ်ယောက်"ဟု ခေါင်းစဉ်ပေးထားပါသည်။

*မြန်ပြည်အတွင်း၊ ရန်ပုံခွင်း၍*
*မင်းဗိုလ်အောင်ဆန်း၊ နာမည်လျှမ်းခဲ့။*
*ချင်းပြည်နယ်တွက်၊ 'မော်'ထိုးနှက်၍*
*ထန်းပက်မောင်းမှာ၊ ဂုဏ်ရောင်ဖြာခဲ့။*
*ကိုယ်ကျိုးမထောက်၊ ထိုနှစ်ယောက်၏*
*မှတ်လောက်စဉ်လာ၊ နမူနာကို*
*သစ္စာလေးချက်၊ တို့များရွက်၍*
*မပျက်လိုက်နာကြပါအံ့။*

ဤ၌ ထန်းပက်မောင်းဟူသည်မှာ နယ်ချဲ့ကိုတော်လှန်ခဲ့သူ ဦးဝမ္မသူးမောင်ကို ဆိုလိုပါသည်။ မော် ဟူသည် မင်းတပ်ချင်းများက အင်္ဂလိပ်ရန်သူကိုခေါ် ဆိုခြင်းဖြစ်သည်။ ဤကဗျာပါဝင်သည့်မဂ္ဂဇင်းမှာ တက္ကသိုလ်များ၊ ရန်ကုန်ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ထုတ်ဝေသည့် ချင်းမဂ္ဂဇင်း(၁၉၈၄-၈၅)မှဖြစ်သည်။

◆ဇော်ဝင်းထွန်း◆

www.free4readers.com

# အိန္ဒိယ – ပါကစ္စတန် လေကြောင်းတိုက်ခိုက်မှုများ

ရဲကျော်စွာ



အဏုမြူလက်နက်ကိုယ်စီပိုင်ဆိုင်နေသောအိန္ဒိယနှင့်ပါကစ္စတန် နိုင်ငံ နှစ်ခုအကြားတွင် နယ်စပ်ကက်ရှ်မီးယားပြည်နယ်အတွင်းမှ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများကြောင့် နှစ်နိုင်ငံလုံး အပြန်အလှန် ရန်စောင်စစ်ရေးတင်းမာမှု ဖြစ်ပေါ်နေရာမှတစ်ဆင့် အိန္ဒိယလေတပ်မတော်က ပါကစ္စတန်နိုင်ငံအတွင်း အခြေစိုက်ထားသည့် အစ္စလာမ္မစ် စစ်သွေးကြွအဖွဲ့တစ်ခုဖြစ်သည့် ဂျာအစ်ရှ်အီမိုဟာမက်အဖွဲ့၏ အခြေစိုက် စခန်းများကို လေကြောင်းမှဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ပါကစ္စတန်လေတပ်မတော်ကလည်း အိန္ဒိယလေတပ်မတော်မှ တိုက်ပွဲဝင်လေယာဉ်နှစ်စင်းကို တုံ့ပြန်ပစ်ချခဲ့သည်။ အိန္ဒိယပြည်သူများအတွင်း ပါကစ္စတန်ဆန့် ကျင်ရေး စိတ်လှုပ်ရှားခံစားချက်များကို ပြန်လည်လျှော့ချရန် ရည်ရွယ်ချက်ဖြင့် ပါကစ္စတန်ပြုပြင်ပြောင်းလဲရေးဝါဒ အစိုးရက ဖမ်းဆီးရမိထားသော အိန္ဒိယလေသူရဲကို ချက်ချင်းပြန်လွှတ်ပေးလိုက်သည်။

## စတင်တိုက်ခိုက်ခြင်း

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက် မနက်ပိုင်း အရုဏ်မတက်မီအချိန်မှာပင် အိန္ဒိယလေတပ်မတော်မှ ပြင်သစ်နိုင်ငံထုတ် မီရာ့ချ် ၂၀၀၀ အမျိုးအစား တာတိုဘက်စုံသုံးတိုက်လေယာဉ် ၁၂ စီးသည် နယ်စပ် ထိန်းချုပ်ရေးမျဉ်း (Line of Control) အား ဖြတ်ကျော်ပျံသန်းကာ ပါကစ္စတန်နိုင်ငံဘက်ခြမ်းရှိ ခိုင်ဘာပထန်ခွာပြည်နယ် ဘလာကော့တ်မြို့အနီးရှိဂျာ အစ်ရှ်အီမိုဟာမက်အမည်ခံ အစ္စလာမ္မစ် စစ် သွေးကြွ အကြမ်းဖက်အဖွဲ့၏ အခြေစိုက်စခန်းကို လျှပ်တစ်ပြက် စတင်တိုက်ခိုက်ခဲ့သည်။ ထိုအခြေစိုက်စခန်း သည် ဂျာအစ်ရှ်အီမိုဟာမက် စစ်သွေးကြွအဖွဲ့၏ ပါကစ္စတန်နိုင်ငံအတွင်းရှိအခြေစိုက်စခန်းများအနက် အကြီးမားဆုံး အခြေစိုက်စခန်း ဖြစ်သည်။

ထိုလေကြောင်းတိုက်ခိုက်မှုအားအိန္ဒိယအစိုးရဘက်မှ စစ်ရေးမဟုတ်သော လက်ဦးမှုယူ ကြိုတင် တိုက်ခိုက်ခြင်း(Non-Military Pre-Emptive Strike) အဖြစ် အမျိုးအစား သတ်မှတ်ထားသည်။စစ်ဆင်ရေးအား အိန္ဒိယထောက်လှမ်းရေးမှဦးဆောင်ခဲ့သည်။ ဂျာအစ်ရှ်အီမိုဟာ မက်အဖွဲ့သည် အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လာနိုင်ကြောင်း ထောက်လှမ်းရေးသတင်းများ ကြိုတင်ရရှိခဲ့သည့်အတွက် ယခုကဲ့သို့ လက်ဦးယူ ကြိုတင်တိုက်ခိုက်ခြင်း ဖြစ်သည်ဟုဆိုသည်။

မီရာ့ချ် ၂၀၀၀ အမျိုးအစား တိုက်လေယာဉ်များမှ ကီလိုဂရမ် တစ်ထောင် လေဆာရောင်ခြည်လမ်းညွှန် ပဲ့ထိန်းဗုံးများ (Laser Guided Bombs) ဖြင့် တိုက်ခိုက်ခြင်းကြောင့် အခြေစိုက်စခန်းအတွင်းရှိ စစ်သွေးကြွ အစ္စလာမ္မစ်အကြမ်းဖက်သမား ၃၀၀ကျော် သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ထားသည်။ အသေခံတိုက်ခိုက်ရန် လေ့ကျင့်ပေးထားသော အကြမ်းဖက်သမားများ၊ လေ့ကျင့်ရေးနည်းပြများ၊ ဝါရင့်အကြမ်းဖက်ခေါင်းဆောင်များ၊ ဂျေဟဒ်အစ္စလာမ္မစ် ဘာသာရေးစစ်ပွဲအဖွဲ့ဝင်အများအပြားကို ယခုတိုက်ခိုက်မှုအတွင်း ချေမှုန်းသုတ်သင်နိုင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗိဂျေဂိုခေးလ်က ထုတ်ပြန်ပြောဆိုသည်။

ပထမဆုံး လေကြောင်းတိုက်ခိုက်မှုကို နံနက် ၃ နာရီ ၅၀ မိနစ်နှင့် ၄ နာရီ ၁၀ မိနစ် အကြားတွင် ၁၉ မိနစ်ကြာ အချိန်တိုအတွင်း တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ထိုပထမဆုံးပွဲဦးထွက် လေကြောင်းတိုက်ခိုက်မှု အတွင်း အိန္ဒိယလေတပ်မှ တိုက်လေယာဉ်များ ထိခိုက်ပျက်ကျဆုံးရှုံးမှု မရှိခဲ့ပေ။

ဂျာအစ်ရှ်အီမိုဟာမက် အဖွဲ့သည် ၂၀၀၁ ခုနှစ်က အိန္ဒိယလွှတ်တော်အဆောက်အဦအားအကြမ်း ဖက်တိုက်ခိုက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပထန်ကော့တ်လေတပ်အခြေစိုက်စခန်းအားတိုက်ခိုက်ခဲ့သောအဖွဲ့အစည်းလည်း ဖြစ်သည်။

ယခုလေကြောင်းတိုက်ခိုက်မှုသည် ယခင်အခေါ် အရှေ့ပါကစ္စတန် ယခုအခေါ် ဘင်္ဂလားဒေ့ရှ် ခွဲထွက်ရေးစစ်ပွဲ ဖြစ်ပွားခဲ့သည့်အချိန် ၁၉၇၁ ခုနှစ် အိန္ဒိယ-ပါကစ္စတန် စစ်ပွဲအတွင်း လေကြောင်းတိုက်ခိုက်မှုများနောက်ပိုင်း အိန္ဒိယလေတပ်က ပါကစ္စတန်နိုင်ငံတွင်း ပထမဆုံးအကြိမ် လေကြောင်းတိုက်ခိုက်မှု ပြန်လည်စတင်လာခဲ့ခြင်းလည်း ဖြစ်သည်။

## မီရာ့ချ် ၂၀၀၀ တိုက်လေယာဉ်များ

မီရာ့ချ် ၂၀၀၀ တိုက်လေယာဉ်များသည် ပြင်သစ်နိုင်ငံမှ ထုတ်လုပ်သည့် စတုတ္ထမျိုးဆက် လေကြောင်းအသာစီးရ ဘက်စုံသုံးတိုက်လေယာဉ်အမျိုးအစားဖြစ်သည်။ အင်ဂျင်တစ်လုံးတပ် လေသူရဲ တစ်ယောက်စီးအပေါ့စားတာတိုတိုက်လေယာဉ် အမျိုးအစားဖြစ်ပြီး မူလထုတ်လုပ်စဉ်က လေကြောင်းအသာ စီးရ တိုက်လေယာဉ်အဖြစ် ရည်ရွယ်ထုတ်လုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် မျိုးဆက်သစ်လေကြောင်း အသာစီးရတိုက်လေယာဉ် အမျိုးအစားအသစ်များ ထပ်မံပေါ်ပေါက်လာပြီးနောက် မီရာ့ချ် ၂၀၀၀ တိုက်လေယာဉ်များအား မြေပြင်ရေပြင်ပစ်မှတ်များကို တိုက်ခိုက်သော စစ်ဆင်ရေးများအတွက် အဓိကထားကာ အသုံးပြုနေခဲ့ကြသည်။ အိန္ဒိယလေတပ်တွင် မီရာ့ချ် ၂၀၀၀ တိုက်လေယာဉ်များကို ၁၉၈၅ ခုနှစ်မှ စတင် အသုံးပြုနေခဲ့သည်။ ယခုအချိန်တွင် အိန္ဒိယလေတပ်၌ ယင်းတိုက်လေယာဉ် အစင်း ၅၀ အသုံးပြုနေဆဲ ဖြစ်သည်။ ၂၀၁၁ ခုနှစ် ပြင်သစ် အိန္ဒိယ သဘောတူညီချက်အရ ထိုတိုက်လေယာဉ်များကို အဆင့်မြှင့်တင်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်အထိ ဆက်လက်အသုံးပြုသွားရန် အိန္ဒိယလေတပ်က စီစဉ်ထားသည်။

## ပါကစ္စတန်က သတိပေးခြိမ်းခြောက်

အိန္ဒိယနိုင်ငံက ပါကစ္စတန်ပိုင်နက်အတွင်း လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းအတွက် "ငါတို့ရဲ့ လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်မှုများအတွက် အိန္ဒိယအနေနဲ့အဆင်သင့်ပြင်ထားရန်" ပါကစ္စတန်စစ်ဘက်က သတိပေးခြိမ်းခြောက်လိုက်သည်။ အိန္ဒိယ၏ လေကြောင်းတိုက်ခိုက်မှုအတွက် ပါကစ္စတန်က လက်တုံ့ပြန်သွား မည်ဟုဆိုသည်။

## အိန္ဒိယတိုက်ပွဲဝင်လေယာဉ်နှစ်စင်းကို ပါကစ္စတန်လေတပ်က ပစ်ချ

ပွဲဦးထွက် အောင်ပွဲရသွားခဲ့သော အိန္ဒိယလေတပ်သည် နောက်တစ်ရက် ဖေဖော်ဝါရီလ ၂၇ရက်တွင် ပါကစ္စတန်နိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။ နယ်စပ်ထိန်းချုပ်မျဉ်းအနီးတွင်လည်း အိန္ဒိယမြေပြင်တပ်ဖွဲ့များမှ ပစ်ခတ်မှုကြောင့် အနည်းဆုံး လူလေးဦးသေဆုံးသွားကြောင်း ပါကစ္စတန် စစ်ဘက်က ထုတ်ပြန်ကြေညာခဲ့သည်။

ထိုနေ့ ဖေဖော်ဝါရီလ ၂၇ ရက်အတွင်း နောက်ထပ်နာရီအနည်းငယ်အကြာတွင် နယ်စပ် ထိန်းချုပ် ရေးမျဉ်းကို ဖြတ်ကျော်ပျံသန်းလာသည့် အိန္ဒိယတိုက်လေယာဉ်နှစ်စင်းကို ပါကစ္စတန်လေတပ်က ပစ်ချခဲ့ကြောင်း ပါကစ္စတန်နိုင်ငံဘက်က ထုတ်ပြန်ကြေညာလိုက်သည်။ အိန္ဒိယတိုက်လေယာဉ်နှစ်စင်းအနက် တစ်စင်းသည် အိန္ဒိယထိန်းချုပ်နယ်မြေဘက်သို့ ပျက်ကျသွားပြီး တစ်စင်းသည် ပါကစ္စတန် ထိန်းချုပ်နယ်မြေဘက်သို့ ပျက်ကျသွားကြောင်း၊ ပါကစ္စတန်နယ်မြေအတွင်းသို့ ပျက်ကျလာသည့် တိုက်လေယာဉ်မှ အိန္ဒိယ လေသူရဲကိုဖမ်းမိထားကြောင်း ပါကစ္စတန်စစ်ဘက်အာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်။ အိန္ဒိယလေပိုင်နက်အတွင်းသို့ ဝင်ရောက်လာသည့် ပါကစ္စတန်တိုက်လေယာဉ် သုံးစင်း၏ ပျံသန်း လမ်းကြောင်းကို အိန္ဒိယတိုက်လေယာဉ်များက ကြားဖြတ်ဟန့်တားခဲ့သောကြောင့် ပါကစ္စတန်တိုက်လေယာဉ်များ နောက်ကြောင်းပြန်လှည့်သွားကြောင်း ထိုနေ့တွင်ပင် အိန္ဒိယက ထုတ်ပြန်ကြေညာခဲ့သည်။

ထို့နောက် အချိန်အနည်းငယ်အကြာတွင် အိန္ဒိယလေတပ်မှ ဆိုဗီယက်ပြည်ထောင်စုထုတ် အမ် အိုင်ဂျီ ၂၁ အမျိုးအစား မြေပြင်တိုက်ခိုက်ရေးလေယာဉ်တစ်စင်း ပစ်ချခံခဲ့ရကြောင်း အိန္ဒိယလေတပ်မှ အတည်ပြုထုတ်ပြန်ခဲ့သည်။ အမ်အိုင်ဂျီ ၂၁ အမျိုးအစား တိုက်ပွဲဝင်လေ ယာဉ်သည် ၁၉၇၆ ခုနှစ် မတိုင်ခင် ဗီယက်နမ်စစ်ပွဲကာလက ကွန်မြူနစ် မြောက်ဗီယက်နမ်က အမေရိကန်လေတပ်၏ အက်ဖ် ၄ နှင့်အက်ဖ် ၅ တိုက်လေယာဉ်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် ဒုတိယမျိုးဆက် တိုက်လေယာဉ် အဟောင်းတစ်မျိုးဖြစ်သည်။ မူလက ဝေဟင်တွင် လေယာဉ်ချင်း တိုက်ခိုက်သည့် လေကြောင်းတိုက် ပွဲများအတွက် တိုက်လေယာဉ် (Fighter) အဖြစ် ထုတ်လုပ်ခဲ့သော်လည်း ယခုနှစ်ပေါင်းများစွာကြာမြင့်ပြီးနောက် အိန္ဒိယလေတပ်တွင် မြေပြင်တိုက်ခိုက်ရေးလေယာဉ် (Ground Attacker) အဖြစ် ပြောင်းလဲအသုံးပြုနေခြင်းဖြစ်သည်ဟု ယူဆရသည်။

## ပါကစ္စတန် လေကြောင်းပိုင်နက်ကို ပိတ်ပင်တားမြစ်

အိန္ဒိယတိုက်လေယာဉ်နှစ်စင်းကို ပစ်ချလိုက်ကြောင်း သတင်းများ ပေါ်ထွက်လာပြီးနောက် နာရီပိုင်းအတွင်းမှာပင် ပါကစ္စတန်နိုင်ငံ၏ လေပိုင်နက်ကိုပိတ်ပင်တားမြစ်လိုက်ကြောင်းပါကစ္စတန်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့ (CAA – Civil Aviation Authority) နှင့် ပါကစ္စတန် တပ်မတော်တို့ကဖေဖော်ဝါရီလ၂၇ရက်နေ့တွင်ထုတ်ပြန်ကြေညာလိုက်သည်။

ယခုအချိန်မှစတင်၍ ပါကစ္စတန်လေကြောင်းပိုင်နက်ကိုအကန့်အသတ်မရှိပိတ်ပင်တားမြစ် လိုက်ပြီဖြစ်ကြောင်း မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။ လတ်တလော အခြေအနေများအရ ထိုဆုံးဖြတ်ချက်ကို ချမှတ်ရခြင်း ဖြစ်ကြောင်း ပါကစ္စတန်တပ်မတော်က ပြောဆိုသည်။ နောက်ထပ် အမိန့်ကြေညာချက် မထွက်ခင်အထိ အရပ်ဘက် လေကြောင်းလိုင်းများ အားလုံး ပါကစ္စတန် နိုင်ငံအတွင်း ပျံသန်းမှုခရီးစဉ်များအားလုံးကို ဆိုင်းငံ့ထားရန် အသိပေးထားကြောင်း ပြောဆိုသည်။

## အိန္ဒိယလေသူရဲကို ပါကစ္စတန်က ပြန်လွှတ်ပေး

ဖမ်းဆီးရမိထားသော အိန္ဒိယလေသူရဲကို အမည်၊ အဆင့်၊ ရာထူးနှင့်ကိုယ်ပိုင်နံပါတ်များစစ်ဆေးမေးမြန်းနေခြင်းကိုပါကစ္စတန်ရုပ် သံများက ထုတ်လွှင့်ပြသခဲ့သည်။ ထိုထုတ်လွှင့်ချက်များကို ကြည့်ရှုရ သော အိန္ဒိယလူထုကြီးအတွင်း ပါကစ္စတန်ဆန့်ကျင်ရေးခံစားချက်များ ပေါက်ကွဲထွက်လာကာ ပါကစ္စတန်ကို လက်စားချေကြရန် လူစုလူဝေးများစွာဖြင့် လှည့်လည်ကြွေးကြော်လာကြသည်။ အိန္ဒိယ လူထုက အုံကြွတင်းမာ လာခြင်းကိုဖြေလျှော့နိုင်ရန်ရည်ရွယ်ချက်ဖြင့်ပါကစ္စတန်အရပ်သား အစိုးရက အိန္ဒိယ လေသူရဲကို ပြန်လွှတ်ပေးရန် ဆုံးဖြတ် လိုက်ပြီး ဖမ်းဆီးရမိပြီး နှစ်ရက်အကြာ မတ်လ ၁ ရက်နေ့တွင် နယ်စပ် ထိန်းချုပ်ရေးမျဉ်းမှတစ်ဆင့် အိန္ဒိယဘက်သို့ ပြန်လည်လွှဲပြောင်း ပေးအပ် လိုက်သည်။ သို့သော်လည်း အခြေအနေများသည် ယခုထက် ပိုမိုပြင်းထန်သော ကြည်း၊ ရေ၊ လေ စုံညီစစ်ပွဲအကြီးစားတစ်ခု အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံအကြား ဖြစ်ပွားလာနိုင်ခြေကို ကြိုတင်တားဆီးနိုင်စွမ်းရှိမရှိမှာ သေချာရေရာမှု မရှိသေးပေ။

## အိန္ဒိယ-ပါကစ္စတန် စစ်ပွဲများ

နှစ်နိုင်ငံ လွတ်လပ်ရေး ရရှိပြီးနောက် ဟိန္ဒူဘာသာဝင် လူများစုဖြစ်သော အိန္ဒိယနိုင်ငံနှင့် အစ္စလာမ်ဘာသာဝင် မွတ်စလင်များ၏ ပါကစ္စတန်နိုင်ငံနှစ်ခုသည် စစ်ပွဲများနှင့် စစ်ရေးပဋိပက္ခများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့သည်။ ၁၉၄၇ခုနှစ် ပထမ အိန္ဒိယ-ပါကစ္စတန်စစ်ပွဲ၊ ၁၉၆၅ ဒုတိယ အိန္ဒိယ-ပါကစ္စတန် စစ်ပွဲ၊ ၁၉၇၁ ဘင်္ဂလားဒေ့ရှ်ခွဲထွက်ရေးစစ်ပွဲခေါ် တတိယ အိန္ဒိယ-ပါကစ္စတန် စစ်ပွဲ၊ ၁၉၉၉ ခုနှစ် နယ်စပ် စစ်ရေးပဋိပက္ခများ နှစ်နိုင်ငံအကြား ဖြစ်ပွားခဲ့ဖူးသည်။ ထို့နောက်ပိုင်းတွင်လည်း ပါကစ္စတန်နိုင်ငံတွင် အခြေစိုက်စခန်း ဖွင့်လှစ်ထားသည့် အစ္စလာမ္မစ် စစ်သွေးကြွ အကြမ်းဖက်သမားများက အိန္ဒိယနိုင်ငံအတွင်းရှိ အရပ်ဘက် နယ်မြေများအတွင်း အရပ်သားများအား ပစ်မှတ်ထား၍ ၂၀၀၁ ခုနှစ်၊ ၂၀၀၈ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များအတွင်း အကြိမ်ကြိမ် အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည်။

အကယ်၍ အိန္ဒိယနှင့် ပါကစ္စတန် လေကြောင်းစစ်ရေးပဋိပက္ခသည် နှစ်နိုင်ငံအထွေထွေစစ်ပွဲ အကြီးစားအဆင့်သို့ ကူးပြောင်းသွားပါက အဏုမြူလက်နက်ကိုယ်စီပိုင်ဆိုင်ထားသည့်နိုင်ငံနှစ်ခုအကြားတွင်ဖြစ်ပွားသည့် ပထမဆုံးအကြီးစား စစ်ပွဲတစ်ခု ဖြစ်လာမည် ဖြစ်သည်။

ရဲကျော်စွာ

www.free4readers.com



# အလောင်းမရတောင်ကုန်းရသည်

ကေ(တောင်တန်းပြာ)

ဂျိမ်း. . .

အား. . .

ကျယ်လောင်လှသော မိုင်းကွဲသံနှင့်တစ်ပြိုင်တည်း ပွိုင့်ရဲဘော်တပ်သားစိန်မြင့်၏ ငယ်သံပါသောအား ခနဲအောင်ဟစ်သံကြားလိုက်ရသည်။ ပွိုင့်ရဲဘော်တပ်သားစိန်မြင့်တစ်ယောက် မိုင်းထိသွားပြီဆိုသည်ကို တပ်ခွဲတစ်ခွဲလုံးနားလည်လိုက်ကြသည်။ တပ်ခွဲရုံးက ဆေးတပ်သားဝင်းငွေနှင့် ခြေလျင်ရှေ့ဦးသူနာပြု သင်တန်းတက်ဖူးသော ကျွန်တော်သည်ချက်ချင်းပင် မိုင်းကွဲသည့်နေရာသို့ အပြေးအလွှားရောက်သွားကြရာ ညာဘက်ခြေတစ်ဖက်သည် ခြေကျင်းဝတ်မှ ပြတ်ထွက်လျက် ယမ်းခိုးတွေဖုန်မှုန့်တွေဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော တပ်သားစိန်မြင့်အား စိတ်မချမ်းမြေ့ဖွယ်တွေ့ရလေသည်။ ကျွန်တော်တို့နှစ်ယောက်သည် အသင့်ပါလာသောဆေးပတ်တီးတွေဖြင့် တပ်သားစိန်မြင့်၏ ဒဏ်ရာအားသွေးထွက်မလွန်မီ ခပ်မြန်မြန်စည်း ပေးလိုက်ကြသည်။ ဆေးတပ်သားဝင်းငွေက တလက်စတည်း မော်မင်းနှစ်လုံးထိုးပေး၏။ ကျွန်တော်ကဘေးမှ ကူညီပေးသည်။ ထိုသို့ကျွန်တော်တို့နှစ်ယောက်က လိုအပ်သည့်ဆေးဝါးကုသမှုများ ပြုလုပ်ပြီးနောက် တပ်သားစိန်မြင့်အား စောင်ကျားခေါ်မုဒ့်ချည်စောင်ဖြင့် ပုခက်ထမ်းစင်လုပ်၍ သယ်ကာဆက်လက်ထွက်ခွာလာကြပါသည်။ ထိုသို့ထွက်ခွာလာကြပြီး တစ်နာရီခန့်အကြာတွင် ဂျိမ်းခနဲမိုင်းပေါက်ကွဲသံကြားရပြန်သည်။ ပွိုင့် ရဲဘော်တပ်သားအေးလွင် တစ်ယောက် တပ်မံမိုင်းနင်းမိခြင်းဖြစ်လေသည်။ တပ်သားအေးလွင်သည်ခြေတစ်ဖက်က ခြေကျင်းဝတ်အောက်မှ ပြတ်ထွက်သွားပြန်သည်။ တပ်သားအေးလွင်ကိုလည်း ဆေးတပ်သားဝင်းငွေနှင့်ကျွန် တော်ကပင် ဆေးဝါးကုသမှုပြုလုပ်ပြီး နောက်ထမ်းစင်ပြုလုပ်၍ သယ်ဆောင်လာကြပြန်သည်။ နောက်ပိုင်းတော့ ကျွန်တော်တို့တပ်ခွဲသည် လူသွားလမ်းကြောင်းအတိုင်း မချီတက်တော့ဘဲ တောတိုး၍ ချီတက်လာကြ၏။ ထို့ကြောင့် ချီတက်မှုကနှောင့်နှေးလှ၏။



တောတိုး၍ချီတက်ရသဖြင့် လူနာသယ်အဖွဲ့ပင်ပန်းတာတော့အမှန်။ သို့သော် မိုင်းအန္တရာယ်နှင့်တော့ လွတ်ကင်းသွားကြပါသည်။ တကယ်တော့ ကျွန်တော်တို့တပ်ခွဲသည် KNU တို့၏ ပွိုင့် ၄၆၂၉စခန်းကုန်းတိုက်ပွဲတွင် ဒဏ်ရာရနေသော လူနာ ၁၉ယောက်အား ဗျက်ကောပူသို့ ပို့ရန်ပြန်လည် ချီတက်လာကြခြင်းဖြစ် သည်။ ထိုသို့ပြန်လည်ချီတက်လာကြစဉ် ပလက်ခိုရွာမရောက်မီ ကွင်းပြင်တစ်ခုအဖြတ်တွင် ပွိုင့်ရဲဘော်နှစ်ယောက်ရှေ့ဆင့်နောက်ဆင့် မိုင်းနင်းမိခဲ့ကြသည်။ အခုတော့ လူနာစုစုပေါင်း ၂၁ယောက်ဖြစ်သွား၏။ လူနာ ၂၁ယောက်စလုံးကို တစ်ခွဲလုံးက ထမ်းစင်တွေဖြင့် သယ်ဆောင်လာကြရသည်။ ပွိုင့်တပ်စိတ်သာ လူနာသယ်လွတ်သည်။ ကျွန်တော်တို့တပ်ခွဲသည် လူနာ ၂၁ယောက်အား ဗျက်ကောပူတွင် အခြေပြုထားသော ခလရ (၆၀)စစ်ကြောင်းသို့ လွှဲပြောင်းပေးခဲ့ကြသည်။ ခလရ(၆၀)စစ်ကြောင်းမှ ထိုလူနာများအား ကျောက်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်ရမည်ဖြစ်သည်။ ကျွန်တော်တို့တပ်ခွဲသည် ဗျက်ကောပူတွင်နှစ်ရက်အနားယူပြီးနောက် မသိမ်းပိုက်နိုင်ခဲ့သော ပွိုင့်၄၆၂၉စခန်းအား ပြန်လည်တိုက်ခိုက်ရန် ပြန်လည်၍ ချီတက်လာကြပါသည်။ ပွိုင့် ၄၆၂၉စခန်းကုန်းတွင် KNU အင်အား ၅၀ကျော်ခန့်နေရာယူထား၏။ ပွိုင့်၄၆၂၉စခန်းသည် သံဆူးကြိုး လေးထပ်မျှကာရံထားသော အခိုင်အမာစခန်းတစ်ခုဖြစ်လေသည်။ အချိန်ကာလကား ၁၉၈၃ခုနှစ် မတ်လ ၂၅ရက်နေ့ဖြစ်သည်။ ထိုနေ့တွင် ကျွန်တော်တို့တပ်ရင်း ခလရ(၅၃)၊ ခလရ(၅၉)၊ ခလရ(၆၀)စသည့် တပ်ရင်း သုံးရင်းသည် KNU တို့၏ စခန်းသုံးခုအား တိုက်ခိုက်ရန်ကျောက်ကြီးမြို့စုရပ်မှ ခြေကျင်ခရီးဖြင့် ချီတက်လာခဲ့ကြသည်။ ထိုစခန်းသုံးခုမှာ ပွိုင့်၄၆၂၉စခန်း၊ ပွိုင့် ၄၆၄၆စခန်းနှင့် ထီးမူခီးစခန်းတို့ဖြစ်၏။ ထိုစခန်းသုံးခုတွင် KNU တို့ အင်အား ၅၀စီ ဖြန့်ခွဲ၍အခြေပြုထားကြသည်။

အစီအစဉ်အရ ကျွန်တော်တို့ခလရ(၅၃)တပ်ရင်းက ပွိုင့်၄၆၂၉စခန်းအား တိုက်ပြီး ခလရ(၆၀)က ပွိုင့် ၄၆၄၆စခန်းအားတိုက်ရမည်ဖြစ်သည်။ ခလရ(၅၉)က ထီးမူခီးစခန်းကို တိုက်ရမည်ဖြစ်သည်။ ထီးမူခီးစခန်း သည် ပင်မစခန်းဖြစ်ပြီး ပွိုင့်၄၆၂၉စခန်းနှင့် ပွိုင့်၄၆၄၆စခန်းက ရှေ့ကာရင်ဆိုင်စခန်းတွေဖြစ်သည်။ ထီးမူခီး ရွာသည် စစ်တောင်းမြစ် အရှေ့ဘက်ကျောက်ကြီးမြို့နယ်တွင်တည်ရှိပြီး KNU ခေါင်းဆောင် ဗိုလ်မြ၏ မွေးရပ်ဇာတိဖြစ်သည်။ ထီးမူခီးနှင့်ရှေ့ကာရင်ဆိုင်ကုန်းနှစ်ခုတွင် KNU တပ်မဟာ(၁)မှ အင်အားစုများက ဖြန့်ခွဲ အခြေပြုထားကြခြင်းဖြစ်သည်။ ကျွန်တော်တို့တပ်ရင်းသုံးရင်း၏သည်တစ်ခါထီးမူခီးတိုက်စစ်သည်ဒုတိယအကြိမ်ဖြစ်သည်။ ၁၉၈၀ခုနှစ်တွင် ခလရ(၆၀)၊ ခလရ(၅၉)၊ ခလရ(၄၈)တို့ကပထမအကြိမ်တိုက်ခိုက်ခဲ့ကြသည်။ သို့သော် KNU တပ်ဖွဲ့တွေက စစ်ကူအင်အားအလုံးအရင်းနှင့် အပြင်းအထန်ခုခံထားကြသဖြင့် ထီးမူခီးစခန်းအား မသိမ်းပိုက်နိုင်ခဲ့ကြချေ။ နောက်တော့ အကျိုးအမြတ်မရဘဲ မြေသိမ်းရုံသက်သက်ဖြစ်နေသဖြင့်တိုက်စစ်အား ရပ်နားထားခဲ့ကြခြင်းဖြစ်လေသည်။ သို့သော် ထီးမူခီးစခန်းသည် နယ်မြေအတွင်း ပိုင်းတွင် အခြေပြုထားသော စခန်းဖြစ်နေသဖြင့် သည်အတိုင်းလက်ပိုက်ကြည့်နေ၍ မဖြစ်တော့။ ထို့ကြောင့် ဒုတိယအကြိမ် တိုက်ခိုက်ရန်အကြောင်းဖန်လာခဲ့ခြင်းဖြစ်သည်။ သည်တစ်ခါတော့ အကျိုးအမြတ်ရရ၊ မရရ စခန်းကိုမရ ရအောင်တိုက်ရမည်ဖြစ်လေသည်။ ယခုဒုတိယအကြိမ်တိုက်စစ်တွင် ကျွန်တောတို့တပ်ရင်း ခလရ (၅၃)နှင့် ပထမအကြိမ်ပါဝင်ခဲ့ကြသော ခလရ(၅၉)နှင့် ခလရ(၆၀)တို့ပြန်ပါလာကြသည်။ ထိုစဉ်က ကျွန်တော်တို့ခလရ(၅၃)တပ်ရင်းမှူးမှာ ဒုဗိုလ်မှူးကြီးရွှေဖြစ်ပြီး တပ်ခွဲ(၄)တပ်ခွဲမှူးက ဗိုလ်ကြီးတင်အောင်ဖြစ်၏။

ကျွန်တော်တို့ချေမှုန်းရေးတပ်ရင်းသုံးရင်းသည်မိမိတို့တိုက်ရမည့်စခန်းများဆီသို့တရွေ့ရွေ့ချီတက်လာကြပါသည်။ ချီတက်ရာလမ်းကြောင်းတစ်လျှောက်တွင် KNU အဖွဲ့ငယ်လေးများက ချောင်းမြောင်း ပစ်ခတ်၍ နှောင့်ယှက်ကြ၏။ ကျွန်တော်တို့တပ်ရင်းသည် KNU အဖွဲ့ငယ်လေးများအား ပစ်ခတ်ရှင်းလင်း၍ ရည်မှန်းချက်ပွိုင့်၄၆၂၉သို့ ဆက်လက်ချီတက်လာကြပါသည်။ သို့သော် ကျွန်တော်တို့ချေမှုန်းရေးစစ်ကြောင်းများသည်ရန်သူ့အပေါ် အငိုက်မရနိုင်တော့ချေ။ KNU တို့ အသင့်နေရာယူ၍ စောင့်ဆိုင်းနေကြမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ ကျွန်တော်တို့တပ်ရင်းသည်မတ်လ ၂၅ရက်နေ့ညနေ၆နာရီအချိန်တွင် ပွိုင့်၄၆၂၉စခန်းတောင်ခြေသို့ ချဉ်းကပ်မိကြသည်။ မတ်လ ၂၆ရက်နေ့ နံနက် ၅နာရီအချိန်တွင် ဗိုလ်ကြီး တင်အောင်ဦးစီးသော ကျွန်တော်တို့တပ်ခွဲ(၄)က စစ်ကြောင်းမှူးရွေးချယ်ပေးသောမျက်နှာစာမှ တက်တိုက် ကြပါသည်။ သို့သော် စစ်ကြောင်းမှူးရွေးချယ်ပေးသော မျက်နှာစာက မတ်စောက်ပြီးလှန်တက်ရသဖြင့် တိုက်ပွဲစစချင်းမှာပင် ရဲဘော်တစ်ယောက်ကျဆုံးပြီး တပ်ခွဲမှူးဗိုလ်ကြီးတင်အောင်အပါအဝင် စစ်သည် ၁၉ ယောက်ကပြင်းပြင်းထန်ထန် ဒဏ်ရာရသွားကြသည်။ ထို့ကြောင့် တိုက်စစ်ကိုရပ်ကာ ချက်ချင်းပြန်ဆုတ်ပေး လိုက်ရသည်။ အမှန်တော့စစ်ကြောင်းမှူး၏ တိုက်စစ်ဗျူဟာမှားသွားခြင်းဖြစ်သည်။ တိုက်စစ်ဗျူဟာအမှား ကြောင့် တိုက်ပွဲစလျှင်စချင်း မိမိဘက်မှ ဟုတ်တိပတ်တိ မတိုက်လိုက်ရဘဲ အထိနာခဲ့ကြရသည်။ တပ်ခွဲမှူး ဒဏ်ရာရသွားသဖြင့် ကျွန်တော်တို့တပ်စု(၁)၏ တပ်စုမှူးဗိုလ်အေးလွင်က ယာယီတပ်ခွဲမှူးတက်ကိုင်ရသည်။ ကျွန်တော်တို့တပ်ခွဲသည် ကျဆုံးစစ်သည်အား အကျဉ်းရုံးသဂြိုဟ်ကြပြီး လူနာ ၁၉ယောက်အတွက်ထမ်းစင်တွေ အမြန်ဆုံးပြုလုပ်ကြရသည်။

ကျွန်တော်တို့တပ်ခွဲသည် လူနာ ၁၉ယောက်အား ထမ်းစင်တွေဖြင့် သယ်ဆောင်၍ ဗျက်ကောပူသို့ ပြန်လည်ချီတက်လာကြစဉ် လမ်းတွင်ပွိုင့်ရဲဘော်နှစ်ယောက် မိုင်းထပ်နင်းမိကြခြင်းဖြစ်သည်။ ကျွန်တော်တို့ တပ်ခွဲကံဆိုးလိုက်ပုံများ မပြောချင်တော့ပါ။ ကျွန်တော်တို့တပ်ခွဲသည် လူနာများအား ဗျက်ကောပူသို့ပို့ပြီး နောက် ပွိုင့်၁၆၂၉စခန်းကုန်းအား ထပ်မံတိုက်ခိုက်ရန် ပြန်လည်ချီတက်လာကြပါသည်။ ထို့သို့ပြန်လည် ချီတက်လာကြသော ကျွန်တော်တို့တပ်ခွဲသည် မတ်လ ၂၉ရက်နေ့တွင် ပွိုင့်၄၆၂၉စခန်းနှင့် ပွိုင့်၄၆၄၆စခန်း ကြားရှိ ပွိုင့်၄၃၄၄တောင်ကုန်းပေါ်သို့ တက်ရောက်၍ အခြေကုပ်ယူထားကြသည်။ နောက်တစ်နေ့မတ်လ ၃၀ရက်နေ့မှာတော့ ပွိုင့်၄၆၂၉စခန်းကုန်းအား မတိုက်သေးဘဲ ထီးမူခီးပင်မစခန်းကိုသာ အနောက်ဘက်မှ ပတ်တိုက်ရန် ကျောက်ကြီးတွင် အခြေပြုထားသော စစ်ဗျူဟာမှူးမှ ညွှန်ကြားလာပါသည်။ ကျွန်တော်တို့ စစ် ကြောင်းတစ်ခုတည်းတော့မဟုတ်။ခလရ(၅၉)စစ်ကြောင်းနှင့်ခလရ(၆၀)စစ်ကြောင်းတို့ပါ ထီးမူခီးအား တစ်ပြိုင်တည်းတိုက်ခိုက်ကြရန် ညွှန်ကြားလာ ခြင်းဖြစ်သည်။ တိုက်ရမည့်အချိန်က ညအချိန်ဖြစ်သည်။ ထို့ကြောင့်ကျွန်တော်တို့စစ်ကြောင်းသုံးကြောင်းသည် အချိန်ညှိပြီး ထီးမူခီးပင်မစခန်းအား ချဉ်းကပ်ကြသည်။ ထီးမူခီးစခန်းပေါ် KNU အင်အား ၈၀ခန့်က နေရာယူထား၏။ ပြီးတော့ စခန်းပတ်ပတ်လည်ကို သံဆူးကြိုး ငါးထပ်ကာရံထားသည်။ သံဆူးကြိုးတစ်ထပ်နှင့်တစ်ထပ်ကြားတွင် မိုင်းနှင့်ခြောင့်များကွက်ပြည့်ခင်းထားကြသည်။ သည်တော့ထီးမူခီးစခန်းကို သိမ်းပိုက်ဖို့ဆိုလျှင်မိုင်းနှင့်ခြောင့်ကျင်းများအား ဦးစွာဖြတ်ကျော်ရမည် ဖြစ်သည်။

ထီးမူခီးစခန်းအားတိုက်ခိုက်မည့် စစ်ကြောင်းသုံးကြောင်းမှာ ကျွန်တော်တို့ ခလရ(၅၃)မှ ဒုဗိုလ်မှူးကြီး ရွှေဦးစီးစစ်ကြောင်း(၁)နှင့်တပ်ခွဲ(၂)။ ခလရ(၆၀)မှ ဒုဗိုလ်မှူးကြီးကြာညိုချစ်ဖေ ဦးစီးစစ်ကြောင်း(၁)နှင့် တပ်ခွဲနှစ်ခွဲ။ ခလရ(၅၉)မှ ဒုဗိုလ်မှူးကြီး အေးကိုဦးစီးစစ်ကြောင်း(၁)နှင့်တပ်ခွဲနှစ်ခွဲတို့ဖြစ်သည်။ ထီးမူခီးစခန်းသည် ထီးမူခီးရွာ၏ မြောက်ဘက်ကိုက် ၁၀၀၀အကွာ တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသော စခန်းဖြစ်၏။ ကျွန်တော်တို့ ချေမှုန်းရေးစစ်ကြောင်းသုံးကြောင်းသည် ည၉နာရီအချိန်မှစ၍ ကျွန်တော်တို့ခလရ(၅၃)စစ် ကြောင်း(၁)က အရှေ့ဘက်မျက်နှာစာမှလည်းကောင်း၊ ခလရ(၅၉)စစ်ကြောင်း(၁)က တောင်ဘက်မျက်နှာစာမှလည်းကောင်း၊ ခလရ(၆၀)စစ်ကြောင်း(၁)က အနောက်ဘက်မျက်နှာစာမှလည်းကောင်း တစ်ပြိုင်တည်း ဝင်တိုက်ကြပါသည်။ သို့သော် ကြိုတင်နေရာယူထားသော KNU တွေက ပြင်းထန်စွာခုခံနေကြသဖြင့် စခန်း အပြင်စည်းရိုးနားပင်မကပ်နိုင်ကြဘဲ တောင်ခြေအထိ ပြန်ဆုတ်ခဲ့ကြရသည်။ ကျွန်တော်တို့စစ်ကြောင်းလိုပင် ခလရ(၆၀)နှင့်ခလရ(၅၉)စစ်ကြောင်းတွေလည်း စခန်းစည်းရိုးကိုမဖောက်နိုင်ဘဲ တောင်ခြေထိပြန်ဆုတ်ပေး ကြရသည်။ ကျွန်တော်တို့ချေမှုန်းရေးစစ်ကြောင်းများသည် မြေပြင်အနေအထားအား ဘုမသိဘမသိနှင့်ည မှောင်မှောင်တွင် ရမ်းသမ်းမှန်းသမ်း တိုက်ကြရသည်။ ထို့အပြင် အမှောင်ထဲတွင်လက်နက်ကြီးပစ်ကူလည်း ထိရောက်မှုမရှိချေ။ ကျွန်တော်တို့ညတိုက်စစ်သည် စခန်းမရဘဲ အကျအဆုံးများမည့်အခြေအနေဖြစ်နေ၏။ ထို့ကြောင့်ချေမှုန်းရေးစစ်ကြောင်းသုံးကြောင်းစလုံး ညတိုက်စစ်မဆင်နွှဲတော့ဘဲ ချဉ်းကပ်ထားသည့်နဂိုနေ ရာတွင် ကျင်းတွေတူးပြီးရင်ဆိုင်ထားကြရပါသည်။

နောက်တစ်နေ့ မတ်လ ၃၀ရက်နေ့ရောက်ပြီ။ တကယ်တော့ မြေပုံစာရွက်ပေါ်က မြေအနေအထားနှင့် ပကတိ မြေပြင်အခြေအနေမသိဘဲ ညတိုက်ပွဲစစ်ဆင်နွှဲခြင်းမှာ အန္တရာယ်များလှသည်။ နေ့တိုက်စစ်သည် မြင်မြင်ထင်ထင်တိုက်ရသလို ရန်သူကလည်း မြင်မြင်ထင်ထင်ခုခံကြသည်။ သို့သော်ကိစ္စမရှိ။ ညတိုက်စစ် ထက်နေ့တိုက်စစ်က ပို၍ကောင်းသည်။ ထို့အပြင် လေကြောင်းပစ်ကူရောက်လာကြမည်ဖြစ်သဖြင့် ထီးမူခီး စခန်းအားဗိုလ်မှူးစိန်ဝင်းအောင်ဦးစီးသောကျွန်တော်တို့ခလရ(၅၃)စစ်ကြောင်း(၁)မှ လေကြောင်းပစ်ကူယူ ၍ တိုက်ခိုက်သိမ်းပိုက်ရန် စစ်ဗျူဟာမှူးမှ ညွှန်ကြားလာပါတော့သည်။ ကျွန်တော်တို့စစ်ကြောင်း(၁)မှူး ဒုဗိုလ်မှူးကြီးရွှေက တပ်ရင်းမှူးသင်တန်းတက်ရန် နောက်တန်း၌နချုပ်သို့ ပြန်ရသဖြင့် သူ့အစားဗိုလ်မှူးစိန်ဝင်းအောင်က စစ်ကြောင်း(၁)မှူးအဖြစ် ရောက်လာခြင်းဖြစ်၏။ နေ့လယ် ၁နာရီအချိန်တွင် ဗိုလ်မှူးစိန်ဝင်း အောင်ဦးစီးသော စစ်ကြောင်း(၁)ရုံးနှင့် တပ်ခွဲ(၂)သည် ပွိုင့်၄၆၂၉စခန်းအားတဖြည်း ဖြည်းချဉ်းကပ်ကြသည်။ပွိုင့်၄၆၂၉ စခန်းအား ထီးမူခီးစခန်း၏ ရှေ့ကာစခန်းဖြစ်နေသဖြင့် ပွိုင့်၄၆၂၉စခန်းအား ဦးစွာသိမ်းပိုက်ဖို့ အရေးကြီးနေ၏။ ဗိုလ်အေးလွင်ဦးစီးသော ကျွန်တော်တို့တပ်ခွဲ(၄)က လက်နက်ကြီးပစ်ကူပေးရန် တောင်ကုန်းတစ်ကုန်းပေါ် အခြေကုပ်ယူထားကြသည်။ နေ့လယ်မွန်းလွဲ ၂နာရီတိတိ။ ပွိုင့်၄၆၂၉စခန်း၏ ကောင်းကင်ယံ ပေါ်တွင် ပီစီ ၆ဗုံးကြဲလေယာဉ်နှစ်စီး ရုတ်တရက်ပျံသန်းလာပြီး ဗုံး(၁၀)လုံးကြဲချသွားသည်။ ပွိုင့်၄၆၂၉စခန်း တစ်ခုလုံးမီးခိုးလုံးကြီးတွေဖြင့် မည်းမှောင်သွား၏။ ထိုအချိန်တွင် ဗိုလ်ကြီးတင်ယု ဦးစီးသောတပ်ခွဲ(၂)က တစ်ချိန်တည်းဝင်တိုက်ကြသည်။

သို့သော် KNU တို့သည် မိနစ်ပိုင်းမျှသာ ခုခံကြပြီး ကျဆုံးသူများနှင့် ဒဏ်ရာရသူများအား သယ်၍ ချက်ချင်းဆုတ်ခွာသွားကြသဖြင့် ပွိုင့်၄၆၂၉စခန်းအား သိမ်းပိုက်နိုင်ခဲ့ကြသည်။ ဗိုလ်ကြီးတင်ယုဦးစီးသော တပ်ခွဲ(၂)သည် ပွိုင့်၄၆၉၂၉စခန်းအားသိမ်းပိုက်ပြီးနောက် ထီးမူခီးစခန်းအား အနောက်ဘက်မှပတ်၍ တစ်လက်စတည်းတိုက်ခိုက်ရန် ချီတက်သွားသည်။ ကျွန်တော်တို့တပ်ခွဲ(၄)က ၇၅မမဖြင့် ပစ်ကူပေးရန် ပွိုင့် ၄၆၂၉စခန်းကုန်းသို့ပြောင်းရွှေ့နေရာယူထားကြသည်။ဧပြီလ၁ရက်နေ့ နေ့လယ် ၁နာရီအချိန်ကစပြီး ဗိုလ်ကြီးတင်ယုဦးစီးသော တပ်ခွဲ(၂)က ထီးမူခီးစခန်းအား အနောက်ဘက်မျက်နှာစာမှ ချဉ်းကပ်၍ တက် တိုက်ကြသည်။ ကျွန်တော်တို့တပ်ခွဲက ၇၅မမဖြင့် ပွိုင့်၄၆၂၉စခန်းပေါ်ကနေ ထီးမူခီးစခန်းအားပြောင်းထိုး ပစ်ခတ်၍ ပစ်ကူပေးကြသည်။ သို့သော် KNU တွေက ခေါင်းမထောင်နိုင်အောင် အတင်းဖိ၍ခုခံနေကြသဖြင့် ချေမှုန်းရေးတပ်ခွဲ(၂)သည် နောက်သို့ကိုက် ၂၀၀အထိ ပြန်ဆုတ်ပေးလိုက်ရသည်။ နောက်တော့KNUတို့သည်နောက်ထပ်လေကြောင်းပစ်ကူရောက်မလာမီ ကြိုတင်ဆုတ်ခွာကြမည့်သတင်းအားကြားဖြတ်ဖမ်းစက်မှရရှိကြပါသည်။ ထို့ကြောင့် ခလရ(၅၉) ဒုဗိုလ်မှူးကြီးအေးကို ဦးစီးစစ်ကြောင်း(၁)မှ ထီးမူခီးစခန်းအား ဧပြီ ၂ ရက်နေ့ နံနက် ၇နာရီအချိန်တွင်တက်တိုက်ရာ KNU တို့ ခုခံမှုမရှိဘဲ ဆုတ်ခွာသွားကြသဖြင့် ထီးမူခီးစခန်း အား သိမ်းပိုက်နိုင်ခဲ့ကြလေသည်။ KNU တို့၏ အတွင်းစည်း ထီးမူခီးစခန်းကိုတော့ သိမ်းပိုက်နိုင်ခဲ့ကြပါသည်။သို့သော်KNUတို့ဆီမှ အလောင်းလက်နက်ဘာတစ်ခုမျှ မရရှိကြပါ။ မြေသိမ်းရုံ သက်သက်သာဖြစ်ပါသည်။ ကေ(တောင်တန်းပြာ)

www.free4readers.com



# ဗင်နီဇွဲလားပြည်အကျပ်အတည်းကို မြန်မာတွေလေ့လာစောင့်ကြည့်အပ်တယ်

□ မိုးမြင့်ဝင်း(နည်းပညာ) □

တောင်အမေရိကတိုက် ဗင်နီဇွဲလားနိုင်ငံဟာ မြန်မာနိုင်ငံလိုပဲ ရှစ်လေးလုံးအရေးတော်ပုံကြီးတစ်ခုပေါ်ပေါက်ခဲ့တာ နှစ်နှစ်လောက်ကြာနေပါပြီ။ အခုထက်ထိ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းကြီးဟာ မပြီးသေးပါဘူး။ ကိုယ်လိုဘဝတူနိုင်ငံတွေပါ။ မြန်မာက ၁၉၈၈ခု မတ်လ ၁၃ရက်ကိုဖုန်းမော်၊ ကိုစိုးနိုင်အရေးကစတင်လို့ ၈၈အရေးတော်ပုံကြီးဖြစ်ခဲ့တယ်။ ဇွန်လ ၂၁ ရက်မှာ မြေနီကုန်းအရေးဖြစ်တယ်။ ရဲခြောက်ဦးသေတယ်။ တောင်ကြီးနဲ့ပြည်မြို့မှာ ဘာသာရေးဆန်တဲ့ပဋိပက္ခဖြစ်တယ်။ ဇူလိုင် ၂၃မှာ ဦးနေဝင်းနုတ်ထွက်ခဲ့တယ်။ သမ္မတသုံးဆက်ပြောင်းတာမရတော့လို့ စက်တင်ဘာမှာ စစ်တပ်အာဏာသိမ်းတယ်။ ၈၈အရေးတော်ပုံဟာ မတ်လက စက်တင်ဘာလအထိ အားလုံးခြောက်လကြာတယ်၊ ဒေါက်တာမောင်မောင်လက်ထက် ရက်၄၀ လောက် မင်းမဲ့တိုင်းပြည်လိုဖြစ်ခဲ့တယ်။ အဲဒီလောက်ကာလပဲ အစိုးရထိန်းချုပ်မှုကလွတ်ကင်းခဲ့တယ်၊ နောက်ပိုင်းပုံမှန် ထိန်းချုပ်သွားတယ်။

ဗင်နီဇွဲလားဆိုတာ ရေနံထွက် ဥဏာနယ အိုပက်နိုင်ငံများအဖွဲ့ဝင်ပါ။ ဆော်ဒီ၊ အရှေ့အလယ်ပိုင်း၊ အင်ဒိုနီးရှားပြီးရင် တောင်အမေရိကမှာ ရေနံထွက်အများဆုံးနိုင်ငံပါ။ OPEC အဖွဲ့ဝင်တွေ ရေနံစိမ်း Crude Oil ဈေးကို ဆွဲမြှောက်ရာက ဝင်ငွေအထူးကောင်းမွန်တဲ့နိုင်ငံပါ။ ဗင်နီဇွဲလားသမ္မတ ဟူးဂိုးချားလ်ဗက်က နိုင်ငံတော်ကို ဆိုရှယ်လစ်ပုံစံတစ်ပါတီအုပ်ထိန်းမှုနဲ့ သွားတယ်။ နိုင်ငံကရေနံကြောင့်သာ ကြွယ်ဝနေပေမယ့် အမေရိကန်ကတော့ သူ့အနားမှာဆိုရှယ်လစ်နိုင်ငံတစ်ခုရှိနေတာ ကြိုက်တာမဟုတ်ဘူး။ ကျူးဘားဆိုတာ အမေရိကန်-ဖလော်ရီဒါပြည်နယ်နဲ့ မိုင် ၉၀ အကွာအဝေး မှာရှိတယ်။ ၁၉၅၉ခုနှစ် ဖီလယ်လ်ကက်စထရိုတို့ လက်ဝဲအုပ်စုတွေ အာဏာသိမ်းပြီး ကွန်မြူနစ်နိုင်ငံလိုဖြစ်နေတာ ဒီနေ့တိုင်ပဲ။ သူ့ညီရာအူးကက် စထရိုအုပ်ချုပ်နေဆဲပါ။ ကျူးဘားဆိုရှယ်လစ်နိုင်ငံဖြစ်ရတာ အမေရိကန်တွေ မကျေနပ်ဆုံးပါ။ ကက်စထရိုပြုတ်ကျရေးအတွက် သမ္မတကနေဒီနည်းမျိုးစုံနဲ့ တိုက်ဖျက်ပေမယ့် မအောင်မြင်ပါ။



## အခုဖြစ်နေဆဲ ဗင်နီဇွဲလားအရေး

နိုင်ငံရဲ့အရေးတော်ပုံကြီးက မပြီးသေးဘူး။ ပြည်သူတွေစားရမဲ့ဖြစ်နေပြီ။ တစ်တိုင်းပြည်လုံး ကျဆုံးနိုင်ငံ Failed State သို့ဦးတည်နေပြီ။ သမ္မတဟူဂိုးချားလ်ဗက် ကင်ဆာရောဂါနဲ့ ငါးနှစ်လောက်ကကွယ်လွန်တော့ သူ့နေရာဆက်ခံတဲ့ သမ္မတမာဒူရိုလက်ထက်စနစ်ပြောင်းမလုပ်ဘဲ ဆိုရှယ်လစ်ပုံစံနဲ့ပဲသွားတယ်။ စီမံကိန်းတွေ မအောင်မြင်ပေမယ့် စစ်အင်အားတွေတိုးမြှင့်ခဲ့တယ်။ ဗင်နီဇွဲလားစစ်တပ်က ရေနံကရတဲ့ ဒေါ်လာငွေတွေနဲ့ ထူထောင်ခဲ့တယ်။ ရုရှား၊ တရုတ်စတဲ့လက်နက်ရောင်းတဲ့နိုင်ငံတွေက အမေရိကန်ရဲ့အန္တရာယ်ကိုပြပြီး လက်နက်ရောင်းလာတာ စစ်တပ်နဲ့ဦးစီးချုပ်တို့အကြိုက်ပေါ့။

အခုဖြစ်နေတာက လက်ရှိသမ္မတမာဒူရိုစီမံခန့်ခွဲမှုကို ဆန့်ကျင်လို့ ပြည်သူလူထုက နုတ်ထွက်ပေးဖို့ ဆန္ဒပြနေတာ နှစ်လုံးပေါက်ကြာနေပြီ။ အေးချမ်းစွာစားသောက်လုပ်ကိုင်ဖို့ မဖြစ်နိုင်တော့ဘူး။ ရေနံစိမ်းဈေးက ခေါက်ချိုးလောက်ကျသွားတယ်။ လွန်ခဲ့တဲ့နှစ်နှစ်ကျော်က တစ်စည်ကိုဒေါ်လာ(၁၀၀) ပေါက်ဈေးရှိတယ်။ မနှစ်ကတစ်စည်ကို ဒေါ်လာ(၄၀)ထိကျဆင်းသွားလို့ ရေနံထုတ်လုပ်ရောင်းချတဲ့ OPEC နိုင်ငံတွေအကျပ်ရိုက်ခဲ့တယ်။ အမေရိကန်က ဓာတုနည်းပညာအသစ်တွေ တွေ့တယ်လို့ကြားနေရတယ်။ ယှေလကျောက်ထဲကို ဓာတုဆေးတစ်မျိုးလွှတ်ပေးရင် ရေနံစိမ်းတွေတွင်းဝက ပန်းထွက်တဲ့နည်းပညာကို အမေရိကန်ကရလိုက်တယ် လို့ဆိုပါတယ်။ ဆော်ဒီအာရေဗျတောင် ရေနံကရတဲ့ဝင်ငွေတွေ ကျဆင်းလာလို့ အိမ်ရှေ့မင်းသားက ဆော်ဒီမင်းညီမင်းသားတွေ မတရားသုံးဖြုန်းနေတဲ့ နိုင်ငံပိုင်ဥစ္စာဓနတွေ ပြန်လည်သိမ်းဆည်းခဲ့ရတယ်။

ဗင်နီဇွဲလားမှာ သမ္မတမာဒူရိုကို ပြည်သူကလက်မခံမှန်းသိလို့ ဒုတိယအာဏာအရှိဆုံးဖြစ်တဲ့ လွှတ်တော်ဥက္ကဋ္ဌဂျူအန်ဂွာအီဒိုက သူ့ကိုယ်သူ သမ္မတအဖြစ်တာဝန်ယူပြီး ဗင်နီဇွဲလားလက်ရှိသမ္မတကို နုတ်ထွက်ပေးဖို့ တောင်းဆိုထားတယ်။ သမ္မတနီကိုလပ်စ်မာဒူရိုကို ရုရှား၊ တရုတ်နဲ့ သူတို့တပ်မတော်ကထောက်ခံနေတယ်။ စစ်တပ်ဘက်ကရောင်းရှိတော့ သမ္မတကလည်း တင်းခံတာပေါ့။ ပြည်သူတွေစားရေရိက္ခာပြတ်လပ်မှုကြောင့် လွှတ်တော်ဥက္ကဋ္ဌဂွာအီဒိုကို အင်္ဂလိပ်၊ အမေရိကန်နဲ့ တောင်အမေရိကန်နိုင်ငံ အချို့ထောက်ခံနေတယ်။ အမေရိကန်ရဲ့စားနပ်ရိက္ခာအကူအညီတွေ အိမ်နီးချင်းကိုလံဘီယာနိုင်ငံထဲရောက်နေပြီ။ အဲဒါတွေကို သမ္မတက ပြည်တွင်းကိုအသွင်းမခံပါဘူး။ စားစရာတွေနဲ့အတူ စစ်လက်နက်တွေပါ ထောက်ပံ့မှာစိုးတယ်။ ဗင်နီဇွဲလားတပ်သားတချို့နဲ့ အရပ်သားအနည်းငယ်က ကိုလံဘီယာနိုင်ငံထဲ ခိုးဝင်နေကြတယ်။ စစ်ဘေးရှောင်စားနပ် ရိက္ခာပြတ်လပ်မှုအတွက်ဖြစ်တယ်။ ခိုးဝင်ကြလို့ နယ်စပ်ဂိတ်တွေပိတ်ထားတယ်။

## ရာထူးကဆင်းပေးပါ

အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးလ်၊ အာဂျင်တီးနားစတဲ့အရွယ်အစားကြီး စီးပွားရေးအတန်အသင့်ရှိတဲ့နိုင်ငံတွေ အပါအဝင် (၁၀)နိုင်ငံအရေးပေါ်အစည်းအဝေးကို ကိုလံဘီယာမြို့တော် ဘိုဂိုတာမှာ ကျင်းပခဲ့တယ်။ လွှတ်တော်ဥက္ကဋ္ဌကိုထောက်ခံထားတဲ့နိုင်ငံတွေပါ။ လွှတ်တော်ဥက္ကဋ္ဌကလည်း ကြားဖြတ်သမ္မတအဖြစ် ကြေညာထားတယ်။ အကျပ်အတည်းဆုံးအခြေအနေသို့ရောက်နေသော ဗင်နီဇွဲလားအတွက် အားလုံးအနေနဲ့ အထောက်အကူလိုနေတယ်။ အမေရိကန် ဒုတိယသမ္မတမိုက်ပန့်စ်က သမ္မတဒေါ်နယ်ထရမ့်ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြပြီး အမေရိကန်ဟာ အတိုက်အခံနဲ့အတူရှိနေကြောင်း၊ သမ္မတမာဒူရိုအား ရာထူးမှ နုတ်ထွက်သင့်ကြောင်း အမေရိကန်ကအရာအားလုံးကို ရွေးချယ်ခွင့်ရှိကြောင်း ကြေညာခဲ့တယ်။ ဒါဟာ လိုအပ်လျှင် စစ်ပြုတိုက်ခိုက်ဖယ်ရှားမယ်ဆိုတဲ့သဘောပါ။ ဒီစာရေးနေချိန်အထိ နောက်ဆုံးရတဲ့သတင်းပါ။

ဒါဆိုဗင်နီဇွဲလားစစ်တပ်ဘာလုပ်မလဲ။ သမ္မတမာဒူရိုက စစ်တပ်က မထောက်ခံဘူးလို့ စာတစ်ကြောင်း သာကြေညာပါ။ မာဒူရိုနိုင်ငံကထွက်ပြေးမယ်။ ရုရှားမှာခိုလှုံမယ်။ ဒါမှမဟုတ် အဖမ်းခံမယ်။ နိုင်ငံတွင်းမှာရှိနေတဲ့ လွှတ်တော်ဥက္ကဋ္ဌက သူသာလျှင် သမ္မတလို့ကြေညာထားပြီးဖြစ်လို့ သမ္မတတာဝန်ကို ထမ်းဆောင်ရုံပေါ့။ အမေရိကန်နဲ့ တောင်အမေရိကနိုင်ငံတွေ ထောက်ခံလာမယ်။ စီးပွားရေးအကူအညီရမယ်။ ဒါပေမယ့် စစ်တပ်က သဘောထားပြောင်းပါ့မလား။ မြန်မာတွေစောင့်ကြည့်နေတာက ၁၉၈၆ခု ဖိလစ်ပိုင်သမ္မတဖာဒီ နန်မားကို့စ်နဲ့ လူထုမဲနဲ့ တက်ရောက်လာတဲ့ ကိုရာဇန်အကွီနိုတို့ သမ္မတအရွေးခံရတယ်ဆိုပြီး အငြင်းပွားဖွယ် မဲဆန္ဒနဲ့တစ်နေ့ထဲ၊ တစ်ပြိုင်နက် နှစ်နေရာခွဲပြီး သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲလုပ်ကြတယ်။ အဲဒီအချိန်မှာ စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖီဒယ်ရာမို့စ်က စစ်ဌာနချုပ်က မားကို့စ်ကို ပုန်ကန်တယ်လို့ စာတစ်ကြောင်း ထုတ်ပြန်ကြေညာတယ်။ စစ်တပ်မထောက်ခံလို့ မားကို့စ်အမေရိကန်ပြေးရတယ်။ ကိုရာဇန်အကွီနိုသမ္မတဖြစ်တယ်။ ရာမို့စ်ကို Lt.Gen: ရာထူးက Full Gen: ရာထူးသို့ နေ့ချင်းတိုးမြှင့်ပေးတယ်။ နောင်အခါ ရာမို့စ်က မဲရွေးခံရလို့ သမ္မတဖြစ်လိုက်သေးတယ်။ မားကို့စ်ရဲ့လက်ရင်းသီးဗိုလ်ချုပ်ကြီးဖေဗီယမ်ဗားက ရွေးကောက်ပွဲဝင်ဖို့ ပြည်ပက ပြန်လာတဲ့အတိုက်အခံခေါင်းဆောင် ဘင်နီနိုအကွီနို (ကိုရာဇန်၏ခင်ပွန်း) ကို လေဆိပ်မှာပဲ အရှူးကွက်နင်းပြီးလုပ်ကြံတာ ဗူးပေါ်သလိုပေါ်လာတယ်။ မားကို့စ်ကို လူထုမထောက်ခံမှန်းသိနေလို့ စစ်ဌာနချုပ်ပုန်ကန်တာပါ။

အခုလည်း ဗင်နီဇွဲလားစစ်တပ်က် သမ္မတမာဒူရိုကိုမထောက်ခံပါဘူးလို့ Statement တစ်ကြောင်းရေးရင်ဖြစ်တယ်။ ဒါမှမဟုတ် စစ်ရုံးချုပ်ကပုန်ကန်တယ်လို့ ကြေညာတာနဲ့ မာဒူရိုပြုတ်ကျပြီ။ ဒီလိုမလုပ်သေးတာလည်း အကြောင်းရှိမယ်။ စစ်တပ်ကို ငွေကြေးအမြောက်အမြားသုံးပြီး ချဲ့ထွင်ပေးတာကျေးဇူးရှိနေလို့လား တော့မသိ။ လူထုမထောက်ခံတဲ့သမ္မတက "စန်း" ပြတ်နေပြီ။ ရှေ့ဆက်နေရင်လူထုကြီး ငတ်လိမ့်မယ်။ လူထုနာမယ်။ ဘရာဇီးလ်၊ ကိုလံဗီယာတို့က ဝင်တိုက်မလား။ အမေရိကန်က တိုက်မလားမသိဘူး။ ဒီတော့မှ အာဏာ ကိုအတင်းဆုပ်ကိုင်နေရင် ဆီးရီးယားသမ္မတအာဆတ်လို ရှစ်နှစ်ကြာစစ်ပွဲကြီးမပြီးသေးဘူး။ ရုရှားနဲ့တရုတ် ကလည်း လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး။ ပြည်တွင်းစစ်ကြီးပြီးမှ အာဏာကဆင်းပေးရင် လူထုနာတဲ့နည်းပေါ့။

## စစ်အေးအားပြိုင်မှုတွေက မပြီးသေး

တောင်အမေရိကန်နိုင်ငံတွေ လက်ဝဲယိမ်းအစိုးရတွေတက်လာရင် အမေရိကန် CIA ကနည်းမျိုးစုံနဲ့ ဖြုတ်ချတယ်။ လက်ယာယိမ်းဗိုလ်ချုပ်တွေကို အာဏာသိမ်းခိုင်းတော့တာပဲ။ တစ်နိုင်ငံကွန်မြူနစ်ဖြစ်သွားရင် အိမ်နီးချင်းတွေပါ ကွန်မြူနစ်အောက်ကျဆုံးရတယ်ဆိုတဲ့ "ဒိုမီနိုသီအိုရီ"ကလည်း ရှိနေတယ်။ ဒီနည်းနဲ့ လက်ဝဲယိမ်းအစိုးရတွေကို လက်ယာယိမ်းဗိုလ်ချုပ်တွေကို ထောက်ပံ့ပြီး ဖြုတ်ချတတ်တယ်။ လက်ယာယိမ်း ဆိုတာ မျိုးချစ်စိတ်ပြင်းတဲ့ ဗိုလ်ချုပ်တွေပါ။

ဥပမာ ဗိုလ်ချုပ်မူတူတူက လူမွန်သာကိုဖြုတ်ချတာ ကွန်ဂိုမှာ ၁၉၆၀ထဲကဖြစ်ခဲ့တယ်။ ကမ္ဘောဒီးယားမှာ သီဟာနုကို ဗိုလ်ချုပ်လုံနိုးက ဖြုတ်ချမှု၊ အင်ဒိုနီးရှားမှာဆူကာနိုကို ဗိုလ်ချုပ်ဆူဟာတိုက ဖြုတ်ချမှု၊ ချီလီမှာ ဗိုလ်ချုပ်ပီနိုရှေး အာဏာသိမ်းမှုတွေဟာ CIA ပယောဂနဲ့မကင်းဘူး။ လက်ဝဲလှုပ်ရှားမှုတွေ မကြီးထွားခင် CIA ကဝင်ပါတာလည်းရှိခဲ့တယ်။ ဥပမာ ချေဂွေဗားရားအား နှိမ်နင်းမှု၊ လောမှာ သုဝဏ္ဏဖောင်ကို ဖိနှိပ်ထားမှု၊ ဗီယက်နမ်နဲ့ကိုရီးယားနိုင်ငံနှစ်ပိုင်းကွဲလို့ စစ်ပြုနေရမှုတွေဟာ အသည်းနာဖို့ကောင်းတယ်။ ဆိုရှယ်လစ် အသွင်ယူပြီးအာဏာရှင်စနစ်ကို ထူထောင်ကြတဲ့ အီဂျစ်က အဗ္ဗဒူဂါမဲလ်နက်ဆာ၊ လစ်ဗျားကမွန်မာဂဒါးဖီးလ်၊ အီရတ်က ဆပ်ဒန်ဟူစိတ်တို့က ဆိုရှယ်လစ်ဟန်ပြလုပ်ပြီး ရုရှားကလက်နက်ဝယ်၊ ပြည်သူကို အာဏာရှင်ပုံစံ အုပ်ချုပ်ခဲ့ကြတာလည်း ဇာတ်သိမ်းမကောင်းဘူး။ ၁၉၉၀မှာ အာဖဂန်က ဘာဘရက်မာမဲလ်နဲ့ နဂျီဘူလာတို့ ကိုဖယ်ရှားပြန်တော့လည်း နိုင်ငံနဲ့ပြည်သူသာ နစ်နာကျန်ရစ်ခဲ့တယ်။

## တပည့်မွေးနိုင်သမျှမွေးကြ

ဆိုဗီယက်ယူနီယံ ပြိုကွဲတာကလည်း ဖက်ဒရယ်ပုံစံလုပ်ရင် ဒီမိုကရေစီ ပါတွဲစပ်လာရတယ်။ ဒီမိုကရေစီ မပါတဲ့ ဖက်ဒရယ်နိုင်ငံတွေပြိုကွဲကြတာပဲ။ ရုရှားမှာ ဂျုံဈေးနဲ့ ရေနံဈေးတွေကျဆင်းနေလို့ စီးပွားရေးပျက်တာနဲ့ ရုရှား ပြည်ထောင်စုကို သမ္မတဂိုဘာချော့လက်ထက်မှာ ပြိုကွဲခံလိုက်ရတယ်။ ပြိုကွဲတော့ ဖက်ဒရယ်(၁၄) ပြည်နယ်တွေကို စီးပွားရေးအတွက်ထောက်ပံ့စရာ မလိုပေမယ့် ပြည်နယ်အချို့မှာ အခြေချတဲ့ တိုက်ချင်းပစ်၊ တာလတ် ပစ်ဒုံးပျံ ICBM, IRBM စခန်းတွေပြောင်းရွှေ့ဖို့မလွယ်ဘူး။ ယူကရိန်းပြဿနာ ကဒါပဲ။

လက်ယာယိမ်းဗိုလ်ချုပ်တွေဟာ မျိုးချစ်စိတ်သာရှိတာ။ သူတို့မှာဝါဒ တွေမခိုင်မြဲကြဘူး။ လက်ဝဲနိုင်ငံက ဗိုလ်ချုပ်တွေက ပါတီရဲ့ဝါဒကို ယုံရတယ်။ ပါတီကထိန်းချုပ်မှုရှိတယ်လို့ လက်ဝဲအစိုးရတွေရဲ့လမ်းညွှန်မှုအောက်မှာနေ ရတယ်။ ဥပမာ မာရှယ်ဥစတီနော့က သမ္မတဘရစ်ဇနက်ရဲ့ လက်အောက်မှာ၊ မာရှယ်ချင်ယီ၊ မာရှယ်ချူတေးတို့က ဥက္ကဋ္ဌကြီးမော်စီတုန်းရဲ့ဝါဒအတိုင်း လိုက်နာကြတယ်။

အင်ဒိုနီးရှားသမ္မတဆူဟာတိုဟာ သူသမ္မတဖြစ်လာတော့ ဆန့်ကျင်သူတစ်သိန်းခွဲကို နှိမ်နင်းခဲ့တယ်။ အမေရိကန်ကလည်း ကွန်မြူနစ်နှိမ်နင်းတဲ့ သမ္မတကို မြှောက်စားတယ်။ လက်ယာယိမ်းစီးပွားရေးတွေ ထူထောင်ပေးလို့ နိုင်ငံဖွံ့ဖြိုးလာတယ်။ ဆူဟာတို(၃၂)နှစ်မင်းမူပြီး ဆွေမျိုးကောင်းစားရေးကြောင့် နိုင်ငံမငြိမ် မသက်ဖြစ်လာတယ်။ သူ့သမက်ပရိုဘိုဂိုဟာ ထောက်လှမ်းရေးမှူးချုပ်ဖြစ်တော့ ဆူဟာတိုရဲ့နန်းသက်ကို ကာကွယ်တဲ့အနေနဲ့ အဖျက်အမှောင့်တွေကို ၁၂ ရက်ကြာ ပြည်သူတွေကြောက်လန့်အောင် လုပ်ခဲ့ရတယ်။ ယခုပါတီစုံ လုပ်တော့ သမ္မတဂျိုဝီဒိုဒိုနဲ့ ထောက်လှမ်းရေးမှူးချုပ် ပရိုဘိုဂိုတို့ ရွေးကောက်ပွဲဝင်တယ်။ ပရိုဘိုဂိုကလည်း သူမဲနိုင်တယ်ဆိုပြီး အကြောက်အကန်လုပ်နေတယ်။ ရွေးကောက်ပွဲကော်မရှင်က ဂျိုကိုဝီဒိုဒိုကို အနိုင်ပေးတယ်။ ဒါကြောင့် လက်ယာယိမ်းဗိုလ်ချုပ်ဆူဟာတိုမရှိပေမယ့် သူပျိုးထောင်ခဲ့တဲ့ စစ်တပ်ဟာ သားတူ၊ ညီများကောင်းစားရေးပဲ လုပ်နေကြတုန်းပါ။

## အိန္ဒိယနဲ့ ပါကစ္စတန်စစ်ဖြစ်ပြန်ပြီ

ဒီမိုကရေစီအကြီးဆုံးနိုင်ငံကြီး အိန္ဒိယဟာ ရုရှားနဲ့အစဉ်တစိုက် မဟာမိတ်ဖြစ်ခဲ့တယ်။ ဝန်ကြီးချုပ်နေရူးရဲ့ ကွန်ဂရက်ပါတီရဲ့မူဝါဒက ရုရှားနဲ့နီးစပ်တယ်။ ပါကစ္စတန်က SEATO နဲ့ CENTO စစ်အုပ်စုဝင်ဖြစ်တော့ အမေရိကန်ကအထောက်အပံ့ရနေတယ်။ ကက်ရှမီးယားအရေးနဲ့ နှစ်နိုင်ငံစစ်ဖြစ်တာ သုံးကြိမ်ရှိပြီ။ အဏုမြူလက်နက်ပိုင်ရှင်တွေဖြစ်တော့ သူတို့စစ်ကြီးဖြစ်လာရင် အိမ်နီးချင်းတွေမသက်သာဘူး။ တရုတ်ကပါကစ္စတန် နဲ့မဟာမိတ်၊ အိန္ဒိယနဲ့ တရုတ်က သင့်မြတ်ကြတာမဟုတ်ဘူး။ မြန်မာပြည်က သူတို့ကိုလည်း စောင့်ကြည့်နေရတယ်။

အိန္ဒိယပြည်က ဖက်ဒရယ်ပုံစံကျဒီမိုကရေစီနိုင်ငံကြီးဖြစ်နေပေမယ့် ကွန်မြူနစ်ပါတီလည်း တရားဝင်စည်းရုံးခွင့်ရှိတယ်။ ပြည်တွင်းစစ်မရှိဘူး။ ဆိုဗီယက်နဲ့ယူဂိုစလားဗီးယားတွေဟာ ဖက်ဒရယ်ပုံစံကျဖွဲ့စည်းထားပေမယ့် ဒီမိုကရေစီစနစ်မရှိဘူး။ ပြိုကွဲမှာစိုးလို့ တင်းကျပ်စွာချုပ်ကိုင်ထားပေမယ့်လည်း ပြိုကွဲခဲ့ကြတယ်။ ဗင်နီဇွဲလားဟာ ဖက်ဒရယ်ပြည်ထောင်စုမဟုတ်၊ တစ်ပြည်ထောင်စနစ်ပေမယ့် ဒီမိုကရေစီမရှိရင်မဖွံ့ဖြိုးဘူး။ အရင်က ငတ်မွတ်နေတဲ့ အီသီယိုပီးယားတောင် ပြည်တွင်းစစ်မရှိလို့ တိုးတက်လာပြီ။ တစ်ပါတီစနစ်ကျင့်သုံးဘူးတဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့ ဒီမိုကရေစီအထိုက်အလျောက်ရတာနဲ့ မြန်မာထက်ဖွံ့ဖြိုးလာတယ်။ ဗင်နီဇွဲလားကိုစောင့်ကြည့်နေကြပြီ။ စစ်တပ်ကလမ်းမှန်ကိုရွေးပါ။ ဒီမိုကရေစီဘက်ယိမ်းရင် အကောင်းဆုံးအဆုံးအဖြတ်ဖြစ်မယ်။

♦မိုးမြင့်ဝင်း(နည်းပညာ)♦

www.free4readers.com

# ပါးမှာသနပ်ခါး ၊ ပေါင်မှာသေးစီးကြောင်း

သရဝဏ်(ပြည်)



ရန်ကုန်မြို့တော်တွင်စည်ပင်ကော်မတီ ရွေးကောက်ပွဲကြီးကျင်းပတော့မည့်အချိန်နီးလာသောအခါ တိုးရစ်ဂိုဒ်ဘဝက နိုင်ငံခြားသားများထံမှ ကြားခဲ့ရဖူးသောစကားများကိုသတိရမိသည်။

"မင်းတို့နိုင်ငံကလမ်းတွေက အရမ်းသန့်ရှင်းတာပဲနော် အခြားအိမ်နီးချင်းနိုင်ငံတွေထက်သာတယ်၊ အားလုံးဟာမြင်မြင်သမျှ သပ်ရပ်ပြီးသန့်ရှင်းလှပနေတာပဲ"

ထိုစကားကို မြန်မာနိုင်ငံသို့ရောက်လာသော နိုင်ငံခြားသားတော်တော်များများကပြောတတ်ကြသည်။ ပြောကြသောအချိန်မှာ ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှ ထွက်ခွာလာကာစ အချိန်ဖြစ်လေ့ရှိပြီး ပြောကြားလေ့ရှိသောနေရာမှာ ပြည်လမ်းပေါ်အင်းလျားကန်သို့မရောက်မီ အင်းလျားလေးကန် အကွေ့ကျောင်းကွေ့မှတ်တိုင်အနားတွင်ဖြစ်သည်။ ထိုနေရာသည်တော်တော်လည်းလှပါသည်။ သာယာလှပသော ရေကန်ကလေးလည်းထိုနေရာတွင်ရှိသည်။ လမ်းအကွေ့လေးဝယ် မြို့တော်စည်ပင်မှ စိုက်ပျိုးထားသော ပန်းပင်များ မှရောင်စုံပန်းများဖူးပွင့်ဝေဆာနေကြသည်။ လမ်းနံဘေးဝယ်အလှစိုက်အုန်းပင်လိုလို ထန်းပင်လိုလို အပင်များ ကလည်းလေအဝှေ့ဝယ်ဘယ်ညာ ယိမ်းနွဲ့နေကြသည်။ ကတ္တရာလမ်းသည် နိုင်လွန်ကတ္တရာဖြင့် နက်မှောင် ကျယ်ပြန့်လှသည်။ ထိုနေရာတွင် ပလက်ဖောင်းများလည်း စနစ်တကျတည်ရှိပြီး လမ်းဘေးတွင် အမှိုက်တစ်စမှမရှိချေ။ ကျွန်တော်သည် ပုထုဇဉ်ပီပီ ကိုယ့်နိုင်ငံကိုချီးကျူးခံလိုက်ရသဖြင့် ကျေနပ်သွားမိသည်။ သို့သော် ပါးစပ်မှထုတ်ဖော်ပြီးတော့ အားရပါးရမကျေနပ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ကိုယ့်ဝမ်းနာ ကိုယ်သာသိ၊ ကိုယ့်နိုင်ငံအကြောင်းကိုယ်အသိဆုံးမို့လို့ဖြစ်သည်။

ရန်ကုန်မြို့ကြီးတွင်အမှိုက်ကင်းစင်၍ ဤမျှလှပသန့်ရှင်းနေသည်မှာ နေရာကွက်ကျား၍ဖြစ်ပေါ်နေမှန်း နိုင်ငံခြားသားများမသိသေးပါ။ ရန်ကုန်လေဆိပ်မှ အထွက်လမ်းချင်းအတူတူမှာပင် နိုင်ငံခြားသားများနှင့်နိုင်ငံတော်အကြီးအကဲများ ပုံမှန်အသုံးပြုလေ့ရှိသော ပြည်လမ်းဘက်မှ မုခ်ဦးရှိရာဝင်ထွက်ပေါက်မှာ အလွန်သန့် ရှင်းလေသည်။ သို့သော်လည်း အသင်သည် ထိုလေဆိပ်ဝင်ပေါက်မှ မဝင်မထွက်ဘဲ အလုပ်သမားများ၊ လက်လုပ်လက်စားများဝင်ထွက်ကြရာ ပုရွက်ဆိတ်ကုန်းဘူတာဘေး ဝင်ပေါက်မှဝင်လာပါက အင်မတန်ကြီးမားသော လမ်းဘေးအမှိုက်ပုံကြီးများကိုအစီအရီ တွေ့မြင်ရပေမည်။ ရန်ကုန်လေဆိပ်တစ်ခုထဲမှာပင်ရှေ့ ဘက်ဝင်ပေါက်နှင့်နောက်ဘက်ဝင်ပေါက်မှာ သူဌေးအိမ်နှင့်ဆင်းရဲသားအိမ်ကွာသလိုကွာတာကိုတွေ့မြင်ရ ပေလိမ့်မည်။ ထိုအခါ ပြည်လမ်းမကြီးပေါ်ကိုကြည့်၍ချီးမွမ်းခန်းဖွင့်လာသော နိုင်ငံခြားသားကို မချိပြုံးပြုံးပြရုံကလွဲ၍ အားရပါးရဝင်ရောက်ထောက်ခံဆွေးနွေးဖို့အရေးကိုမူ ကိုရွှေမြန်မာညော့်လမ်းညွှန်များမှာ မဝံ့မရဲဖြစ်နေခဲ့ရစမြဲဖြစ်သည်။

ရန်ကုန်လေဆိပ်ကြီးနှင့် ခဲတစ်ပစ်စာသာသာလောက်ပဲဝေးသော ကျွန်တော်တို့မြောက်ဥက္ကလာပမြို့တော် ကြီးတွင်နေထိုင်သူများအတွက်မူကား အမှိုက်ဆိုသည်မှာ အမြဲထာဝရ အမှိုက်ကန်ထဲမှလျှံထွက်ကာလမ်းပေါ် တွင်မြင်မကောင်းအောင်သောင်တင်နေသော အနံ့ပေါင်းစုံအော်ဂလီဆန်စရာပစ္စည်းတစ်ခုဖြစ်ကြောင်း ကလေးလူကြီးမရွေး အားလုံးသိနေကြသောအမှတ်အသားသာဖြစ်ပေသည်။ ထိုသို့လမ်းပေါ်ဝယ် အမှိုက်တဖွေးဖွေး ယင်တလောင်းလောင်းဖြစ်နေသော ဧရာမအမှိုက်ပုံကြီးများကိုတွေ့ရပါများသဖြင့် တစ်ခါက ကျွန်တော်သည် မြို့နယ်စည်ပင်ရုံးမှတာဝန်ရှိသူတစ်ဦးကိုမေးကြည့်ဖူးသည်။

"အမှိုက်တွေဟာ လမ်းပေါ်မှာ မြင်မကောင်းအောင်ဘာလို့လျှံကျနေတာလဲ၊ ဘာလို့စည်ပင်သာယာက လာ မှန်မှန်လာမသိမ်းတာလဲ"

ထိုအခါ တာဝန်ရှိသူတစ်ဦးက ဤကဲ့သို့ဖြေ၏။

"ကျုပ်တို့လည်း အမှိုက်မှန်မှန်သိမ်းချင်ပါတယ်၊ ဒါပေမယ့် တစ်မြို့နယ်လုံးအတွက်အမှိုက်သိမ်းဖို့ ကားတကမလောက်ဘူး၊ ကားခြောက်စီးပဲရှိတာသုံးစီးကပျက်နေတယ်။ကျန်တဲ့သုံးစီးကလည်းတော်တော်ဟောင်း နွမ်းနေပြီ ၊ ခပ်ယဲ့ ယဲ့ ပဲရှိတော့တယ်"

ကားပျက်တွေကိုပြင်မပေးသော ဌာနဆိုင်ရာကိုပဲအပြစ်တင်ရမည်လား၊ ကားတွေလုံလောက်အောင်ထားမပေးသော စီမံခန့်ခွဲမှုညံ့ဖျင်းတာကိုပဲ လက်ညှိုးထိုးရမလား၊ ကားမလုံလောက်တာကိုအထက်သို့ရဲရဲဝံ့ဝံ့မတင်ပြဘဲ မလုပ်မရှုပ်မပြုတ်မှုဖြင့် ပြည်သူတွေကို အမှိုက်တွေနှင့်ပစ်ထားသော အရာရှိဆိုးကိုပဲ ခေါင်းတည်ပြီး တရားခံသတ်မှတ်ရမလား။ အမှိုက်တွေကတော့ လူတွေသွားလာနေသော လမ်းမကြီးတွေပေါ်အထိမြင်မကောင်းအောင်ရောက်ရှိနေခဲ့ပြီဖြစ်သည်။

ရောက်စနေ့က ရန်ကုန်မြို့ကြီးသန့်ရှင်းပုံကို ချီးမွမ်းခဲ့သော တိုးရစ်များသည် နောက်ရက်အနည်းငယ်အတွင်း မြန်မာနိုင်ငံတစ်နံတလျားသို့ရောက်သွားသောအခါ မြန်မာ့အမှိုက်ကမ္ဘာတွင်လွှမ်းနေပုံကိုတအံ့တဩကြည့်ရှုကြရပြီး ရင်သပ်ရှုမောဖြစ်ကြ၏။ မန္တလေးမြို့ ဦးပိန် တံတားသို့သွားရာလမ်းဝယ်ဧရာမအမှိုက်ပုံကြီးကိုတွေ့မြင်ရလျှင် ဓာတ်ပုံရိုက်ကြ၏။မင်းကွန်းပုထိုးတော်ကြီးအနီးဝယ်ကြွတ်ကြွတ်အိပ်များ၊ အမှိုက်များပွစာလောင်းလန်နေ၏။ မင်းကွန်းသို့သွားသော မော်တော်ဆိပ်မှာ အမှိုက်တို့ဖြင့်မြင်မကောင်း အောင်ဖြစ်နေသည်။ ပုဂံဘုရားတို့ကြားဝယ် အမှိုက်များပွနေကြသည်။ ကမ္ဘာကျော်အင်းလေးကန်ကြီးသို့ရောက်သောအခါ သာယာလှပသော သဘာဝရှုခင်းများကို အလွန်သဘောကျကာ အလုအယက် ဓာတ်ပုံရိုက်ကြ၏။ သို့သော် ကျွန်တော်တို့ဧည့်လမ်းညွှန်များမှာ ဘုရားတနေရသည်။ ဘုရားမလို့အဲဒီဘက်ကစက်လှေဖြတ်မမောင်းပါစေနဲ့။ ဘုရား ဘုရား။ သို့သော် ကျွန်တော်တို့ဆုတောင်းပြည့်လေ့မရှိ။ စက်လှေ ဆရာသည် သွားရလာရလွယ်သော ဟဲယားရွာမဘေး မြက်ခင်းစပ်စပ် ကိုင်းတောဘေးမှဖြတ်မောင်းရာတစ် ရွာလုံးမှလာရောက်စွန့်ပစ်ထားသော အမှိုက်များမှာ အင်းလေးကန်နှင့် သဘာဝအလှနှင့်ပြောင်းပြန်အချိုးကျကာ ရေပေါ်ပေါ်နေတာရော မြုပ်နေတာရော ကိုင်းပင်ထက်မှာတင်နေတာရော၊ ရေထဲမှပေါလောမျော နေတာရော မြင်မကောင်းရှုမကောင်းတွေ့ရပါတော့သည်။ ဧည့်လမ်းညွှန်လည်းမျက်နှာမဖော်ဝံ့တော့ပါပြီ။ ထင်ထားသည့်အတိုင်း နေ့လယ်စာစားချိန်တွင် ကိုရွှေတိုးရစ်များကမေးကြပါပြီ။

"နေပါဦး မင်းတို့နိုင်ငံမှာ အမှိုက်သိမ်းစနစ်ကောရှိရဲ့လား၊ အမှိုက်ကိုဘယ်သူတွေကတာဝန်ခံပြီးသိမ်းတာလဲ၊ မင်းတို့နိုင်ငံမှာ မြူနီစီပါယ်ဌာနဆိုတာရောရှိသလား" ထိုအခါ ကျွန်တော်တို့မှာ မည်သို့ မျက်နှာထားရပေတော့မည်နည်း။ ရန်ကုန်မြို့မှအစ အင်းလေးကန်အဆုံးဖြစ်ချင်တိုင်းဖြစ်နေကြပုံများမှာ နိုင်ငံခြားသား များအတွက်တော့ အံ့ဩကုန်နိုင်ဖွယ် ဖြစ်နေကြပါသည်။

ကျွန်တော်တို့ဧည့်လမ်းညွှန်များသည်မြန်မာနိုင်ငံမှ ကမ္ဘာကျော်အထိမ်းအမှတ်များအကြောင်းကို နိုင်ငံ ခြားသားများအား ဤသို့ဂုဏ်ယူဝင့်ကြွားစွာဖြင့်ရှင်းပြလေ့ရှိပါသည်။

"ဟောဒါကတော့ ကျွန်းသစ်နဲ့ဆောက်ထားတဲ့ ကမ္ဘာ့အရှည်ဆုံးတံတားကြီးပါ၊ ဦးပိန်တံတားလို့ခေါ် ပါတယ်"

"ဟောဒါကတော့ ကမ္ဘာ့အကြီးဆုံးမကွဲမအက်သေးတဲ့ခေါင်းလောင်း ကြီးပါ ၊မင်းကွန်းခေါင်းလောင်းကြီးလို့ခေါ်ပါတယ်"

"ဟောဒါကတော့ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးလို့တင်စားခေါ်ဝေါ်ကြတဲ့စေတီကြီးပါ၊ ကုသိုလ်တော် ဘုရားလို့ခေါ်ပါတယ်"

"ဟောဒါကတော့ အရှေ့တောင်အာရှရဲ့အမြင့်ဆုံးတောင်ထွတ်ပါ၊ ခါကာဘိုရာဇီလို့ခေါ် ပါတယ်"

ထိုအခါ တစ်ခါတစ်ရံ ဧည့်သည်တိုးရစ်များက ပြုံးစေ့စေ့ဖြင့် ကျွန်တော်တို့ကိုအောက်ပါအတိုင်းပြန် ပြောတတ်၏။

"ဟောဒါကတော့ ကမ္ဘာမှာ အကြီးဆုံးအမှိုက်ပုံကြီးဖြစ်ပါတယ်" ဟူသတည်း။

ရှက်ရလည်းခက်။ နာရည်းခက်။ အတော်အခံရခက် သောဖြစ်ရပ်ပါပေ။

ထိုသို့ ကဲ့ရဲ့ရှုတ်ချသံများကြားလာ ရသောအခါ ကျွန်တော်ကတော့ Time Slip လို အတိတ်ကို နောက်ပြန်သွားကာ ဒင်းတို့မြန်မာပြည်သို့စရောက်လာသောနေ့က ရန်ကုန်မြို့ပြည်လမ်းပေါ်ဝယ် ချီးမွမ်းခဲ့ ကြသောစကားများကိုသာ တစိမ့်စိမ့်ပြန်တွေးရင်း ကိုယ်ကိုယ်ကိုယ် အားတက်လာအောင်လုပ်ရ လေသည်။ ဘာတဲ့.

"မင်းတို့ရန်ကုန်မြို့ကြီးဟာအမှိုက်တွေမရှိဘဲ သန့်ရှင်းနေပုံဟာ အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံတွေထက်သာပါပေသည်" တဲ့။

ဒီစကားကြားရတာ အားရှိလိုက်ပါဘိ။ သူများနိုင်ငံတွေ အာကာသထဲသို့ဒုံးပျံလွှတ်တင်ပြီးနိုင်ငံတကာအာကာသစခန်းသို့ အပျော်ခရီးသွားကြရန်ပင်လုပ်ဆောင်နေကြလေပြီ။ ကျွန်တော်တို့ကတော့ ယခုအချိန်အထိ စည်းကမ်းတကျအမှိုက်ပစ်ဖို့၊ အမှိုက်သိမ်းဖို့ကိစ္စကလေးကိုတောင် ဧရာမကိစ္စကြီးလို ပြောဆိုပညာပေး နေရတုန်းပင်ရှိသေးသည်။ ဇိဘ်မောစရာပါတကား။ အစိုးရဘက်ကရော၊ တိုင်းသူပြည်သားတွေဘက်က ရောစိတ်ဓာတ်တွေ ပြုပြင်ပြောင်းလဲကြဖို့အချိန်တန်ရုံသာမက၊ အချိန်ပင်လွန်နေပြီဖြစ်ပါကြောင်း။

သရဝဏ်(ပြည်)

## ပန်းတို့ရဲ့ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများ



- ပန်းက လမ်းမပေါ်ပြေးတယ်
  အချိန်ကြာတော့ ပန်းမောလာတယ်။
- ဒါနဲ့ပဲ . . . ပန်းဟာ
  သူ့ကိုယ်စားပြေးပေးမယ့် ရနံ့ကို မွေးလိုက်တယ်။
- ရနံ့ပြေးလေရဲ့
  ဟို. . . ခပ်ဝေးဝေးထိ သက်လုံရှိုင်ရှိုင်
  နှစ်ပေါင်းသုံးလေးဆယ်ကြာလည်း မမောနိုင်။
- ဒါပေမယ့် . . . ရနံ့ဟာ
  တစ်နေရာရောက်တော့ အမောဆို့သေသွားတယ်
  ရနံ့သေထဲက ပြာစပေါ်လာတယ်။
  ပြာစက ပန်းဘဝနိဂုံးချုပ်လိုက်တယ်။
- တစ်ခါသားတော့
  နှစ်ပေါင်းတစ်ရာကျော်ပြေးလာတဲ့ရနံ့တစ်ခုဟာ
  တစ်နေရာမှာအမောဆို့သေသွားတယ်
  ရနံ့သေထဲက ပန်းပေါ်လာတယ်
  အဲဒီပန်းက ရနံ့သစ်မွေးဖွားတယ်
  ရနံ့သစ်က ပန်းဘဝနိဒါန်း ပျိုးလိုက်တယ်။

နွေသင်နိုင်



www.free4readers.com



# တရုတ်ပိုးလမ်းမ စီမံကိန်း ဖြတ်ခွင့်ပြုမည်ဆိုလျှင် မြန်မာ့အချုပ်အခြာအာဏာမပွန်းပဲ့ရေး သတိရှိဖို့လိုသည်

ဇင်လင်း

၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေခြင်းအပေါ် တရုတ်နိုင်ငံအနေဖြင့် အားပေးထောက်ခံလျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာဆွန်ကော်ရှန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နေပြည်တော်၌တွေ့စဉ်ပြောသည်ဟုဆိုသည်။ ဖေဖော်ဝါရီ ၂၈ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်အထူးကိုယ်စားလှယ်တို့ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများဆွေးနွေးခဲ့ ကြောင်း တပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံ အမြန်ဆုံး ငြိမ်းချမ်းရေးရရှိစေလိုသော ဆန္ဒရှိနေသည်ကို အထူးပြုဖော်ပြခြင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံကို ငြိမ်းချမ်းစေလိုသော ဆန္ဒရှိကြောင်း ဖော်ပြပြောဆိုနေသည်မှာ အကြောင်းမဲ့ မဟုတ်ပါ။ တရုတ်အစိုးရ၏မဟာဗျူဟာမြောက် စီးပွားရေးစီမံကိန်းဖြစ်သော ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ကုန်းလမ်း- ရေလမ်း နှစ်မျိုးလုံး အသုံးပြုလျက် ကုန်သွယ်ရေး လမ်းကြောင်းကြီး ချိတ်ဆက် ဖော်ဆောင်နေသည်။ Belt and Road Initiative-BRI "ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း" ခေတ်သစ်ပိုးလမ်းမအဖြစ် ကမ္ဘာကသိသည်။ မြန်မာနိုင်ငံမြောက်ပိုင်းမှတစ်ဆင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းဒေသအထိ ခေတ်သစ် ပိုးလမ်းမက ဖြတ်သန်း မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံကိုတရုတ်ကသူ့အကျိုးစီးပွားနှင့်ယှဉ်၍ ငြိမ်းချမ်းစေလိုခြင်း ဖြစ်သည်။

ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဧရာဝတီခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်နေ့နံနက် (၁၀)နာရီတွင် ကျင်းပရာ ကော်မတီဥက္ကဋ္ဌနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားခဲ့သည်။ အစည်းအဝေးသို့ ဦးဆောင်ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ၊ ဦးဆောင် ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဆိုပါ ဧည့်ပရိတ်သတ် အခင်းအကျင်းကို ကြည့်လျှင် BRI စီမံကိန်းဖြန့်ကြက်ထားသည့် နယ်ပယ်အတွင်း မြန်မာ နိုင်ငံလည်း မလွှဲသာ ဖရှောင်သာ ပါဝင်ရမည်မှာ သေချာနေသည့် သဘောဖြစ်သည်။

BRI စီမံကိန်းဖော်ဆောင်ရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဦးဆောင်အကောင်အထည်ဖော်မည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် ကမ္ဘာ့နိုင်ငံ (၆၀)ကျော် ပါဝင်ပတ်သက်လျက်ရှိပြီး အခြေခံအဆောက်အအုံ ဆက်သွယ်ရေးသာမက ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မည့်ကျယ်ပြန့်သော အစီအစဉ်တစ်ခုဖြစ်ကြောင်းရှင်းပြသည်။ ပထဝီအနေအထားအရ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် မြန်မာနိုင်ငံသည် မဟာဗျူဟာကျသည့် နေရာ၌တည်ရှိနေသည့်အတွက် ပါဝင်ဆောင် ရွက်သွားရန်ရှိသည်ဟုဆိုသည်။ ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွက်သာမက ဒေသအတွက်လည်း အကျိုးဖြစ်ထွန်းစေမည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေနိုင် သည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကဆိုသည်။ သို့သော် စီမံကိန်းများဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် အကျိုးစီးပွား မျှမျှတတ ဖြစ်ရေးအတွက် မဟာဗျူဟာနှင့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်သည်ဟု ပြောဆိုသည်။ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း BRI အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်"ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်"နှင့်အညီ ဆောင်ရွက် သွားရန်လိုသည်ဟုပြောကြားသည်။စီမံကိန်းများဆောင်ရွက်ရာတွင်ပြည်သူများအတွက် ရေတိုအကျိုးဖြစ်ထွန်းရေးသာမက ရေရှည်အကျိုးကိုပါ ရှုထောင့်အမျိုးမျိုးက လေ့လာစိစစ်ဆောင်ရွက်သွားရန် လိုကြောင်းလည်း ၄င်းကပြောကြားသည်။ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်တွင် ဆောင်ရွက်မည့်စီမံကိန်းများသည် မိမိတို့နိုင်ငံ၏ အမျိုးသားစီမံကိန်းများ၊ မူဝါဒများ၊ ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့်လိုက်လျောညီထွေမှုရှိရန် လိုအပ်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

မကြာသေးမီက သမိုင်းနောက်ခံဖြစ်စဉ်တစ်ရပ်မှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစု ကြည်နှင့် တရုတ်သမ္မတ Xi Jinping တို့ ၂၀၁၇ ဒီဇင်ဘာလတွင် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China-Myanmar Economic Corridor) ထူထောင်ရေးကိစ္စကို ဆွေးနွေးခဲ့ကြ ပြီး၊ ရထားလမ်းနှင့်ကားလမ်းများ ဖောက်လုပ်ရေး စီမံကိန်းကိစ္စများလည်းပါသည်ဟု Nikkei သတင်းက ဖော်ပြခဲ့ဖူးသည်။ ထိုစီမံကိန်းများကို အကောင်အထည်ဖော်မည်ဆိုပါက မြန်မာနိုင်ငံသည်တရုတ်၏ကြွေးမြီထောင်ချောက်ထဲမှရုန်းမထွက်သာဖြစ်သွားနိုင်ကြောင်း Nikkei Asian Review သတင်းဌာနက ဝေဖန် သုံးသပ်ခဲ့ဖူးသည်။

၂၀၁၈ ဇူလိုင် ၇ ရက်နေ့ မဇ္ဈိမသတင်းတွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းအတွက် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးခဲ့သည်ဟု သတင်းဖော်ပြခဲ့ဖူးသည်။ အလားအလာ ကောင်း၍ သဘောတူညီချက်ရရှိပြီးဖြစ်သောကြောင့် မကြာမီလုပ်ငန်းများစတင်သွားရန် စီစဉ်နေသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြောင်း သတင်းအရ သိရသည်။

"ကျောက်ဖြူရေနက်စီမံကိန်းက အင်မတန်ကြီးမားတဲ့ စီမံကိန်းဖြစ်ပြီးတော့ အရင်အစိုးရများထဲက ဆုံးဖြတ်ချက်ကရှိပါတယ်။ အခုကျောက်ဖြူစီမံကိန်းကို ပြန်လည်သုံးသပ်တာမဟုတ်ပါဘူး။ ညှိနှိုင်းတာဖြစ်ပါတယ်။ သဘောတူညှိနှိုင်းမှုတွေက အတော်လေးအလားအလာကောင်းပါတယ်။ မကြာခင်မှာလည်း ကျွန်တော်တို့ သဘောတူညီချက်ရပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။" ဟု ဒေါက်တာသန်းမြင့်က ပြောကြားသည်။

ကျောက်ဖြူရေနက်စီမံကိန်းကို လုပ်ဆောင်ရာတွင် မြန်မာနှင့်တရုတ်နိုင်ငံတို့ နှစ်ဖက်အပြန်အလှန် အကျိုးမျှတမှုရှိရေး ရှုထောင့်မှ ချဉ်းကပ်သည်ဟုဆိုသည်။ အထူးသဖြင့် ရခိုင်ပြည်နယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်ဟုလည်းဆိုသည်။ ကျောက်ဖြူရေနက်စီမံကိန်းကို ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုကြီးမားမှု၊ စီမံခန့်ခွဲရေး စည်းမျဉ်းများစသည်တို့ကိုလည်း စဉ်းစားကြောင်း၊ စဉ်းစားရာ၌ ယင်းဆိပ်ကမ်းကို တစ်ချိတည်းနှင့် လုံးဝဥဿုံ အပြီးတည်ဆောက်မည့် သဘောမဟုတ်ဘဲ၊ အပိုင်းလိုက်၊ အပိုင်းလိုက် တည်ဆောက်သွားရန် နှစ်ဦးနှစ်ဖက် သဘောတူထားကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဆိုသည်။ အဆိုပါစီမံကိန်းတွင် ပြည်တွင်းမှ တိုင်းရင်းသားလုပ်ငန်းရှင်များပါဝင်မှု၊ အစိုးရစီမံခန့်ခွဲနိုင်မှုနှင့် တရုတ်နိုင်ငံ၏ ပူးပေါင်း ဆောင်ရွက်မှုများဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ဆိုသည်။

လက်ရှိ NLD အစိုးရ၏ တရုတ်ပြည်ဆိုင်ရာ မူဝါဒနှင့်စပ်လျဉ်း၍ အခြေအနေအရပ်ရပ်ကြောင့်အလျှော့ပေး ဆက်ဆံနေသလားဟု မေးခွန်းထုတ်စရာများ ရှိနေသည်။ အထူးသဖြင့် အနောက်နိုင်ငံများက ရခိုင်ပြဿနာကြောင့် စီပွားရေးရင်းနှီး မြှုပ်နှံမှုလုပ်ရန် နောက်တွန့်နေကြချိန်တွင် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို မြန်မာကဈေးမကိုင်ရဲဘဲ ဖိတ်ခေါ်နေရသည်။ "တရုတ်၏ အလွှာစုံ ဆက်ဆံရေးမဟာဗျူဟာနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေ" ဆိုသည့် သုတေသနစာတမ်း၌ စာတမ်းရှင် "ခင်ခင်ကျော်ကြီး" က ဒေါ်အောင် ဆန်းစုကြည်သည် တရုတ်နှင့်ဆက်ဆံရာ၌ ဘေဂျင်းအစိုးရ မကျေမနပ် ဖြစ်စေမည့် အပြုအမူမျိုးကို သတိထား ရှောင်ရှားလေ့ရှိသည်ဟု သုံးသပ်ထားသည်။ ၂၀၁၆ဩဂုတ်လဒေါ်အောင်ဆန်းစုကြည်၏ တရုတ်ခရီးစဉ်အတွင်း ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် မြန်မာက တရုတ်တစ်နိုင်ငံတည်း မူဝါဒကို လက်ခံခဲ့ပြီး၊ ထိုင်ဝမ်အရေး၊ တိဘက်အရေးနှင့် ရှင်းကျန်းအရေးတို့နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို နားလည် ထောက်ခံကြောင်း ဖေါ်ပြခဲ့သည်ဟု ဆိုသည်။ တရုတ်နိုင်ငံ၏ ခေတ်သစ်ပိုးလမ်းမ စီမံကိန်း "One Belt One Road" နှင့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေး စင်္ကြံ ကိုလည်း ထောက်ခံခဲ့သည်ဟု ဆိုထားသည်။ ထို့ကြောင့် တရုတ် အကျိုးစီးပွားဆိုင်ရာကိစ္စများကို မြန်မာက သတိကြီး စွာထား၍ ကိုင်တွယ်နေကြောင်း ပေါ်လွင်သည်ဟု စာတမ်းရှင်က သုံးသပ်ထားသည်ကို တွေ့ရသည်။

တရုတ်သည် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာပိုင်ဆိုင်ရရှိထားသူဖြစ်သည်။ စီးပွားရေးအရလည်း မဟာအင်အားကြီးနိုင်ငံဖြစ်လာရေးအတွက် ခေတ်သစ်ပိုးလမ်းမစီမံကိန်း (BRI) ကို တွန်းတွန်းတိုက်တိုက် အကောင်အထည်ဖော်နေသည်။ လာမည့် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(BRI) အောက်တွင် ဆောင်ရွက်မည့် စီမံကိန်းများသည် မိမိတို့နိုင်ငံ၏ အမျိုးသားစီမံကိန်းများ၊ မူဝါဒများ၊ ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေမှုရှိရန်လိုအပ်သဖြင့် တရုတ်နှင့် စီးပွားရေးစာချုပ်များ ချုပ်ဆိုရာ၌ အထူးသတိထားဖို့လိုပေလိမ့်မည်။ မြန်မာ့သယံဇာတ အတော်များများ လွန်ခဲ့သော ဆယ်စုနှစ်သုံးခုအတွင်း တရုတ်နိုင်ငံက အချောင်နှိုက်ယူခဲ့သဖြင့် အတော်ပင် ဆုံးရှုံးခဲ့ပြီးဖြစ်သည်ကို ပြည်သူအတော်များများ သိကြသည်။ သစ်တောများ ပြန်လည် စိမ်းလန်းလာစေရန်လက်ရှိ အစိုးရက ယခုမှ ပြန်လည်ပျိုးထောင်မှုလုပ် ကာစရှိသေးသည်။အခြားကျောက် စိမ်းဒေသ၊ ကြေးနီတောင်များဒေသ၊ ပယင်းနှင့် ရွှေထွက်ရာဒေသ၊ မြစ်ကြောင်းများတစ်လျှောက် ရေအားလျှပ်စစ် ထုတ်ယူမည့်နေရာဒေသများ၊ နီကယ်ထုတ်ယူရာဒေသနှင့် မြန်မာနိုင်ငံအထက်ပိုင်း စိုက်ပျိုးမြေများ ငှားရမ်းထားရာဒေသများ အစရှိသဖြင့် တရုတ်တို့စီးပွားရေးခြေ့ထွင် လုပ်ကိုင်နေမှု အစုစုသည် ဥပဒေစည်းမျဉ်းစည်း ကမ်းများနှင့်မညီကြောင်း သတင်းများတွင် မကြာမကြာတွေ့နေရသည်။ MOU ရေးထိုးလုပ်ကိုင်နေသော တရုတ်ကုမ္ပဏီလုပ်ငန်းများကို သေချာစိစစ်ပါက၊ တရားမဝင် တရုတ်နိုင်ငံသားများကို ခေါ်သွင်းလာနေကြောင်းမြင်နေကြရသည်။ မြန်မာနိုင်ငံ၏ ဥပဒေစိုးမိုးမှု အားနည်းချက်နှင့် အဂတိလိုက်စားမှု မထိန်းချုပ်နိုင်မှုစသည်တို့ကို အခွင့်ကောင်းယူကာ တရုတ်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာ့စီးပွားရေးလုပ်ကွက်များကို ဝင်ရောက် ထိန်းချုပ်လာနေ သည်။ မြန်မာအုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ဥပဒေစိုးမိုးရေးတာဝန်ရှိသူများအနေဖြင့် လာဘ်ပေးလာဘ်ယူအကျင့်ဟောင်းကို မစွန့်လွှတ်နိုင်ကြလျှင် ရေရှည်တွင် အချုပ်အခြာအာဏာကို ထိပါးနိုင်ပေသည်။

၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းအတွင်း ပေါ်ထွက်ခဲ့သည့်သတင်းများအရ တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရအကြား ပူးတွဲစီမံကိန်းဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း၏ ရှယ်ယာ ပိုင်ဆိုင် မှု ၈၅ ရာခိုင်နှုန်းအထိရရှိရန် တရုတ်အစိုးရက ကြိုးပမ်းနေသည်ဟုဆိုသည်။ ဒေါ်လာ သန်း ၇,၃၀၀ တန် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၏ ရာခိုင်နှုန်းအများစုကို ပိုင်ဆိုင်နိုင်ရန် တရုတ်အစိုးရပိုင် CITIC ကုမ္ပဏီက ဆောင်ရွက်နေကြောင်းကိုဖော်ပြထားသည့် စာရွက်စာတမ်းများ တွေ့ထားသည်ဟု ရိုက်တာသတင်းဌာနကဖော်ပြခဲ့သည်။ မြန်မာအစိုးရက ၂၀၁၆ ခုနှစ်ကတည်းက အကြံပြုထားသည့် ညီတူညီမျှ ၅၀-၅၀ ရာခိုင်နှုန်းစီ ပိုင်ဆိုင်ရေးအကြံပြုချက်ကို တရုတ်ကုမ္ပဏီဘက်က လက်မခံခဲ့ဟုဆိုသည်။ CITIC ကုမ္ပဏီက ၇၀ရာခိုင်နှုန်းမှ ၈၅ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ခွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း ၂၀၁၇ မေလ ၅ ရက်နေ့ ဘီဘီစီသတင်းတွင် ဖော်ပြခဲ့ဖူးသည်။

ကျောက်ဖြူမြို့နယ်မှ တရုတ်နိုင်ငံသို့ သွယ်တန်းထားသည့် ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းရာ လမ်းတစ်လျှောက် မိုးရာသီတွင် လယ်ကွင်းများအတွင်းသို့ တောင်ကျချောင်းရေများ ဝင်ရောက်သဖြင့် လယ်မြေပျက်စီး ဆုံးရှုံးမှုများ ကြုံတွေ့နေရကြောင်း ဒေသခံတောင်သူများက ပြောဖူးသည်။ ၎င်းလယ်မြေများအတွက် လျော်ကြေးငွေအပြတ်ပေးရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာန-တာဝန်ရှိသူများက တောင်သူများထံလာရောက်ညှိနှိုင်းသဖြင့် တောင်သူများက ငါးနှစ်စာလျော်ကြေးပေးရန် တောင်းဆိုခဲ့ဖူးသည်ဟုဆိုသည်။ မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းသည် မဒေးကျွန်းမှစတင်၍၊ ဓာတ်ငွေ့ပိုက်လိုင်းသည် ကျောက်ဖြူမြို့ နယ်မှ စတင်တည်ဆောက်ထားသည်။ ထိုပိုက်လိုင်းနှစ်သွယ်သည် ရခိုင်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဖြတ်သန်းဖောက်လုပ်ထားသည်။ ရေနံစိမ်းပိုက်လိုင်းသည် ၇၇၁ ကီလိုမီတာ ရှည်လျားသည်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ၇၉၃ ကီလိုမီတာရှည်လျားသည်။ ၎င်းစီမံကိန်းကို မြန်မာနိုင်ငံအစိုးရ၊ တရုတ်၊ အိန္ဒိယနှင့်ကိုရီးယားနိုင်ငံတို့မှကုမ္ပဏီခြောက်ခု ရင်းနှီးမြှုပ်နှံထားကြောင်း မီဒီယာသတင်းများအရ သိရသည်။ ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းကြောင့် လယ်ယာမြေများ သိမ်းဆည်းခံရခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းများ ကြုံတွေ့ရသော်လည်း ပိုက်လိုင်းမှရရှိသည့် အကျိုးအမြတ်များကို ဒေသခံများ ခံစားရခြင်းမရှိကြောင်း "ရွှေသဘာဝဓာတ်ငွေ့လှုပ်ရှားသူများအဖွဲ့" (The SHWE Gas Movement) က အစီရင်ခံစာထုတ်ပြန်ခဲ့ဖူးသည်။

မြန်မာနိုင်ငံအနေဖြင့်ခေတ်သစ်ပိုးလမ်းမစီမံကိန်းကိုမလွှဲသာမရှောင်သာ လက်ခံရတော့မည်ဆိုသောကြောင့် တရုတ်၏ဘဏ္ဍာငွေကြေးစိုက်ထုတ်မှုအပေါ် မှီခိုရတော့မည်ဖြစ်သည်။ ယင်းသို့ မှီခိုရသဖြင့်ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံများကို ဦးစွာ လေ့လာသင့်သည်။ မြန်မာနိုင်ငံနှင့် ပြည်သူလူထုအတွက် အမှန်တကယ်အကျိုး ဖြစ်ထွန်းစေမည့် စီမံကိန်းများ၊ လုပ်ငန်းစဉ်များကို မှန်ကန်စွာ စိစစ်ရွေးချယ်နိုင်ရန်ဂရုပြုရမည်။ BRI အစီအစဉ်ကို ကြီးကြပ် ကွပ်ကဲရေး၊ အကောင်အထည်ဖော်ရေးတို့အတွက် ဖွဲ့စည်းမည့် ကော်မတီအသီးသီးသည် လုပ်ငန်းစဉ်အကောင်အထည်ဖော်ရာ၌ အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ဖို့ လည်းလိုမည်။ အထူးသဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းနှင့်ပြည်နယ် ဒေသကြီး အစိုးရအဖွဲ့များအကြား ထိရောက်စွာညှိနှိုင်းဆောင်ရွက်နိုင်ဖို့လည်း အရေးကြီးသည်။ တရုတ်နိုင်ငံ၏ ပိုးလမ်းမစီမံကိန်း (BRI) မြန်မာပိုင်နက်အတွင်း တရားဝင်ဖြတ်သန်းခြင်းမပြုမီ အစိုးရ၊ လွှတ်တော်အရပ်ရပ်၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊ မြန်မာသတင်းမီဒီယာများနှင့်တကွ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး နိုင်ငံရေးသတိ စီးပွားရေးသတိ အထူးရှိကြရပါလိမ့်မည်။ တရုတ်ကုမ္ပဏီများဘက်က ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်တကွ ကျင့်ဝတ်များလိုက်နာစေရန် ဝိုင်းဝန်းထိန်းကျောင်းရပါမည်။ BRI စီမံကိန်းများကို MOU ရေးထိုးတော့မည်ဆိုလျှင် ပြည်သူအား မြင်သာထင်သာ အသိပေးဖို့လိုသည်။ အစိုးရအနေဖြင့် BRI စီမံကိန်းဆိုင်ရာ MOU စာချုပ်များ လက်မှတ်မထိုးမီ သက်ဆိုင်ရာလွှတ်တော်အသီးသီး၊ ပြည်နယ်/တိုင်းအစိုးရ အသီးသီးတို့ကလည်း စေ့စေ့စပ်စပ် အကျိုးအပြစ်များကို ဆန်းစစ်လေ့လာ သုံးသပ်ဖို့လိုသည်။ သတင်းမီဒီယာများကိုလည်း လွတ်လပ်စွာသတင်းယူခွင့် တွေ့ဆုံမေးမြန်းခွင့်ပေးဖို့လိုသည်။ နိုင်ငံရေးစီးပွားရေး ဩဇာခြေ့ထွင်လာမည့် တရုတ်နိုင်ငံ၏စီးပွားရေးစီမံကိန်းများအောက်တွင်မြန်မာတို့အချုပ်အခြာအာဏာ ပွန်းပဲ့မှုမရှိစေရန် စောင့်ကြည့်ကြရမည့် တာဝန်ရှိနေပြီဟု နှိုးဆော်လိုပါသည်။

ဇင်လင်း

# နှစ်ဖက်မြင်ဆင်ခြင်တွေးဆ ဒဿန

# Speculative Philosophy of Double Vision

□ ကိုမာကျော □



"ကျွန်တော်တို့ဒေသခံတွေရဲ့ စိတ်ထဲမှာတော့ လက်ရှိလူတွေရဲ့ သမိုင်းက သေပြီဗျ။ မယုံရင် ၂၀၂၀ရွေး ကောက်ပွဲမှာ စမ်းကြည့်လိုက်လို့ပဲပြောချင်တယ်။"နှစ်ခွန်းတည်းသာရှိသော အဆိုပါစကားလေးသည် "အမေ့အတွက် ထားဝယ် ကြိမ်"(The Dawei-cane for mum)အမည်ရ နိုင်ငံတော်အတိုင်ပင်ခံ ခရီးစဉ် (တနင်္သာရီတိုင်း/ ထားဝယ်မြို့လူထုတွေ့ဆုံပွဲ)တွင် ထားဝယ်မြို့ခံတစ်ဦးပြောကြားခဲ့သော NLD အတွက် အတိတ်နိမိတ်မကောင်းလှသည့် ငှက်ဆိုးထိုးသံဖြစ်ပါ၏။

ကျွန်တော့်အနေဖြင့် လူတစ်ယောက်၏သမိုင်းဟူသည်ကို စဉ်းစားကြည့်မိပါသည်။ လွယ်လွယ်ရှင်းရှင်းပြောရလျှင် "ပြုမူလုပ်ဆောင်မှုမှတ်တမ်း" (Record of Action)ဟု ဆိုလျှင်ရမည်ထင်ပါ၏။ ဤသို့ဖြစ်ပါမူ မိမိကိုယ်တိုင်ပြုမူလုပ်ဆောင်သူနေရာတွင်ရှိပြီး မှတ်တမ်းတင်သူမှာ အခြားတစ်ပါးသူတို့ဖြစ်လေမည်။ မိမိ၏အကောင်းအဆိုး၊ အမှန်အမှားကို အကြောင်းအကျိုးနှင့်တကွ မှတ်တမ်းတင်ရန်မှာ မိမိ၏ပြုမူလုပ်ဆောင်မှုများသည် မိမိတစ်ကိုယ်စာအတွက်သာမက အများနှင့်ပါသက်ဆိုင်ယှက်နွယ်နေရန်တော့ လိုမည်ဖြစ်၏။ ထို အရာကိုပင် တာဝန်ဟုလည်းကောင်း၊ စေတနာဟုလည်းကောင်း ပညတ်ထားခြင်းဖြစ်ပါသည်။ ဤနေရာတွင် ပြောတတ်လေ့ရှိကြသော စကားတို့မှာ "ကိုယ့်အလုပ်ကိုယ်လုပ်သည်" "ကိုယ့်သမိုင်းကိုယ်ရေးသည်"ဟူ၍ဖြစ်၏။ ထိုစကားတို့မှာ ကိုယ့်ကိုယ်ကိုယ်တာဝန်ယူသလိုလို၊ ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင်ဆောင်ရွက် သလိုလိုတို့ကို အညွှန်းပြုသယောင်နှင့် မိမိအားအများက မှတ်တမ်းပြုလေမည့်သမိုင်းကို ထီမထင်စိန်ခေါ်သည့်စကားတို့သာ ဖြစ်ပါသည်။ အများနှင့်သက်ဆိုင်သည်တို့၌ တာဝန်မယူလိုသူများ သုံးနှုန်းလေ့ရှိသော စကားအများနှဲ့ သက်ဆိုင်သောတာဝန်အရာ၌ စေတနာလစ်ဟာနေသည့်စကား၊ မသိမသာတာဝန်မဲ့ နေသည့်စကားတစ်မျိုးရှိပါသေး၏။ ကိုယ့်ထမင်း ကိုယ်စားပြီး ကြီးတော်နွားအလကားကျောင်းသည်ဟူသောစကားဖြစ်၏။ ပေါ့ ပျက်သေးသိမ်လှသည့် ရှုမြင်မှုဖြစ်သည်။ ယင်းသည်လည်း တာဝန်ကိုပြက်ရယ်ပြုသည့်စကားသာတည်း။

ထို့ပြင် မြန်မာမှုတို့တွင် "စကားနောက်တရားပါ" "ပညတ်သွားရာ ဓာတ်သက်ပါ"ဟူသော အနက်တူစကားများရှိပါသေးသည်။ မကောင်းသည့် ကိစ္စဖြစ်ပေါ်လာနိုင်သည့် "အတိတ်နိမိတ်ဆိုးစကားဆိုး"များပြောဆိုမှုကိုတား မြစ်ရန်အသုံးပြုသည့်စကားဖြစ်၏။ မဦးမချွတ်၊ မပြောကောင်း မဆိုကောင်းသော စကားများဟု ဆိုလိုပါသည်။ ပြောမိပါချေက မကောင်းကိစ္စများမလွဲ မသွေပေါ်ပေါက်ကျရောက်လာလိမ့်မည်ဟူပါ၏။ ထို့အတွက် မကောင်းကျိုးတို့မှာလည်း ရာခိုင်နှုန်းအားဖြင့် အတော်များများဖြစ်လာတတ်ပါသည်။ မြန်မာ့အတွေးလမ်းကြောင်း ဒဿနနယ်ပယ်(Myanmar Way of Thinking) တွင် ရုပ်လွန်သဘောတက္ကကစနစ် (Metaphysical System)မရှိဟု ပညာရှင်အသိုင်းအဝိုင်းက အညီအညွတ်အသိအမှတ်ပြုထားကြပါသည်။ တက္ကကစနစ် ဟူသည်မှာ ပလေတို၏ Individual Horse (ပုဂ္ဂလဘာဝ)နှင့် General Horse (ဘာဝဖြစ်ခြင်း)တို့ကို ခွဲခြားပြသည့် Universal Idea (အကြွင်းမဲ့စိတ်ကူးထည်ကြီး)အယူအဆ။ ဟေဂယ်လ်၏ The Absolute (အနန္တဝိညာဉ်တော်ကြီး) အယူအဆသည်တို့ကဲ့သို့ဖြစ်၏။ ထိုအယူအဆများသည် စိတ်ကူးသက်သက်သာဖြစ်ပြီး အကောင်အထည်ပြစရာမရှိသည့် သဘောတရား သက်သက်အမြင်ဖြစ်၏။ ယင်းတို့ကိုနားလည်နိုင်သည့် ဆင်ခြင်မှုအဆင့်ဆင့်ကိုပါ စနစ်တကျ တည်ဆောက်တင်ပြထားခြင်းဖြစ်သဖြင့် အနောက်၏ဒဿနကမ္ဘာဝယ် ယနေ့တိုင် (တက္ကကစနစ်အဖြစ်)ထင်ရှားနေခြင်းဖြစ်ပါသည်။

ဖော်ပြပါ တက္ကကသဘောတရားစနစ်များ ကျွန်တော်တို့ဆီတွင် မရှိခဲ့သော်လည်း တစ်စုံတစ်ရာမဖြစ်ပျက်မီ ကြိုတင်နိမိတ်ဖတ်ခြင်း၊ စကားဦးသန်းခြင်းနှင့် မဦးမချွတ်ပြောခြင်းစသည့်တက္ကကဆန်သော အယူအဆများကတော့ ကျွန်တော်တို့ဆီတွင် ဒေသိယစကားများအလိုက်ရှိနေကြသည်ဖြစ်၏။ ယင်းတို့သည်ပင် စကားနောက်တရားပါမူ သဘောတရားဖြစ်လေသည်။ ယခုပင်ကြည့်ပါလေ။ "လက်ရှိလူတွေရဲ့သမိုင်းက သေပြီဗျ"။ ဤစကားသည် ဆုပ်ကိုင်မပြနိုင်သော အရာတစ်ခုကို အတိအကျစကားနိမိတ်ပြလိုက်သည်မဟုတ်ပါလား။ NLD ကိုမကြိုက်ဘူး။ NLD ကလူတွေမှာ အတွေ့အကြုံ အရည်အချင်း မရှိဘူး. . . ဟူသောစကား များကို ၂၀၁၇ခုနှစ်လောက်ကတည်းက တစ်ဦးစနှစ်ဦး စမှသည် တစ်အုပ်စု၊ နှစ်အုပ်စုစတို့က စတင်ပြောလာကြရာမှ တစ်စတစ်စဖြင့် ယခုမည်သည့်အခြေသို့ဆိုက်နေပါပြီနည်း။ အဟုတ်ယောင် နိမိတ်သန်းခဲ့ကြရာ ထို"ဟုတ်ယောင်"(Virtual)များက "အစစ်အမှန်"(Reality)များအဖြစ် ဟိုတစ်ကွက်၊ သည်တစ်ကွက် ပြောက်တိပြောက်ကျား တဖွားဖွားပေါ်လာနေချေပြီ။ နှစ်ပြည့်လေသော် ယင်းတို့အားလုံးပေါင်းရုံး၍ NLD၏ သမိုင်း ဖြစ်သွားပေတော့မည်။

သမိုင်းအစစ်အမှန်တို့ဟူသည်မှာ ကိုယ့်သမိုင်းကိုယ်ရေးခြင်းမဟုတ်။ သူတစ်ပါးတို့က ရေးခြင်းဖြစ်၏။ (ကိုယ်ကပြုလုပ်သူသာဖြစ်သည်)။ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ကိုယ့်သမိုင်းကိုတစ်ပါးသူတို့ရေးကြမည်သာ။ ကျွန်တော်တို့၏သမိုင်းသည် နှစ်(၁၀၀)အတွင်း၌ ဖခင်ဗိုလ်ချုပ်တစ်ဦးကိုသာ မွေးဖွားပေးလိုက်ပါ၏။ နှစ်ဦးမြောက်ကို ခွင့်မပြုခဲ့။ သို့သော် ပြည်သူ့သစ္စာဖောက်များကိုကား မကြာမကြာမွေးထုတ်ပေးတတ်လေသည်။ ထိုသူတို့သည် ရန်သူ့ထံဒူးထောက်ကာ မြန်မာ့ဂုဏ်သိက္ခာနှင့် မြန်မာ့ရေ၊ မြေတို့ကို ထိုးအပ်ရောင်းစားကြကုန်၏။ အခွင့်အလမ်းနှင့် စည်းစိမ်အာဏာအလို့ငှာ ရန်သူကိုဦးညွှတ်အောက်ကျို့ကာ ပြည်သူကိုသစ္စာ ဖောက်ကြလေသည်။ ယင်းသူတို့၏ အခြားတစ်ဖက်တွင်မူ လေးစားထိုက်သူအချို့က အသက်၊ သွေး၊ ချွေးပေး စွန့်လျက် ရန်သူကိုဆန့်ကျင်ကြ၏။ တော်လှန်ကြ၏။ မြန်မာ့ဂုဏ်သိက္ခာနှင့် ရေမြေကို အထိပါးမခံ ဒူးမထောက်စတမ်း တွန်းလှန်ခဲ့ကြ၏။ ဤသို့ဖြင့် ကျွန်တော်တို့လူ့အဖွဲ့အစည်းတွင် လူလည်(Sliker)နှင့် လူတော် (Genius)ဆိုသူတို့ ပေါ်ထွက်လာကြလေတော့သည်။ လူလည်တို့၏လုပ်ရပ်ကြောင့်အများပြည်သူတို့တွင် ကြေကွဲဝမ်းနည်းရခြင်းနှင့် ဖြေမဆည်နိုင်အောင် ပူဆွေးသောကဖြစ်ရခြင်းတို့ကိုလည်းကောင်း၊ လူတော်တို့ကြောင့် အများပြည်သူတို့ ကျေနပ်ပျော်ရွှင်ရခြင်းနှင့် ကြည်နူးချမ်းမြေ့ရခြင်းတို့ကိုလည်းကောင်း ကြုံတွေ့ခံစားကြရပါသည်။ ထိုခံစားချက်များဖြစ်ပေါ်စေခဲ့သော ဖြစ်ရပ်များသည်ကား သူတို့၏သမိုင်းများဖြစ်သကဲ့သို့ ပြည်သူတို့၏သမိုင်းလည်း ဖြစ်ပါလေတော့သည်။ ပြည်သူတို့၏သမိုင်းနှင့် လူတော်များ၏သမိုင်းကား ဆက်လက်ရှင်သန်မြဲ ရှင်သန်လျက် လူလည်တို့၏သမိုင်းကား မည်သို့မျှအဖတ်ဆည်မရတော့ဘဲ သေဆုံးရလေတော့၏။

လူလည်တို့၏သမိုင်းသည် သေဆုံးကုန်ကြသည်ဆိုသော်ငြား သူတို့၏လုပ်ရပ်များကား မျိုးဆက်လက်ကမ်းရှင်သန်မြဲရှိပေရာ ပြည်သူတို့မှာတော့ ခံမြဲသာခံနေရရှာပါ၏။ ထို့ကြောင့်လည်း နိုင်ငံတော်ပြည်အရေးကို အားလုံးကုန်ရတက်မအေးဖြစ်နေရပါလေသည်။ ယနေ့ကာလတွင် ငွေကြေး၊ ရာထူးဌာနန္တရ အရက်၊ မိန်းမ၊ လက်ဆောင်ပစ္စည်းစသည်တို့ဖြင့်ဝယ်ယူ၍ မရနိုင်သော လူတော်၊ လူဖြောင့်၊ လူမှန်၊ အကျင့်သိက္ခာမြင့်မားသူ များ၊ မိမိလူမျိုး မိမိတိုင်းပြည်ကို ချစ်မြတ်နိုးကြသူများ အတော်အတန်ရှားပါးသွားပြီထင်ပါ၏။ အကြောင်းမှာ ၂၀၁၇ခုနှစ်တွင် "မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဟူသည်ကို နိုင်ငံတော်သမ္မတအမိန့်ဖြင့် မဖြစ်မနေဖွဲ့စည်းလိုက်ရ၍ ဖြစ်ပါ၏။ ထိုအဖွဲ့ကိုတပ်မတော်ဗိုလ်ချုပ်အငြိမ်းစားပြန်ကြားရေးဝန်ကြီးဟောင်း ခေါင်းဆောင်လျက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အမြင့်ဆုံးရဲချုပ်အငြိမ်းစားကြီးနှင့်အတူ ဥပဒေလောကမှ အခြားအမြီးရှည်ရှည် ပုဂ္ဂိုလ်ကြီးအချို့တို့ကိုပါ ပါဝင်စေကာ ဖွဲ့စည်းလိုက်ခြင်းဖြစ်ပါ၏။ ထိုအဖွဲ့ဝင်အားလုံးသည် ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့်အဆင့်တူ ပါဝါရှိသည်ဟူ၏။ သူတို့သည် ပွဲဦးထွက်အဖြစ် ငါးကြီးကြီး လေးငါးခြောက်ကောင်ကို အကျအနကြော်ပြခဲ့ပြီး လက်ရှိတွင်လည်း အချို့သောငါးကြီးများကိုကြော်ရန် အသင့်ပြင်စောင့်ဆိုင်းနေကြပါ၏။ တစ်ချိန်တည်းတွင်ပင် ကော်မရှင်အစီအစဉ်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit)များကို ဝန်ကြီးဌာန(၁၄)ခုတွင်ပါ အသီးသီး ဖွဲ့စည်းထားပြန်ပါသေးသည်။ ထိုသို့ အကျင့်ပျက်ခြစားမှုများအတွက် ကျော်စောသတင်းထွက်လျှင်ပင် စစ် ဆေးအရေးယူနိုင်ခွင့်ဥပဒေကိုပါ ပြဋ္ဌာန်းအပ်နှင်းကာ ကော်မရှင်ကြီးတစ်ရပ်ဖွဲ့လိုက်ရခြင်းကပင် ကျွန်တော့်အထင်များမည်မျှမှန်ကန်ကြောင်းလွယ်ကူစွာသိနိုင်စေရာပါ၏။

တစ်ဖက်တွင်လည်း ပြဿနာတစ်ရပ်ကရှိနေပြန်ပါသည်။ ကိုယ်ကျင့်တရားအရာ၌ ခြောက်ပြစ်ကင်းသဲ လဲစင်လုံးဝစံပြုထိုက်သော်လည်း ကျွမ်းကျင်မှုအရည်အချင်းမရှိ၊ ရှိပြန်သော်လည်း မပြည့်မီသဖြင့်ဆိုင်ရာ နိုင်ငံတော်တာဝန်အရပ်ရပ်တို့၌ အားမကိုးထိုက်ခြင်းကိစ္စဖြစ်ပါ၏။ အားကိုးလျှင်လည်း ထိုသူအနေဖြင့် တာဝန်ယူနိုင်မည်မဟုတ်ပေ။ (အားနာစွာပြောရလျှင်) ထိုသူမျိုးသည်လည်း တစ်နည်းအားဖြင့် သမိုင်း(မသေသည့်တိုင်)ရှင်သန်နေရန်အတွက်မှာ မဖြစ်နိုင်ရှာပြန်ပါပေ။ နိုင်ငံတော်အတိုင်ပင်ခံခရီးစဉ်၊ တနင်္သာရီတိုင်း/ထားဝယ်လူထုနှင့်တွေ့ဆုံပွဲတွင်ပင် အမေစုက ဤသို့ပြောခဲ့ပါသေး၏။ "နိုင်ငံတစ်နိုင်ငံမှာဆိုရင် အားလုံးက တာဝန်ရှိတယ်ဆိုပေမယ့် အထူးသဖြင့် ဒီမိုကရေစီစနစ်အရ ရွေးချယ်ခံထားရတဲ့အစိုးရတွေမှာတော့ တာဝန်အရှိဆုံးလို့ ကျွန်မပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူလူထုရဲ့ထောက်ခံမှုကို တောင်းခံပြီးတော့ အစိုးရဖွဲ့ထားတာပါ။ ပြည်သူလူထုရဲ့ထောက်ခံမှုကို တောင်းခံပြီးအစိုးရဖွဲ့ထားမှတော့ ပြည်သူတွေအတွက် တာဝန်ယူရမှာပါ။ ဒါဟာ ဘယ်လိုမှ ရှောင်လို့မရပါဘူး. . . "လွန်စွာရိုးရှင်းလှသောစကားပါပေ။

ယနေ့ပြည်သူလူထုသည် လမ်းဘေးနေ၊ လမ်းဘေးစား၊ လမ်းဘေးမှာပင်စီးပွားရှာကာ ရုပ်ပိုင်းဘဝလူစင် မမီဖြစ်နေကြရမှုက ရာခိုင်နှုန်းများများ။ ထိုသည်နှင့်အတူ စာနာမှု၊ ကူညီရိုင်းပင်းမှု၊ ရဲရင့်သတ္တိရှိမှု၊ အမြော်အမြင်ရှိမှု၊ စည်းလုံးညီညွတ်မှုတို့နှင့်တကွ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှုထိသော စိတ်ပိုင်းဆိုင်ရာ ထည်ဝါမြင့်မားမှုတို့ပါ သုညထိ နိမ့်ကျထိုးဆင်းနေကြခြင်းများကလည်း မြင်ကြားနေရသည့် နိုင်ငံအနှံ့မှုးယစ်နှင့် ဒုစရိုက်မှုများက သက်သေ။ မည်သည့်အစိုးရမျိုးပင်ဖြစ်စ မလွဲမသွေလုပ်ဆောင်ရမည့် တာဝန်နှစ်ရပ်ရှိပါသည်။ လူဆိုး၊ သူခိုး၊ ပြစ်မှုကျူးလွန်သူများကို နှိပ်ကွပ်ဆုံးမရန်နှင့် အပြစ်မဲ့သူလူအများကို ရုပ်ပိုင်းနှင့်စိတ်ပိုင်းဘဝတို့ မြင့်တက်လာစေရန် စောင့်ရှောက်ကူညီရမည်ဖြစ်ပါ၏။ အကယ်၍သာ ဒီမိုကရေစီအစိုးရဖြစ်ခဲ့ပါမူ ထိုတာဝတ်များကို ဆထက်တိုး၍ဆောင်ရွက်ရမည်သာ။ အရင်းစစ်ပြန်လျှင်လည်း ဆိုင်ရာပုဂ္ဂိုလ်တို့အနေဖြင့် မိမိတစ်ကိုယ်စာချမ်းသာစီးပွား မြင့်မားတိုးတက်ရန် အလို့ငှာ အစိုးရတာဝန်ထမ်းဆောင်ရခြင်းမဟုတ်။ ပြည်သူ့အတွက် သက်သက်သောစေတနာဖြင့်သာ (ရွေးကောက်တင်မြှောက်ခံကာ) အစိုးရမင်းလုပ်ရခြင်း ဖြစ်ပါသည်။ ထိုသို့လုပ်ရမည်ကို လွှတ်တော်က ထိန်းညှိပေးရမည်ဖြစ်၏။ သို့သော် ယင်းအစား လွှတ်တော်မှာပင် အာဏာမက်မော၊ စည်းစိမ်တောညို့ညို့ကို ကာကွယ်သူအုပ်စု၊ သူဆိုင်ငါပိုင်အားပြိုင်လွန်ဆွဲ ထင်တိုင်းကြဲလိုသူ အာရ်ပီဂျီပရာဇီတီအုပ်စုများ၊ ကိုယ့်ချင်းချင်းပင်၊ မထင်လျှင်မထင်သလို တစ်စင်ဖြိုကာ တစ်စင်ထောင်ဖို့ရာ ဝန်မလေးသူများနှင့် ဦးနှင်းပဲ့ထောင်၊ ပဲ့နှင်း ဦးထောင်လျက် တိမ်မယောင်နှင့်နက်၊ နက်မယောင်နှင့်တိမ်သူများကြား၌ အမှန်တရားကို မဆယ်သာဖြစ်နေလေပြီ။ဤသို့ဖြင့် ကိုယ့်သမိုင်းကိုယ်ရေးသူများ၊ ကိုယ့်အလုပ်ကိုယ်လုပ်သူများနှင့် ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားအလကားကျောင်းမပေးချင်သူများကြားဝယ် စကားနောက်တရားသာမက ပညတ်သွားရာ ဓာတ်သက်ပါ ထက်ကြပ်မကွာလိုက်ပါလာနေသည်မို့ သမိုင်းတွေအတွက် ရင်လေးနေရပါလေပြီ။

ကဗျာဆရာ ဂျင်မီယန်းကတော့ ဤသို့ဆိုပါ၏။ "Go to the people live among them. Learn from them. Serve thern. Plan with them. Start with what they have. Build on what they have."(လူတွေဆီကိုသွား၊ လူတွေကြားမှာနေ၊ သူတို့ထံမှသင်ယူကြ၊ သူတို့ကိုသာ ပြုစုပါ၊ သူတို့နှင့်သာစီမံပါ၊ သူတို့မှာရှိတာနှင့်စကာ သူတို့မှာရှိတာနှင့် တည်ဆောက်လိုက်ပါလေ)ဟူပါ၏။ ဟုတ်ကဲ့။ ကျွန်တော်သူတို့ဆီသွားခဲ့ပါသည်။ သူတို့ ကြားမှာနေခဲ့ပါသည်။ သူတို့ဆီမှများစွာသင်ယူခဲ့ပါသည်။ သူတို့ကို ပြုစုခဲ့ပါသည်။ အခွင့်မသာသဖြင့် သူတို့ နှင့်လက်တွဲစီမံခွင့်မရခဲ့ပါ။ အခွင့်မသာသဖြင့် သူတို့ဆီမှာရှိသည်တို့နှင့် မ,စနိုင်သကဲ့သို့ အခွင့်မသာသဖြင့် သူတို့ဆီမှာရှိသည်တို့နှင့်လည်း မတည်ဆောက်နိုင်ခဲ့တော့ပါ။ ကျွန်တော့်ထက်ပို၍ များစွာများစွာ အခွင့်သာသော၊ သမိုင်းအရေးခံရန်အသင့်ဖြစ်နေသော ရွေးကောက်ခံ၊ မရွေးဘဲကောက်ခံကြကုန်သူ လူကြီးမင်းတို့အား ဂျင်မီယန်းနှင့်ခဏမျှတွေ့ကြည့်ကြရန် တိုက်တွန်းချင်ပါ၏။ အဘယ်ကြောင့်ဆိုသော် လက်ရှိလူကြီးများ၏သမိုင်းကို သေမသွားစေလိုသောကြောင့် ဖြစ်ပါသည်ခင်ဗျာ။

♦ကိုမာကျော♦



www.free4readers.com





ပြတင်းတံခါးအဖွင့် ဇာခန်းဆီးအလှင့်(၉၉)

# အချစ်မျက်ဝန်းထဲက မှော်ဝင်တဲ့စကား

ကိုနိုင်း

တစ်ခါတစ်ခါ စိတ်ထဲမှာ မွန်းကြပ်နေတတ်ပါတယ်။ တွေ့နေ၊ မြင်နေ၊ ကြားနေရတာတွေ အရာရာတိုင်းကလည်း ခေတ်ကြီးတစ်ခေတ်လုံးကို ရှုပ်ထွေးစေတယ်မဟုတ်လား။ တချို့အချိန်တွေမှာ ကျယ်ပြန့်တဲ့ ကွင်းပြင်ကြီးဆီကို ထွက်ပြေးချင်တယ်။ တစ်ခါတစ်ခါကျတော့ ပင်လယ်ကျယ်ကြီးကို သောင်ပြင်ပေါ်မှာ တစ်ယောက်ထဲထိုင်ပြီး ငေးနေချင်တယ်။ တွေးနေရင်းရေတတ်လာသလိုပဲ။ တကယ်ရေတတ်နေတာလားလို့ ပြန်စဉ်းစားမိတော့ လွတ်လပ်မှုကို ငတ်နေတာကို သိလိုက်ရတယ်။ အေးမြငြိမ်းချမ်းမှုကို တမ်းတနေမိတာ။ ကွင်းပြင်ကျယ်ကြီးထဲက အထီးကျန်ဆန်ဆန်တစ်ပင်ထဲတည်ရှိနေတဲ့ သစ်ပင်ကြီးအောက်မှာ ထိုင်နေချင်မိတယ်။ သစ်ပင်အိုကြီးနဲ့ကျွန်တော် အထီးကျန်မှုကို ပြိုင်နေသလိုပေါ့။ အခုဆိုနွေဦးရာသီရောက်လာခဲ့ပြီ။ နွေဦးရာသီကပေးတဲ့ ကြည်နူးမှုရသတွေပြန်လိုချင်မိတယ်။ ဒီလိုပြန်လိုချင်ရင်းနဲ့ နွေဦးတွေ အကြိမ်ကြိမ် ပျောက်ဆုံးသွားခဲ့ပြီ။ ဒီနွေဦးမပျောက်သွားခင် စိတ်ကြည်နူးမှုတစ်ခုလောက်ကို တမ်းတနေမိတယ်။

တမ်းတနေရင်းနဲ့ **"မှော်ဝင်တဲ့စကား"**ရောက်လာတယ်။ မပြောင်းပဲဟောင်းနေတဲ့ လောကကို ငေးနေမိတဲ့အချိန်မှာ ဖျတ်ကနဲ့အသိစိတ်က ငေးနေတဲ့စိတ်ကို လှုပ်နှိုးလိုက်တယ်။ ရုတ်တရက် ပြန်ရောက်လာသလိုပေါ့။ ပြန်နိုးလာတဲ့အသိစိတ်ထဲမှာ သိင်္ဂါရရသရနံ့တွေလွင့်လာတယ်။ သေချာကြည့်မိလိုက်တော့ မြန်မာပြည်တောင်ဖက်က လွင့်လာတဲ့မှော်ဝင်တဲ့ စကားသံချိုမြမြလေးတွေကို ကြားလိုက်ရတယ်။ ဒီချိုမြမြ အချစ်တွေပျော်ဝင်နေတဲ့ **"မှော်ဝင်တဲ့စကား"**သံလေးတွေ ဖန်တီးလိုက်သူက ကဗျာဆရာလေး"ဂိုးဂိုး(မော်လမြိုင်)နဲ့ ကဗျာဆရာမလေးဆောင်းပိုင်ရှင်(မော်လမြိုင်)" ပေါ့။ မွန်းကြပ်နေတဲ့ စိတ်က မှော်ဝင်တဲ့စကားသံလေးတွေကို နားထောင်နေမိတယ်။

*အဲဒီနေ့က*
*တိမ်တွေ ဟက်ဟက်ပက်ပက် ငိုနေတာမြင်တော့*
*တစ်ချိန်က ငါတို့နှစ်ယောက်ရဲ့ ရင်ခုန်သံရုပ်ဝန်းကို*
*မလုံ့တလုံ ကာကွယ်ထားပေးဖူးတဲ့*
*ခေါက်ထီးနီနီလေးကိုသတိရမိ၊*
*ဆောင်းတစ်ခုလုံး*
*တဟုန်းဟုန်းတောက်နေတာမြင်တော့*
*တစ်ချိန်တုန်းက တစ်ယောက်ရင်ငွေ့နဲ့တစ်ယောက်*
*နွေးခဲ့ဖူးတဲ့*
*ပန်းရောင်ရက်စွဲလေးကို သတိရမိ၊*
*အဲဒီနေ့က*
*ကမ္ဘာကြီးတစ်ခုလုံး*
*အငွေ့တထောင်းထောင်းထနေတာမြင်တော့*
*ဥဩတေး နောက်ခံနဲ့*
*သူ့ရဲ့ရွက်ကြွေကဗျာရွတ်သံလေးကို*
*သတိရမိ၊*

ဒီ. . . ဂိုးဂိုး(မော်လမြိုင်)ရဲ့**"မှတ်မှတ်ရရသုံးရာသီ"**စကားသံလေးက တကယ့်ကို မှော်ဝင်တဲ့စကားလေး လို့ခံစားမိတယ်။ ခေတ်တိုင်းမှာ တစ်ဦးနဲ့တစ်ဦးချစ်ကြည်ဖြူခဲ့ကြတဲ့ ချစ်သူတွေအများကြီးရှိပါတယ်။ ဟိုးရှေး ပဝေဏီကာလထဲကဆိုပါတော့။ အခုလက်ရှိခေတ်မှာလည်းရှိနေပါတယ်။ နောက်ရောက်လာမယ့်ကာလ တွေမှာလည်းရှိနေဦးမှာပါ။ ချစ်သူစုံတွဲတွေဟာ ခေတ်ကိုကျော်ဖြတ်တဲ့ပုံသဏ္ဍာန်ချင်းတော့ မတူကြပါဘူး။ နေနဲ့လ၊ ရွှေနဲ့မြလိုတင့်တယ်ချောမောစွာ ဖြတ်သန်းရတဲ့ချစ်သူတွေ၊ အပူအပင်မဲ့စွာ ချစ်သူတို့လျှောက်မယ့်လမ်းကို ကြည်နူးစွာဖြတ်သန်းနေရတဲ့ ချစ်သူစုံတွဲတွေကို မြင်ရတဲ့မြင်ကွင်းဟာ အရမ်းလှပတဲ့ပန်းချီ ကားတစ်ချပ်ပါ။ ဒီပန်းချီကားတွေရှိသလို၊ ဘဝနှစ်ခုကိုခင်းပြီး ခက်ခက်ခဲခဲဖြတ်သန်းနေရတဲ့ အချစ်လမ်းတွေပေါ်က ချစ်သူစုံတွဲတွေကိုလည်း တွေ့မြင်ရပါတယ်။ ဒီချစ်သူတွေကိုကြည့်ရင် တစ်ယောက်ကိုတစ်ယောက် အားပေးကူညီပြီး ကြုံတွေ့လာမယ့်လောကဓံကို လက်တွဲပြီး ရင်ဆိုင်ဖြတ်သန်းနေရတဲ့ ဘဝပန်းချီကားတစ်ချပ် ကိုမြင်တွေ့နေရသလိုပါပဲ။

*တစ်စုံတစ်ရာဆိုတာကို အဓိပ္ပာယ်ဖွင့်*
*ကြည်နူးခြင်းတွေ ထည့်ဖျော်ထားတဲ့*
*မင်းရဲ့ အသည်းသီးဖျော်ရည်တစ်ခွက်အောက်*
*လည်စင်းခဲ့ရတဲ့ ငါ*
*ခွင့်လွှတ်ခြင်းနဲ့ စခဲ့တဲ့ ငါ*
*နားလည်ခြင်းနဲ့ စခဲ့တဲ့ ငါ*
*ငါဆိုတဲ့အတ္တကိုတောင်*
*ခေါက်သိမ်းပစ်ခဲ့တဲ့ ငါ*
*ချစ်ခြင်းတစ်ခုအတွက်*
*အမုန်းတစ်စု ပိုင်ဆိုင်လိုက်ရတာတောင်*
*ပျော်တယ်*
*နှစ်လိုစွာ ပျော်တယ်*
*ကျေကျေနပ်နပ် ပျော်တယ်*
*ခွင့်လွှတ်ခြင်းနဲ့ တိုက်ရိုက်အချိုးကျနေတဲ့*
*ငါ့ရဲ့ချစ်ခြင်းတွေအတွက်ပျော်တယ်*
*အနိုင်းအဆမဲ့နေတဲ့ရင်ခွင်နဲ့*
*ချစ်ခြင်းတစ်ခုကို ပိုင်ဆိုင်ထားရလို့ ပျော်တယ်*
*ဘာဒုက္ခလမ်းဖြစ်ဖြစ်*
*မင်းနဲ့အတူ တွဲလျှောက်ရမှာကို ပျော်တယ်*
*ဘာပဲဖြစ်ဖြစ်*
*နင့်ကိုချစ်နေရရင်ကို ပျော်တယ်၊*

အခုခေတ်မှာတော့ အလွန်ခက်ခက်ခဲခဲကျော်ဖြတ်ရတဲ့ ဘဝလမ်းကြမ်းတွေပေါ်မှာ ချစ်သူတွေလျှောက်လှမ်းနေရတာတွေများပါတယ်။ အခု "ဆောင်းပိုင်ရှင်"ရဲ့"LOVEသီအိုရီ-စကားသံကိုနားထောင်ကြည့်ရင် သိနိုင်ပါတယ်။ အခုလိုခက်ခဲနေတဲ့ ခေတ်မှာ ရင်ထဲကနေတစ်ဆင့် မျက်ဝန်းထဲက ခိုင်မာတဲ့ အချစ်ကိုလေးလေးနက်နက် တွေ့မြင်လိုက်ရပါတယ်။ ချစ်သူနှစ်ယောက်အတွက် ခွင့်လွှတ်ခြင်းနဲ့နားလည်ပေးခြင်းဆိုတာ အလွန်အရေးကြီးတဲ့ လိုအပ်ချက်ပါ။ ဒီအချစ်မှာ ရုပ်ပုံသဏ္ဍာန်ထက် စိတ်ပုံသဏ္ဍာန်က အရေးကြီးတာကို မြင်လိုက်ရပါတယ်။ "ချစ်နေရရင်ကိုပျော်တယ်"ဆိုတာ အဓိကကတော့ စိတ်အပေါ်မှာမူတည်ပါတယ်။ ချစ်သူတွေဟာ ကာလတစ်ခုကိုတော့ လက်ချင်းဆုပ်ကိုင်ထားပြီး ခြေဖဝါးညီချပြီး လျှောက်နေကြရတာပါ။ ရာသီတွေလည်း တစ်ခုပြီးတစ်ခုပြောင်းလဲနေမှာပါပဲ။ **"ဂိုးဂိုး(မော်လမြိုင်)"** က**"နွေ"**ကို ဒီလိုဖြတ်သန်းတဲ့အကြောင်း ပြောပြလိုက်ပါတယ်။

*သူ့မျက်ဝန်းပေါ်*
*ပါးပါးလေး ဖြတ်ပြေးမိရုံလေး*
*ကျွန်တော့်ရဲ့အသက်ရှင်မှုအတွက်*
*သူ့အပြုံးဟာ မရှိမဖြစ်လိုအပ်လာ*
*နွေလို့ အသံကြားလိုက်တိုင်း*
*သတိရခြင်းဟာ တဖျစ်ဖျစ်လောင်တယ်*
*နွေဟာ ကျွန်တော့်သွေးကြောထဲအထိ*
*တက်တူးထိုးထားတဲ့ ကဗျာ*
*နွေဟာ ကျွန်တော့်ကမ္ဘာထဲ*
*ပုံမှန်ဖြစ်လေ့ရှိတဲ့ နေ့ည*
*နွေဟာ ကျွန်တော့်ကို ယစ်မူးစေတဲ့ ဝိုင်*
*နွေအကြောင်း တိုးတိုးလေးရွတ်လိုက်တိုင်း*
*ချစ်တတ်ခြင်းတွေဟာ*
*တဖြုတ်ဖြုတ် ကြွေကျကုန်တယ်*
*နွေဟာ နွေရာသီလိုတော့*
*ကျွန်တော့်အပေါ် မပူသေးဘူး၊*

တကယ်တော့ အချစ်စိတ်ကနွေဆိုတဲ့ ပူလောင်မှုကို ခံနိုင်ရည်ရှိပါတယ်။ နွေရဲ့အပူရှိန်တင်မကပါဘူး။ လောကဓံရဲ့အပူဒဏ်ကိုလည်း ခံနိုင်သလို၊ တွန်းလှန်ရဲတဲ့ သတ္တိအင်အားကိုပါ ပေးနိုင်တဲ့အစွမ်းရှိပါတယ်။ ချစ်စိတ်မှာ တစ်ပါတည်းပါဝင်လာတဲ့ မေတ္တာစိတ်ဟာ ပူလောင်မှုတွေကို ငြိမ်းသတ်ပြီး အေးမြစေပါတယ်။ အခုအချိန်အခုခေတ်မှာ လူမှုဘဝအခက်အခဲတွေကို ရင်ဆိုင်နေရပါတယ်။ ချစ်သူတွေအတွက် ဒီလူမှုဘဝအပူတွေကို အေးမြခြင်းမေတ္တာလက်နဲ့ ဆက်ပြီးလျှောက်လှမ်းကြမယ်ဆိုရင် လမ်းကြမ်းကိုဖြတ်သန်းကျော်လွှားနိုင်မှာပါ။ ဒီလိုကျော်ဖြတ်နိုင်ဖို့အတွက်တော့ ဝံ့ရဲတဲ့စိတ်ရှိဖို့လိုပါတယ်။ **"ဆောင်းပိုင်ရှင်"**ရဲ့**"ဆက်ရန်"** စကားလေးနားထောင်ကြည့်မိပါတယ်။

*အဝေးကို ငေးမျှော်ကြည့်မိတယ်*
*ကောင်လေးနဲ့ကောင်မလေးတို့*
*နေမင်းကြီးကို အန်တုလို့*
*ပျော်ရွှင်နေလိုက်ကြတာ*
*မိုးသည်းသည်းထဲမှာလည်း*
*သူတို့နှစ်ယောက်*
*မိုးစက်ပေါက်တွေ ခူးလို့*
*ဒီဇင်ဘာရဲ့မြူနှင်းတွေကြား*
*တစ်ယောက်လက်ကို တစ်ယောက်ထွေးပွေ့ရင်း*
*ဆယ်စုနှစ်တွေတိုင်*
*ဖြတ်ကျော်လာခဲ့ပေါ့*
*ရာသီတွေ ဟောင်းခဲ့ပေမယ့်*
*မပြောင်းတဲ့အကြောင်းအရာရှိနှင့် နေပြီလေ*
*ခုလို အရင်အတိုင်းလေးသာ*
*တည်ရှိခွင့်ရပ့ါမလား လောကဓံ*
*ကြိုးကိုင်တတ်တဲ့*
*ပြက်ရယ်ပြုနေခဲ့လေသော*
*ကံကြမ္မာဆိုတာကို ရင်ဆိုင်ဖို့*
*ကျွန်မ-မဝံ့ရဲသေးဘူးလေ၊*

တစ်ယောက်အပေါ်တစ်ယောက်အနေနဲ့ အရေးအကြီးဆုံးက နားလည်ခွင့်လွှတ်ပေးနိုင်ဖို့ပါပဲ။ ဒါဆိုမ မျှော်လင့်ဘဲ ရောက်ရှိလာတတ်တဲ့ကံကြမ္မာကို ဘယ်လိုရင်ဆိုင်နိုင်မလဲဆိုတာ တိုင်ပင်ဖော်တိုင်ပင်ဖက်ရနိုင်ပါတယ်။ အရာရာကို ပွင့်ပွင့်လင်းလင်းပြောပြီး အခက်အခဲတွေကို အတူဖြေရှင်းတတ်ရင် လျှောက်လာခဲ့တဲ့လမ်းဟာ ခိုင်မြဲနေမှာပါ။ ဆက်ရန်လမ်းမှာ နားလည်ခြင်းနဲ့ ခွင့်လွှတ်ခြင်းတွေစွဲမြဲခိုင်မာစွာကပ်ငြိနေတဲ့ အချစ်စိတ်က နက်ဖြန်အတွက် အားဆေးပါပဲ။ အနာဂတ်ကာလမှာ ကြုံတွေ့ရင်ဆိုင်နိုင်မယ့် ဆေးပါပဲ။ နှစ်သစ်တိုင်းမှာ အချစ်ဆိုတဲ့ ခိုင်မြဲမှုတွေအတွက် **"နှစ်သစ်အတွက်ဆေး"**ကိုဆောင်ထားလိုက်ပါ။

*ဘာမှထပ်မလိုဘူး*
*သီချင်းနဲ့ မင်းနဲ့ ရှိရင်*
*ချစ်ခြင်းရဲ့ပန်းသီးတစ်လုံးရှိရင်*
*ဘာမှထပ်မလိုဘူး*
*ဝိုင်တစ်ခွက်နဲ့ အနမ်းတစ်ပွင့်ရရင်*
*ဘာမှထပ်မလိုဘူး*
*သစ္စာနဲ့ မိုးကာထားတဲ့ အိမ်လေးတစ်လုံးရှိရင်*
*ဘာမှထပ်မလိုဘူး*
*ကြင်နာခြင်းတွေပွင့်လန်းနေရင်*
*ဘာမှထပ်မလိုဘူး*
*ဘာမှ များများစားစားမလိုဘူး*
*တစ်ယောက်ရင်ဘတ်ထဲငြိတွယ်နေကြရင်*
*ဘာမှထပ်မလိုဘူး*
*ချစ်ခြင်းတရား ဆတူရောပြီး*
*နှလုံးသွေးစက်ချင်း ဖော်စပ်ထားတဲ့*
*အဲဒီနှစ်သစ်အတွက်ဆေးက*
*ထာဝရချိုမြမှုနဲ့ အစွမ်းထက်စေလို့*
*ဘာမှ ထပ်မလိုဘူး-၊*

ဂိုးဂိုး(မော်လမြိုင်)ကတော့ ချစ်ခြင်းတရားဆတူရောပြီး၊ နှလုံးသွေးစက်ချင်း၊ ဖော်စပ်ထားတဲ့အဲဒီနှစ် သစ်အတွက်ဆေးနဲ့ ခရီးဆက်နေပါတယ်တဲ့။ ကဗျာဆရာပြောသလို ဒီဆေးဟာ ချစ်သူတိုင်းအတွက် အရေးကြီးလိုအပ်ပါတယ်။ ဒီခေတ်ကြီးမှာ ချစ်ခြင်းအတွက်သာမကပါဘူး ဘဝတွေပေါင်းစည်းတဲ့နေရာမှာပါလိုအပ်ပါတယ်။ ဒီဆေးရဲ့အစွမ်းထက်မှုနဲ့အတူ ရာသီတွေကိုကျော်ဖြတ်နိုင်မယ်ဆိုရင် မမျှော်လင့်ဘဲရောက်လာတတ်တဲ့ကံကြမ္မာတွေကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်ပါလိမ့်မယ်။ ဆောင်းပိုင်ရှင်(မော်လမြိုင်)ရဲ့**"ပန်း"**လို ထာဝရမွှေးပျံ့နေပါလိမ့်မယ်။

*ထိန်းချုပ်ခြင်း ဣန္ဒြေယန္တရားတွေကြားက*
*ကိုယ့်နှင်းဆီတွေ ပွင့်ကြတယ်*
*ညကောင်းကင်နဲ့ချိတ်ဆက်*
*အလွမ်းခါးသက်သက်လေးတွေ သက်ခဲ့တာ*
*သူတိုက်လို့မှ မဟုတ်ခဲ့တာ*
*ကိုယ့်ရင်က ကြွေတဲ့ကြယ်နဲ့*
*သူ့ကမ္ဘာတစ်ခုလုံးလင်းနေပါစေ*
*ဒီလို ကိုယ်ကချစ်နေခဲ့တာလေ*
*ကိုယ်ပွင့်ရင် သူနမ်း*
*ကိုယ်နွမ်းသွားတဲ့အခါ သူကောက်ပေါ့*
*ပန်းခြောက်လေးပဲ ဖြစ်လို့သွားပါစေ*
*သူ့အတွက်ဆို မွှေးလို့နေမယ်*
*အမြဲ-၊*
*ချစ်သူတွေအားလုံးအတွက်ချစ်ခြင်းပန်းတွေပွင့်နိုင်ပါစေ၊*

◆ကိုနိုင်း◆

ခံစားမိသောကဗျာများ

ဂိုးဂိုး(မော်လမြိုင်)၊ ဆောင်းပိုင်ရှင်(မော်လမြိုင်)၊ မှော်ဝင်တဲ့ စကား ကဗျာစာအုပ်(ဆိပ်ကမ်းသာစာပေ)မှ ကဗျာများ။ ဖေဖော်ဝါရီလ ၂၀၁၉။

www.free4readers.com



# စစ်ကြောက်သူများစုဝေးရာ / စစ်ကြောက်သူများခိုလှုံရာစခန်း

ခရန်ခူး(မြစ်ကြီးနား)



ကချင်ပြည်နယ်၌ ငြိမ်းသွားပြီဟုထင်ရသော စစ်မီး ၂၀၁၁ခုနှစ် ဇွန်လ(၉)ရက်နေ့တွင် ထတောက်သည်။ တဖြည်းဖြည်းမီးတောက်က ကြီးလာသည်။ မကြာမီအရာအားလုံးကို ဝါးမျိုတော့မည်။ နောက်ဆံတင်းနေ၍မရ။သည်မီးနှင့်ဝေးရာလွတ်ရာကို အိုးပစ်၊ အိမ်ပစ်၊ ယာပစ်၊ ခြံပစ် ရှောင်ရ ပြေးရတော့သည်။ သည်လိုနှင့် စစ်ရှောင် သို့မဟုတ် စစ်ပြေးဒုက္ခသည်ဘဝရောက်မှန်းမသိ ရောက်ခဲ့ရသည်။ သည်အထဲ ဂျုံးဇယ်တို့မိသားစုလည်းအပါအဝင်။ သူက ဂါးရာယန်ရွာမှဖြစ်ပြီး သူရောက်နေသည့်နေရာမှာ တပ်ကုန်းအင်ဂျန်ဒုံရှိ ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (Kachin Baptist Convention) မှဖွင့်လှစ်ထားသောကယ်ဆယ်ရေးစခန်းဖြစ်သည်။

"ဒီမှာ တစ်နေ့တစ်နေ့ အိမ်ပြန်ရဖို့နိုးနိုးနဲ့နေလာတာ ဘာလိုလိုနဲ့ရှစ်နှစ်တောင်ရောက်တော့မယ်"စခန်း တာဝန်ခံဖြစ်သူ ဂျုံးဇေ ရင်ထဲမှပွင့်အန်ထွက်လာသောစကား။ စစ်စစ်သည်စကားမှာ စခန်းနေဒုက္ခသည် အားလုံးကို ကိုယ်စားပြုသော စကားဆိုလျှင်မမှား။ သည်စခန်းတွင် အများဆုံးမှာ ဂါးရာယန်ရွာမှဖြစ်ကြသည်။ အိမ်ထောင်စု (၄၂) စု၊ ကလေးလူကြီး စုစုပေါင်းလူဦးရေ(၁၈၀) ရှိသည်။ ဂါးရာယန်ရွာမှာမြစ်ကြီးနားမြို့ တစ်ဖက်ကမ်း ဝိုင်းမော်-လိုင်ဇာ-ဗန်းမော်ကားလမ်းပေါ်ရှိ ရွာကြီးတစ်ရွာဖြစ်သည်။ အိမ်တိုင်းလိုလို လိမ္မော်ခြံ တွေရှိပြီး စီးပွားရေး အဆင်ပြေကြသည်။ ဂါးရာယန်တွင် စန်ပိုင်သို့သွားသောလမ်းခွဲရှိ၍ ခရီးသည်တင်ကားများ ရပ်နားပြီး နံနက်စာစားလေ့ရှိသည်။ ဂါးရာယန်မှ ကြက်ပေါင်းခါက်ဆွဲမှာနာမည်ကြီးလှသည်။ ဂါးရာယန် နှင့်တစ်ဆက်တည်းရွာမှာကစူး။ ကစူးမှ ဒဘတ်ခချောင်းကူးတံတားကျော်သည်နှင့် ဒဘတ်ယန်၊ မလိယန်။ လမ်းဘေးဝဲယာလိမ္မော်ပင်တွေက လက်ညှိုးထိုးမလွဲ၊ သည်ရွာစဉ်တွေထဲမှ မလိယန်သီးက အချိုဆုံး။ လိမ္မော်ခြံတွေနှင့် စီးပွားဖြစ်နေသောရွာ တွေမိုးအိမ်တွေကိုဆောက်ထားသည်မှာလည်း သပ်သပ်ရပ်ရပ်။ မလိခချောင်းကူးတံတားကျော်လျှင် မလန် ယန်၊ ကန်ဒေါင်ယန်။ ကန်ဒေါင်ယန်မှ ရှေ့ဆက်သွားလျှင် နမ်ဆန်ခချောင်းနားက နမ်ဆန်ယန်ဆိုသည်ရွာ။ ရွှေထွက်၍ နာမည်ကြီးသည့်နေရာ။ ခရီးတင်ကားတွေ နံနက်စာထမင်းစားရန် ရပ်နားလေ့ရှိသည်နေရာ။ တစ်ချိန်ကရွှေလုပ်ငန်းကြောင့် စည်ကားခဲ့သည်ရွာတစ်ရွာ။ မမျှော်လင့်ဘဲ ထတောက်လာသော စစ်မီးကြောင့် အရာရာပြောင်းလဲသွားခဲ့ရသည်။ ကားကြီး ကားငယ် ဆိုင်ကယ်တွေ နေ့ညမပြတ်ဥဒဟိုသွားလာ နေသည့်လမ်း။ တရုတ် - မြန်မာ ကုန်စည်စီးဆင်းရာလမ်း။ ခုတော့ကားတစ်စီးစ နှစ်စီးစ သွားလာနေသည်ကို သာတွေ့ရသည်။ ဇေကအိုင်အိုနှင့် ဂျိတ်လင်းမြန်မာကုမ္ပဏီ တာဝန်ယူဖောက်လုပ်ထားသော နွေမိုးဆောင်းသွား လာနိုင်သည့် ကတ္တရာခင်းလမ်းမှာလည်း မြက်တွေဖုံးလုမတတ်။လမ်းဘေးဝဲယာလိမ္မော်သီးတွေနှင့်ပင်လုံးညွတ်နေသည့်လိမ္မော်ပင်တွေမှာလည်းပြုစုသူမရှိ၍ အရိုးပြိုင်းပြိုင်း။ အိမ်တွေကို ကြည့်ပြန်တော့လည်း လူမရှိ၊ သူမရှိ ဟောင်းလောင်း ချုံနွယ်ပိတ်ပေါင်းတွေနှင့်။ သည်ရွာစဉ်တွေထဲကအဆိုးဆုံးရွာမှာနမ်ဆန်ယန်။နှစ်ဖက်တိုက်ပွဲကြောင့် ကွဲနှစ်ကောင်ခတ်သည့်ကြားကမြေစာပင်ပမာဖြစ်ခဲ့ရသည်။ အမြောက်ဆံ၊ ဗုံးဆံတွေကြောင့် အိမ်တွေမီးလောင်ပြာကျခဲ့ရသည်။ မီးကျွမ်း သွားသည့် ထက်ပိုင်းပြတ်အိမ်တွေမှာလည်း မနည်း။ ဘုန်းကြီးကျောင်း၊ ဘုရားရှိခိုးကျောင်း၊ စာသင်ကျောင်း နှင့်အိမ်အနည်းငယ် လောက်သာကျန်ခဲ့သည့်ရွာ။ ယခင်က ရုပ်ရှင်တွေထဲမှာသာမြင်ဖူးသည့် စစ်၏ အနိဋ္ဌာရုံမြင်ကွင်းနမ်ဆန်ယန် ရွာတွင်မျက်ဝါးထင်ထင်မြင်တွေ့ရသည်။ စစ်မီးကြောင့် သုသာန်တစပြင်လို တိတ်ဆိတ်ခြောက်ကပ်သွား သည့်နမ်ဆန်ယန်။

သည်ရွာအပါအဝင်သည်လမ်းပေါ်ရှိရွာတွေအားလုံးမှ ရွာသူရွာသားများ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်ရှိ စစ်ရှောင်စခန်းအသီးသီးသို့ ရောက်သွားကြသည်။ စခန်းပြင်ပ ဆွေမျိုးသားချင်း အိမ်များ တွင်နေသူ အရေအတွက်မှာ မပြောပလောက်၊ အနည်းငယ်သာ။ ဂျုံးဇေတို့စခန်းမှာပင် မလန်းယန်ရွာမှ အိမ်ထောင်စု (၁၁)စု၊ ကန်ဒေါင်ယန်ရွာမှ အိမ်ထောင်စု နှစ်စုနှင့် နမ်ဆန်ယန်ရွာမှ အိမ်ထောင်စု သုံးစု ရှိသည်ဟုသိရ၏။ သည်စခန်းတွင် ဝိုင်းမော်မြို့နယ်နှင့် တနိုင်းမြို့နယ်တို့မှ ဒုက္ခသည် အိမ်ထောင်စု (၆၇)၊ လူဦးရေ (၂၇၃) ရှိပြီး တက္ကသိုလ်တက်သူ ခုနစ်ဦး ·အပါအဝင် ကျောင်းနေသူ (၁၁၂)ဦးရှိသည်။ မြစ်ကြီးနား မြို့တွင် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)မှ တာဝန်ယူ ဖွင့်လှစ်ထားသော အလားတူကယ်ဆယ်ရေးစခန်း (IDP Camp) (၁၅) ခုရှိသည်။ ယင်းစခန်း (၁၅) ခုတွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဆွမ်ပရာဘွမ်၊ အင်ဂျန်းယန်၊ တနိုင်းနှင့် ဖားကန့်မြို့နယ်တို့မှ ဒုက္ခသည် အိမ်ထောင်စု (၁၂၇၂) ၊ လူဦးရေစုစုပေါင်း (၆၃၁၁) ခိုလှုံလျက်ရှိ သည်။ အလားတူ ဗဟို ကက်သလစ်သာသနာ၏ ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း(Karuna Mission Society Solidarity) မှ တာဝန်ယူဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်း လေးခုတွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဆွမ်ပရာဘွမ်နှင့် အင်ဂျန်းယန် မြို့နယ်တို့မှ ဒုက္ခသည် အိမ်ထောင်စုပေါင်း (၃၅၇)၊ လူဦးရေစုစုပေါင်း(၁၉၀၅) နှင့် ငြိမ်း (SHALOM) ဖောင်ဒေးရှင်းမှ တာဝန်ယူထားသော စခန်း ခြောက်ခုတွင် အိမ်ထောင်စု (၁၄၅)၊ လူဦးရေစုစုပေါင်း (၇၂၀) ရှိရာ မြစ်ကြီးနားမြို့ရှိ ကယ်ဆယ်ရေး စခန်းပေါင်း (၂၆) ခုတွင် အိမ်ထောင်စု ပေါင်း (၁၇၇၄)၊ လူဦးရေစုစုပေါင်း (၈၉၃၇) ဒုက္ခသည်အဖြစ် ခိုလှုံလျက်ရှိသည်။ မြစ်ကြီးနားမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် မြို့သစ်ကြီးရပ်ကွက်ရှိ ဂျန်မိုင်ကောင် ကယ်ဆယ်ရေးစခန်းမှာ လူဦးရေ အများဆုံးဖြစ် သည်။ ယင်းစခန်းတွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဆွမ်ပရာဘွမ်နှင့် ဖားကန့်မြို့နယ်တို့မှ ဒုက္ခသည်အိမ်ထောင်စု (၂၀၁)၊ လူဦးရေ စုစုပေါင်း (၁၁၂၄)၊ တက္ကသိုလ်တက်သူ (၂၀)ဦး အပါအဝင် ကျောင်းနေသူ (၃၇၇) ဦးရှိသည်။ စစ်မီးနှင့်နီးရာ မြို့နယ်များဖြစ်ကြသည့် ဝိုင်းမော် မြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ပေါင်း (၂၀) ခု၊ ဒုက္ခသည် အိမ်ထောင်စုပေါင်း (၄၂၆၅)၊ လူဦးရေစုစုပေါင်း (၂၂,၄၂၂) ဗန်းမော်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ပေါင်း (၁၀) ခု၊ ဒုက္ခသည် အိမ်ထောင်စုပေါင်း (၁၃၆၀)၊ လူဦးရေ စုစုပေါင်း (၇၃၁၅)၊ မန်စီမြို့နယ်တွင် ကယ်ဆယ်ရေးစခန်းပေါင်း (၁၀) ခု၊ ဒုက္ခသည် အိမ်ထောင်စုပေါင်း (၂၄၉ ၈)၊ လူဦးရေ စုစုပေါင်း (၁၂,၀၆၄) နှင့် မိုးမောက်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်း (၁၄) ခု၊ ဒုက္ခသည် အိမ်ထောင်စုပေါင်း (၄၆၀၈)၊ လူဦးရေ စုစုပေါင်း (၂၂,၅၁၄) အသီးသီး ရှိသည်ဟုသိရ၏။ ထို့ပြင် ဖားကန့်မြို့နယ်တွင် ကယ်ဆယ်ရေး စခန်းပေါင်း (၂၀) ခု၊ ဒုက္ခသည် အိမ်ထောင်စုပေါင်း (၇၅၃)၊ လူဦးရေ စုစုပေါင်း (၃၅၇၅)၊ ချီဖွေမြို့နယ်တွင် ကယ်ဆယ်ရေးစခန်းပေါင်း ငါးခု၊ ဒုက္ခသည် အိမ်ထောင်စုပေါင်း (၅၀၈)၊ လူဦးရေ စုစုပေါင်း (၂၅၃၇)၊ မိုးကောင်းမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း သုံးခု၊ ဒုက္ခသည် အိမ်ထောင်စုပေါင်း (၄၄)၊ လူဦးရေ စုစုပေါင်း (၁၆၉)နှင့် မိုးညှင်းမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း နှစ်ခု၊ ဒုက္ခသည် အိမ်ထောင်စုပေါင်း (၃၂)၊ လူဦးရေ စုစုပေါင်း (၁၆၃) အသီးသီး ရှိကြောင်းသိရ၏။ ထို့ကြောင့် ဖော်ပြပါ စာရင်းဇယားများအရ ကချင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်း အရေအတွက် ပေါင်း (၁၁၂) ရှိပြီး အိမ်ထောင်စုအရေအတွက် ပေါင်း (၁၅၈၄၂)နှင့် ဒုက္ခသည်အဖြစ်ခိုလှုံသူ အရေအတွက် စုစုပေါင်းမှာ (၇၉၆၉၆) ရှိကြောင်း သိရသည်။

သည်ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံလျက်ရှိသော ဒုက္ခသည်များအား ပြည်နယ်အစိုးရနှင့်တကွ လူမှုရေးအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ အခါအားလျော်စွာ လှူဒါန်းကူညီထောက်ပံ့ကြ သည်။ ရိက္ခာကအစဆေးဝါးများအလယ် ကျောင်းသားများအတွက် ဗလာစာအုပ်အဆုံး လှူဒါန်းသူ များရှိကြသည်။ သို့ပေမဲ့ များပြားလှသော ဒုက္ခသည်များ ရေရှည်ရပ်တည်နိုင်ရန်မှာ ပြည်တွင်း အလှူရှင် အားနှင့် မလုံလောက်။ သည့်အတွက် သက်ဆိုင်ရာဘာသာရေး အဖွဲ့ချုပ်များနှင့် ငြိမ်းဖောင်ဒေးရှင်း၊ မေတ္တာဖောင်ဒေးရှင်၊ ကရုဏာအသင်း (KMSS) စသည့် အသင်းအဖွဲ့များသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အပါအဝင် နိုင်ငံတကာမှ လူမှုကယ်ဆယ်ရေးအသင်းများထံ အကူအညီ တောင်းခံပြီး အလှူရှင်များရရှိအောင် ရှာကြံရသည်။ ၎င်းအလှူရှင်များ၏ ရိက္ခာ သို့မဟုတ် ငွေကြေး ကူညီ ထောက်ပံ့မှုများကို သက်ဆိုင်ရာ အသင်းတော်များမှတစ်ဆင့်သော်လည်းကောင်း၊ ဖောင်ဒေးရှင်း သို့မဟုတ် အသင်းအဖွဲ့များမှ တစ်ဆင့်သော်လည်းကောင်း သက်ဆိုင်ရာ ကယ်ဆယ်ရေးစခန်းအသီးသီးသို့ ခွဲဝေပေးကြသည်။ တစ်ဖက်မှလည်း မိသားစုဝင်ငွေရရန် ဘာသာရေးအသင်းတော်များမှ ဦးဆောင်၍ အသက်မွေးဝမ်း ကျောင်းပညာသင်ကြားပေးမှုအစီအစဉ်များကိုလည်းပြုလုပ်ပေးကြသည်။ အမျိုးသမီးများအတွက် ယိုစုံလုပ် နည်း၊ အချုပ်အလုပ်နှင့် ရက်ကန်းခတ်အတတ် စသည်တို့ကို ပြင်ပမှ ကျွမ်းကျင်သူများကိုခေါ်ယူ၍ သင်ကြားပေးသည်။ ၎င်းပြင် တစ်နိုင်တစ်ပိုင် ဝက်မွေးလိုသူများကိုလည်း အရင်းအနှီးထုတ်ပေးသည်။ အမျိုး သားအများစုမှ အပြင်ထွက်၍ ကျပန်း အလုပ်ရှာလုပ်ကြသည်။

"ကူညီထောက်ပံ့မှုအနေနဲ့ကတော့ ကေဘီစီက ခွဲတမ်းချပေးတဲ့အတိုင်းပဲ သူတို့ကိုခွဲဝေပေးရတယ်။ ဒါပေမယ့် ၂၀၁၅ခုနှစ်ကစပြီး အရင်လိုမဟုတ်တော့ဘူး အရင်ကရိက္ခာအနေနဲ့ဆန်ပေးပေမဲ့နောက်ပိုင်း မပေးတော့ဘူး။ သိပ်မခက်ခဲတဲ့အိမ်ထောင်ကို ၁၅,၀၀၀၊ မခက်ခဲတဲ့အိမ်ထောင်ကို ၁၁,၀၀၀ ဆိုပြီး ပိုက်ဆံပဲ ပေးတော့တယ်"

ဂျုံးဇေကစခန်းနေဘဝတူများအားကူညီထောက်ပံပေးမှုနှင့် စပ်လျဉ်း၍ပြောပြသည်။ နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများအပေါ် ရပ်တည်ရှင်သန်နေရသော ဒုက္ခသည်များဘဝတွေးကြည့်လျှင် ရင်လေးစရာပင်။ နိုင်ငံအချို့၏ ကူညီထောက်ပံ့မှုများ ရပ်ဆိုင်းသွား၍ စခန်းနေဒုက္ခသည်များမှာလည်း ယခင်ကထက်ပိုမို ခက်ခဲကျပ်တည်းလာသည်။ သည်ကြားထဲ၊ အလုပ်အကိုင်ကလည်း ရှားပါးလာ၍ အရင်လို စားစရိတ်၊ ကျောင်းစရိတ်



ရှာဖို့မလွယ်ကူတော့။ မိသားစုများပြီးကျောင်းနေအရွယ်ရှိသည့် ဒုက္ခသည်များအတွက်တော့ ဗူးလေးရာ ဖရုံဆင့် ဆိုသလိုပင်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အပစ်ရပ်ကာလ သတ်မှတ်ထုတ်ပြန်ကြေညာပြီးသည့်နောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စီစဉ်ပေးမှုဖြင့် နေရပ်ပြန်လိုလူများအား ဇန်နဝါရီ (၃၀) ရက်နေ့တွင် ပို့ဆောင်ပေးခဲ့သည်။ ယင်းတို့အနက် ဝိုင်းမော်မြို့နယ် ဝိုင်းမော်-လိုင်ဇာ-ဗန်းမော်ကားလမ်းပေါ်ရှိ နမ်ဆန် ယန်ရွာမှ စခန်းပြင်ပနေသူ အိမ်ထောင် (၁၅) စုမှ လူဦးရေ (၁၅၀) ခန့် လည်းပါဝင်သည်။ ၎င်းတို့မှာ သူများ အိမ်တွင် ကြာမြင့်စွာ ခိုကပ်နေရသည်ကတစ်ကြောင်း၊ မိမိတို့ပိုင်အိမ်ခြံမြေများ ဆုံးရှုံးလက်လွတ်သွားမည်ကို စိုးရိမ်သည်ကတစ်ကြောင်း အကြောင်းအမျိုးမျိုးကြောင့် အရဲစွန့်ပြန်သူများ ဆိုလျှင်မမှား။ ၎င်းနေရပ်ပြန်သူများအား အိမ်ပြန်လည်ဆောက်လုပ်နိုင်ရန် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အိမ်လုံးဝပျက်စီးသူများအား သွပ်နှင့် ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ အိမ်အနည်းငယ်ပျက်စီးသွားသူများအား သွပ်နှင့်ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ ရိက္ခာအဖြစ် ဆန်၊ ဆီ၊ ဆားများကိုလည်းကောင်း ကူညီထောက်ပံ့ပေးကြောင်း ကြားသိရသည်။ ၎င်းတို့မှာ လက်ရှိတွင် ဘုန်းကြီးကျောင်းနှင့် ဘုရားရှိခိုးကျောင်းတို့တွင် ခေတ္တနေထိုင် ကြရသည်။ တိုတောင်းလှသော အပစ်အရပ်ကာလအတွင်း နေအိမ်ပြီးစီးအောင် ဆောက်လုပ်ရန်မှာ အပြောလွယ်သလောက် လက်တွေ့တွင်မလွယ်။ သို့ပေမယ့် ဂျုံးဇေအပါအဝင် စခန်းနေ ဒုက္ခသည်များ အားလုံးမှာမူ တဒင်္ဂတစ်ဖက်သတ် အပစ်ရပ်ကာလထက်နှစ်ဦးသဘောတူထာဝရအပစ်ရပ်ငြိမ်းချမ်းရေးကာလကိုသာ လိုလားတောင့်တနေကြမည်သာ။ ထိုအချိန် ကာလမရောက်မချင်းတော့ နေရပ်ပြန်ဖို့ စိတ်မကူးရဲသေး။ ဒုက္ခသည်စခန်းတွင် မသေချာ မရေရာသော နေ့ရက်များကို ဆက်လက်ဖြတ်သန်းရင်း ဒုက္ခခံနေရဦးမည်သာ။ သည်သို့ သည်နှယ် အနာဂတ် ပျောက်ဆုံးနေသော ဂျုံးဇေလို ဒုက္ခသည်များ ကချင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင်လည်း ဒုနှင့်ဒေး။ စစ်ရှောင်သို့မဟုတ် စစ်ပြေးဒုက္ခသည်များဟုပင်ပြောပြော၊ စစ်ဘေးရှောင်ပြည်သူများဟုပင်ဆိုဆို၊ နေရပ် စွန့်ခွာပြည်သူများဟုပင်ခေါ်ခေါ် စင်စစ် ဂျုံးဇေ အပါအဝင် သူတို့သူတို့ အားလုံးမှာ စစ်ကိုကြောက်၍ပင် မဟုတ်ပါလော။

(စစ်ကြောက်သူများဘဝမှအမြန်ဆုံးလွတ်မြောက်ပါစေဟုဆုတောင်းပေးရင်း)

ခရန်ခူး (မြစ်ကြီးနား)

www.free4readers.com



## စာမျက်နှာ (၁၂) မှ အဆက် ... ဖြစ်ပြန် ပျက်ပြန် လောကဓံ...တင်ထွန်း(မန္တလေး)

သီတင်းကျွတ်လဆန်း ၁ ရက်မှ ၈ ရက်အထိ ဘုရားပွဲတော်ကျင်းပသည်။ စစ်ကိုင်းမြို့ပေါ်ရှိ ဆွမ်းတော်ကြီး အသင်းများနှင့် ဝါးချက်ရွာမှ ဆွမ်းတော်ကြီးအသင်းသည် သီတင်းကျွတ်လဆန်း ၄ ရက်တွင် ထီးဖြူ ယမားယပ်၊ သိုင်း၊ ကျိုင်း၊ ရွှေမောင်း၊ ငွေမောင်း၊ ကြေးစည်၊ မြသပိတ် စသည်တို့ကို ကိုင်ဆောင်လျက် အတီးအမှုတ် အကအခုန်များဖြင့် ဘုရားသို့ လာရောက်ကြသည်။ လဆန်း ၅ ရက်တွင် နံနက် အာရုံဆွမ်းကပ်လှူကြသည်။ နတ်တော်လပြည့်နေ့တွင် ဒုတိယအကြိမ် ဘုရားပွဲတော်ကျင်းပသည်။ နေ့လည် ၂ နာရီတွင် စတင်သည်။ ညတွင် ဘုရားအား မီးထွန်းညှိပူဇော်ကြသည်။ ဘုရားပွဲဈေးတန်းတွင် မုန့်ပေါင်းသည်၊ အကြော် သည်များနှင့် စည်ကားသည်။ ဘုရားအနီး ရပ်ကွက်နေသူများက ဘုရားပွဲ လာ မိတ်ဆွေ၊ ဆွေမျိုးသားချင်းများကို မုန့်ပေါင်းနှင့်အကြော် ဧည့်ခံလေ့ရှိသည်။ မုန့်ပေါင်းပွဲတော်ဟု ခေါ်သည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် စေတီ၊ ပုထိုးနှင့် ဘုရားဆင်းတုများတည်ဆောက်ရန် ဝါးလုံးများဖြင့် ငြမ်းဆင်လေ့ရှိသည်။ မြေပြင်မှ အထက်သို့ ဝါးလုံးတစ်ပြန်စီတိုး၍ဆက်ကာ ထိပ်ဖျားအထိ ဝါးငြမ်းထိုးရသည်။ ဝါးတစ်ပြန်ဆက်သောနေရာကို ဝါးငြမ်းတစ်ထပ်ဟု ခေါ်ဆိုသည်။ ဝါး ငါးပြန်ကို ငါးထပ်ကြီး၊ ဝါးခြောက်ပြန်ကို ခြောက်ထပ်ကြီး၊ ဝါးကိုးပြန်ကို ကိုးထပ်ကြီးနှင့် ဝါးဆယ်ပြန်ကို ဆယ်ထပ်ကြီးဟု ခေါ်ခြင်းဖြစ်သည်။ အထပ်တိုင်းတွင် ဘုရား၊ ရဟန္တာတို့၏ဓာတ်တော်၊ မွေတော်နှင့် အဖိုးမဖြတ် နိုင်သော လှူဖွယ်ဝတ္ထုတို့ကို ဌာပနာသွင်းလေ့ရှိသည်။ နိုင်ငံတဝန်းလုံးတွင် 'ထပ်ကြီး' ဘွဲ့တော် ရဘုရား၊ ထိုင်တော်မူ ၆ ဆူနှင့် လျောင်းတော်မူ ၁ ဆူ၊ စုစုပေါင်း ၇ ဆူ ရှိသည်။ ထိုင်တော်မူဆင်းတုများမှာ ဘူမိဖဿမုဒြာဖြစ်ပြီး၊ လျောင်းတော်မူမှာအေးချမ်းသာယာစွာအနားယူဟန်ရွှေသာလျောင်း ဖြစ်သည်။

တည်ဆောက်သည့် ခုနှစ်အတိုင်း အစဉ်လိုက် ဖော်ပြရလျှင်-

၁။ ငါးထပ်ကြီး၊ စစ်ကိုင်း။ ၁၆၅၈ ခုနှစ်။ ထိုင်ဆင်းတု၊ ဉာဏ်တော် ၂၈ တောင် (၁၂. ၈ မီတာ)။ မင်းရဲရန္တမိတ် ခေါ် ပင်းတလဲမင်း တည်သည်။

၂။ ငါးထပ်ကြီး၊ ရန်ကုန်။ ၁၉၀၂ ခုနှစ်။ ထိုင်ဆင်းတု၊ ဉာဏ်တော် ၃၁ တောင် (၁၄. ၁၇ မီတာ)။

ပရိက္ခရာကုန်သည်၊ မြို့ဝန် ဦးဘိုးအောင်၊ ဒေါ်စိန်ရင် တည်သည်။ ရွှေဂုံတိုင်ရပ်ဝက်ပါလမ်း၌ရှိသည်။မဟာသကျအတုလမာန်အောင်ဘွဲ့အမည်ရသည်။

၃။ ကိုးထပ်ကြီး၊ ရန်ကုန်။ ၁၉၀၅ ခုနှစ်။ ထိုင်ဆင်းတု၊ ဉာဏ်တော် ၄၃ တောင် ၁ မိုက် (၁၉. ၇၇ မီတာ)။ ဦးကျင်၊ ဒေါ်ဇံတည်သည်။ အတုလမိပတိ မဟာမုနိသကျဘွဲ့အမည်ရသည်။ ငါးနှစ်ကြာတည်ရသည်။

၄။ ဆယ်ထပ်ကြီး၊ ဟသ်ာတ။ ၁၉၀၉ ခုနှစ်။ ထိုင်ဆင်းတု၊ ဉာဏ်တော် ၆၁ တောင် (၂၇. ၈၉ မီတာ)။ သုံးပင်ကွင်းရပ်တွင် တည်ရှိသည်။

၅။ ငါးထပ်ကြီး၊ ကနောင်။ ၁၉၁၂ ခုနှစ်။ ထိုင်ဆင်းတု၊ ဉာဏ်တော် ၃၃ တောင်တစ်ထွာ (၁၃. ၉၅ မီတာ)။ အိုးဘိုတိုက်သူကြီး ကရင် ဗုဒ္ဓဘာသာဝင် ဦးစံရှေးဦးဆောင်သည်။ အိုးဘိုရွာမှ စက်ဆရာ ဦးလေးကြီးက ဝါးနှီးဖြင့် ပုံစံငယ် ရက်လုပ်သည်။ ကွမ်းခြံကုန်းရွာမှ ပန်းရံဆရာ ဦးလှကျော် တည်ဆောက်သည်။ အိုးဘိုစုရွာတွင် တည်ရှိသည်။

၆။ ဆယ်ထပ်ကြီး၊ ပြည်။ ၁၉၁၉ ခုနှစ်။ ထိုင်ဆင်းတု၊ ၇၃ တောင် ၇ လက်မ (၃၃. ၅၅ မီတာ)။ ဆရာတော် ဦးတေဇဝန္တ ဦးဆောင်ခဲ့သည်။ ပလ္လင်တော်ကို ညောင်ဦးမှ ပန်းရံဆရာ ဦးထွန်း၊ ဒူးတော်ကို ဦးလုံး၊ ပေါင်တော်ကို ပျဉ်းမနားမှ ဦးနွယ်၊ ခါးတော်ကို ပခုက္ကူမှ ဦးချစ်ပို၊ ပခုံးတော်ကို အောင်လံ-ရွာထောင်မှ ဆရာမြနှင့် ဦးခေါင်းတော်ကို ကနောင်မှ ဦးဘိုးချမ်းဟူ၍ ပန်းရံ ဆရာ ၅ ဦးက တည်ဆောက်ခဲ့သည်။ ဘုရားဆင်းတုကြည်ညိုဖွယ်ဖြစ်စေရန် နှင့် အချိုးအစားကျနစေရန် ပန်းရံဆရာ ဦးဘိုးချမ်းနှင့် တပည့် ၂၇ ဦးသည် သက်သတ်လွတ်စားကာ ၃နှစ်ကြာ အချိန်ယူခဲ့ ရသည်။ မန္တလေးမှ ဝက်မစွပ်မြို့ စားမင်းပေးသော ရှေးအစဉ်အလာ ပုံတော်စနစ်လက်ာအရ တည်လုပ်သည်ဟုဆိုသည်။

၇။ ခြောက်ထပ်ကြီး၊ ရန်ကုန်။ ၁၉၆၆ ခုနှစ်။ လျောင်းတော်မူ။ အလျား ၁၄၄ တောင် (၆၅. ၈၄ မီတာ)။ ဆရာတော် ဦးကောဏ္ဍညနှင့် ဦးစန္ဒောဘာသက ဦးဆောင်သည်။ ၇ နှစ် ကြာသည်။ ပန်းရံဆရာမှာ မြိတ်မှ ဆရာသောင်း ဖြစ်သည်။ ရွှေဂုံတိုင်လမ်းတွင် တည်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ 'ထပ်ကြီးဘုရားဆင်းတု'များအနက် ငါးထပ်ကြီးဘုရားသည်ဒုတိယအင်းဝခေတ်(ညောင်ရမ်းခေတ်)ကတည်းကတည်ထားကိုးကွယ်ခဲ့သောရှေးအကျဆုံးဘုရားဖြစ်သည်။ ၁၇ ရာစု လက်ရာဖြစ်သည်။

ထို့အပြင် ငါးထပ်ကြီးဘုရား ရင်ပြင်တော် စောင်းတန်းလှေကားဦးတွင် ချိတ်ဆွဲထားသော သစ်သားစိပ်ပုတီးကြီး နှစ်ကုံးရှိသည်။ ပုတီးလုံး၏အရွယ်မှာ ထန်းသီးလုံးခန့် ရှိသည်။ အနက်ရောင် သုတ်ထားသည်။ တောင်ဘက်စိပ်ပုတီး ကြီးမှာ ပုတီးလုံး ၃၂ လုံး ပါရှိသည်။ ဗုဒ္ဓဘာသာအရ ခန္ဓာကိုယ်သည် ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေပြား၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ ဖျဉ်း၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ အဆီကြည်၊ တံတွေး၊ နှပ်၊ အစေးနှင့် ကျင်ငယ်ဟူ၍ ၃၂ ပါးဖြင့် ဖွဲ့စည်းထားသည်။ ဗုဒ္ဓဘာသာဝင်တို့ ကာယနုပဿနာ စီးဖြန်းပါရန် သတိပေးထားသည်။ ၁၉၂၄ ခုနှစ်ခန့်တွင် စစ်ကိုင်းဆားတောင်မငါးရွာအနီး သာစင်ရွာမှ ဆေးဆရာ ဦးမောင်ကြီးက ဤပုတီးကို လှူဒါန်းခဲ့သည်။ မြောက် ဘက် စိပ်ပုတီးကြီးမှာ ပုတီးလုံး ၃၁ လုံး ပါရှိသည်။ ဗုဒ္ဓဘာသာအရ - ဗြဟ္မာဘုံ ၂၀၊ နတ်ဘုံ ၆၊ လူ့ဘုံ ၁၊ ငရဲဘုံ ၁၊ တိရစ္ဆာန်ဘုံ ၁၊ ပြိတ္တာဘုံ ၁နှင့် အသူရကာယ်ဘုံ ၁ ဟူ၍ နိဗ္ဗာန်သို့မရောက်မီ ကျင်လည်ရမည့် ၃၁ ဘုံ ရှိသည်။ ထို ၃၁ ဘုံမှ လွတ်မြောက်စေရန် သမထ၊ ဝိပဿနာအလုပ်ကို ကြိုး စားအားထုတ်ပါဟု သတိပေးထားသည်။ ၁၉၇၉ ခုနှစ်တွင် ငါးထပ်ကြီးဘုရား ပြန်လည်ပြုပြင်ရေး မဟာသံဃအဖွဲ့အချုပ်က ဤပုတီးကို ဖြည့်စွက်လှူဒါန်း ခဲ့သည်။

စစ်ကိုင်းကောင်းမှုတော် စေတီတော်ကြီး ဒါယိကာမှာ သာလွန်မင်းကြီး ဖြစ်သော်လည်း၊ ထီးတော်မတင်မီ သာလွန်မင်း နတ်ရွာစံသဖြင့်၊ သားတော် ပင်းတလဲမင်း နန်းတက်သည်။ ကောင်းမှုတော် စေတီတော်ကြီး၏ ထီးတော် ဒါယိကာဖြစ်လာသည်။ စစ်ကိုင်းမြို့ ဝေဠုဝန်ရပ်တွင် ဘုရားဆင်းတုတော်ကြီး တစ်ဆူ တည်လုပ်ကာ၊ ငါးထပ်တန်ဆောင်းဖြင့် ကိန်းဝပ်စေသည်။ ငါးထပ်ဒါယိကာ ဟူ၍ လူသိများသည်။ ပင်းတလဲ မင်းလက်ထက်တွင် မြန်မာနိုင်ငံကို တရုတ်တို့ ထိပါးလာသည်။ နိုင်ငံစီးပွားရေးကျဆင်းသည်။ ညီတော် ပြည်မင်းသားက ထီးနန်းကို သိမ်းပိုက်ပြီး၊ ပင်းတလဲမင်း၊ မိဖုရား၊ သား၊ မြေးလေးဦးကို ချင်းတွင်း မြစ်ရေတွင် ချ၍ ကွပ်မျက်လိုက်သည်။ ကွပ်မျက်စဉ် မရီးတော်က ဤသို့ပြောဆိုသည်။

"ငါ့ ဝါးဖတ်နဲ့ ကြီးပြင်းလာရတဲ့သူက ငါ့ကို ပြစ်မှားခြင်းကြီးလေစွ"။

စစ်ကိုင်းကောင်းမှုတော် စေတီတော်ကို မြန်မာမင်းတစ်ပါး ရွှေစစ် (ရွှေမျက်ပါး)သင်္ကန်းချုပ်ဖူးသည်ဟု ဖတ်ရဖူးသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ် က အမေရိကန်ပြည်ထောင်စု အီလီနွိုက်စ်တက္ကသိုလ် ရူပဗေဒဌာနမှူး (ယခင် ရန်ကုန်မြို့မကျောင်း၊ ကျောင်းအုပ်ကြီး၏သား)ကို ကောင်းမှုတော် စေတီတော် သို့ ဘုရားဖူးလိုက်ပို့သောအခါ၊ သူငယ်စဉ်က စေတီတော်ကြီး၏ ကိုယ်လုံး တော်ပေါ်တွင် စက်သေနတ်ကဲ့သို့ လက်နက်ငယ်တပ်ဆင်ရန် စစ်အတွင်းက အပေါက်ငယ်ကို မြင်ခဲ့ဖူးကြောင်း မှတ်သားရသည်။ စစ်ကိုင်းတိုင်း၊ ကသာခရိုင် အင်းတော်မြို့မှ သစ်သားထွင်း မြန်မာ့အကြီးဆုံးစည်တော်ကြီးကို ဘုရားဝင်း အရှေ့တောင်ထောင့်တွင် ပြာသာဒ်မွှော်စင်၌ ချိတ်ဆွဲ ထားရှိမည်ဟုသိရသည်။

ကမ္ဘာ့အကြီးဆုံး မင်းကွန်းခေါင်းလောင်းတော်ကြီး ၁၈၀၈-၁၁ ခုနှစ်တွင် သွန်းလုပ်စဉ်က ပိုလျှံစီးကျသော ကြေးနှင့် မိုက်ရွှေအစအနတို့နှင့် ပွားများ ယူကာ သွန်းလုပ်သော ဒဗုံမင်းတရားကြီး၏ သားတော်များ လှူဒါန်းသည့် ခေါင်းလောင်းအချို့ အင်္ဂလိပ်တို့၏ ဧရာဝတီ ဖလိုတီလာကုမ္ပဏီကမင်းကွန်းပုထိုးတော်ကြီးဘေးမှဖြုတ်ယူသွားပြီးနောက်၊ အကြောင်းကြောင်းကြောင့် ယခုကောင်းမှုတော်ဘုရားဝင်းအတွင်းသို့ ရောက်ရှိချိတ်ဆွဲထားပါသည်။ ထို အမရပူရခေတ် ခေါင်းလောင်းတော်များကိုလည်း သမိုင်းဝင် ရှေးခေါင်းလောင်း များဖြစ်သည်နှင့်အညီ၊ ကမ္ပည်းကျောက်စာနှင့် ထိန်းသိမ်းပါရန် အကြံပြုပါသည်။

သာလွန်မင်းကြီး၏ ကောင်းမှုတော် စေတီတော်နှင့် သားတော် ပင်းတလဲမင်း၏ ငါးထပ်ကြီး ဘုရားသမိုင်းမှ နိမ့်တုံ မြင့်တုံ၊ ဖြစ်ပြန် ပျက်ပြန် လောကဓံတရားကို သိရှိမှတ်သား သင်ခန်းစာယူဖွယ်ရာများ တွေ့ရသည်။ မြန်မာနိုင်ငံ သားအားလုံး စည်းလုံးညီညွတ်စေချင်သည်။ မြန်မာနိုင်ငံတော် ငြိမ်းချမ်းစေ ချင်သည်။ သို့မှသာ ပြည်ပရန်ကို ကာကွယ်နိုင်မည်။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများဖြစ်အောင် အစွမ်းကုန်ကြိုးစားကြပါစို့။

(တပေါင်းလပြည့်နေ့ ကောင်းမှုတော် စေတီတော် အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအား ကြိုဆိုလျှက်)

တင်ထွန်း(မန္တလေး)

## စာမျက်နှာ(၁၈)မှအဆက်...အခြေခံဥပဒေနှင့်အတူ ပြင်ဆင်သင့်သည့် အချက်များ...မောင်ဖိုးကျော်(လေးတောင်)

မြန်မာဘက်က ဘင်္ဂါလီစာသင်ကျောင်းတွေမှာ အာရဗီစာကို သင်ကြားတယ်။ နိုင်ငံရပ်ခြားအယူဝါဒကို တင်သွင်းနေခြင်းပါပဲ။ မြန်မာ အလံကိုအလေးပြုရကောင်းမှန်းမသိ။ ယင်းဘင်္ဂါလီရွာတွေကို သာမန်လူတွေကိုမပြောနဲ့ အစိုးရအာဏာပိုင်တွေပင်မဝင်ရဲ၊ မဖြတ်ရဲကြ။ မြန်မာနယ်မြေဖြစ်ပေမယ့်မြန်မာအစိုးရအာဏာစက်လွတ်နေတဲ့နယ်မြေ။စင်ကာပူမှာဘာသာရေးလွတ်လပ်မှုရှိပေမယ့် စင်ကာပူဥပဒေကိုလေးစားလိုက်နာရတယ်။ ခေါင်းဆောင်ကြီးလီကွမ်ယုက အမြင်ကျယ်ကျယ်နဲ့ လူမှုရေးပြဿနာကို ကြိုတင်ပြင်ဆင်ထားခဲ့လို့ ဒီနေ့ထိကြီးမားတဲ့ ပြဿနာမဖြစ်ခဲ့ပါ။ ဒါကိုမြန်မာခေါင်းဆောင်တွေ အတုယူသင့်ပါတယ်။

ရှင်းလင်းချက် (၅)

မြန်မာ-ဘင်္ဂလားဒေ့ရှ်ခြံစည်းရိုးကို ရှစ်လက်မပတ်လည်တိုင်တွေစိုက်ထူပြီးကာရံထားတယ်။ အမြင့် ၁၂ ပေရှိတယ်။ ဘင်္ဂလားဘက်ခြံစည်းရိုးမှာ သံဆူးကြိုးလိပ်တွေကို တစ်ခုပေါ်တစ်ခုတင်ကာ လှေကားထစ်သဖွယ် ဆင့်ထားတယ်။ ခိုးဝင်ဘင်္ဂါလီတွေ ကျော်တက်မယ့် ဝါးလှေကားကို ဆင့်တုံးခံပေးထားသလိုဖြစ်နေတယ်။ ခိုးဝင်ဘင်္ဂါလီတွေ လှေခါးနဲ့တွယ်တက်ပြီးခြံစည်းရိုးထိပ်ရောက်တဲ့အခါ၊ ခုန်ကျော်လိုက်တာနဲ့အတားအဆီးမရှိ မြန်မာပြည်ကိုရောက်သွားရပြီ။

အနောက်တံခါးခြံစည်းရိုးကာရန်အတွက် နိုင်ငံတော်မှငွေ၊ရဟန်းရှင်၊ပြည်သူတွေလှူငွေနဲ့တည် ဆောက်ပြီးအဖျက်အစီးခံနေတယ်။ ရှေ့ကလုပ်နောက်ကဖျက်နေတယ်။ ခြံစည်းရိုးကာရံတာနဲ့ မပြီးပြည့်စုံပါ။ အိန္ဒိယ-ဘင်္ဂလားခြံစည်းရိုးတစ်လျှောက် ဖြတ်သန်းသွားလာခွင့်မရှိလို့ ဥပဒေထုတ်ပြန်ထားတယ်။ ဖြတ်ရင် ပစ်မိန့်ထုတ်ပြန်ထားတယ်။

ရှေးနှစ်ပေါင်းများစွာက ရန်သူ 'မွန်ဂိုတွေ' အလုံးအရင်းနဲ့ဝင်ရောက်လာမှာကိုစိုးရိမ်လို့ တရုတ်ပြည်မှာ မဟာတံတိုင်းကြီး ကာရံခဲ့ရတယ်။ ခုရှေးဟောင်းဂန္ထဝင်မဟာတံတိုင်းကြီးအဖြစ်နဲ့ကမ္ဘာကျော်ခဲ့ရပြီ။ မြန်မာ-ဘင်္ဂလားခြံစည်းရိုးတံတိုင်း ခိုင်ခိုင်မာမာရှိရင်ပင် ကျေနပ်ကြမှာပါ။ ခုလိုခြံစည်းရိုးကြီးအဖျက်ခံရတဲ့ အဖြစ်ဆိုးကို အလှူရှင်တွေသိရင် ဘယ်လောက်ရင်နာကြမလဲ။ ဘာပဲဖြစ်ဖြစ်အစိုးရအနေနဲ့ မြန်မာ- ဘင်္ဂလားခြံစည်းရိုးတစ်လျှောက် ပုဒ်မ (၁၄၄)ကိုအမြဲ တမ်းထုတ်ပြန်ထားဖို့လိုပါပြီ။

"ဖွဲ့စည်းပုံပြင်ဆင်ရေးပူးပေါင်းကော်မတီ"ဟာအခြေခံဥပဒေကို အရေးတကြီးပြင်ဆင်နေသလို အထက်ဖော်ပြချက်ငါးရပ်ဟာလည်း နိုင်ငံတော်အတွက်အရေးတကြီးပြင်ဆင်ရန်လိုအပ်ကြောင်းတင်ပြအပ်ပါတယ်။

မောင်ကျော်ဖိုး(လေးတောင်)

## စာမျက်နှာ (၇) မှ အဆက် ... ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အာဏာသုံးရပ်ခွဲခြင်း...ဒေါက်တာတိုးမြင့်

ချက်တူခြင်း၊တန်ဖိုးထားမှုတူညီခြင်းတို့ရှိမှ အစိုးရတစ်ခုအသက်ရှင်၊ တရားဝင် ပါသည်။ The continued legitimacy of government depends not only on what a constitution says, but also on its continued responsiveness to shared values and beliefs and continued popular consent.

လူထုဆန္ဒကိုဆန့်ကျင်လျက်၊ မိမိအလိုကျ အတင်းဖိနှိပ်၊ သတ်ဖြတ်၊ ခြိမ်းခြောက်လျက် ရယူထားသော အာဏာ၊ ဥစ္စာ၊ ပစ္စည်း၊ စည်းစိမ်တို့သည် အသုဘကိုတန်ဆာဆင်ထားသကဲ့သို့ ဖြစ်နေသည်မှာ ၁၉၆၂ခုမှ ယနေ့တိုင်မြန်မာအစိုးရအဆက်ဆက်တို့ ကျက်သရေကင်းမဲ့သော အသုဘကြီးသဖွယ်ပြည်တွင်းတွင်လည်းမတင့်တယ်၊နိုင်ငံတကာတွင်လည်း လူရာမဝင်ဘဲမြန်မာတို့၏ဒုက္ခတွင်းလည်းနက်သထက်နက်လျက်ရှိပါသည်။ ဗုဒ္ဓဘာသာဝင်ပီသကြပါစို့။ မည်သူနှင့်မဆို လူထုစောင့်ကြည့်နိုင်သော Public debate/ discussion လုပ်ဝံ့ကြောင်းပါ။

မှီငြမ်း (၁) Two treaties on Government (1660), Book 2, John Locke

(၂) Introduction to the study of the law of the Constitution A.V. Dicey (1885) သီပေါမင်းပါတော်မူနှစ်

ဒေါက်တာတိုးမြင့်
toe1myint2@gmail.com



ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.240 WEEKLY NEWS JOURNAL 9th March 2019

# ပေါက်ဖော်တို့အားထားတဲ့
# လက်တစ်ဖက်စားသမား

ထေဝင်သူရဲသားချစ်



## ဒီမိုကရေစီဘုရင်မခေါ် လက်နက်ပုန်း နှင့် လွှတ်တော်မှ ထူးကော်ခေါ်နိဂုံး

www.free4readers.com

www.free4readers.com

# ဦးရွှေမန်းကော်မတီဖျက်သိမ်းပြီးနောက် ဘာဆက်ဖြစ်မလဲ


AAအဖွဲ့ဖမ်းဆီးသွားပြီးပြန်လည်လွတ်မြောက်လာသော ချင်းပြည်နယ် ပလက်ဝမြို့နယ် သံတောင်ရဲစခန်းမှူး ဆလိုင်းဘီးဗား၊



## ဦးရွှေမန်းကော်မတီဖျက်သိမ်းခြင်းနောက် ဘာဆက်ဖြစ်မလဲ

၂၀၁၆ခုနှစ်မှစတင်ဖွဲ့စည်းခဲ့သည့် ဦးရွှေမန်း၏ အထူးကော်မရှင်သည် နှစ်စဉ်ကန့်ကွက်မှုများဖြင့် တစ်နှစ်တစ်ကြိမ်ပုံမှန်သက်တမ်းတိုးနိုင်ခဲ့သော်လည်း ယခုနှစ် ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင်မှ အံ့အားသင့်ဖွယ်ရာ (၅၅၅)မဲဖြင့် အပြတ်အသတ်ကန့်ကွက်ခံရပြီး ကော်မရှင်ဇာတ်လမ်းတစ်ခန်းရပ်သွားခဲ့သည်၊ မဲပေးခွင့်ရှိသူ (၆၀၈)ဦးအနက် ထောက်ခံသူ(၂၀)ဦးသာ ရှိသည်၊ ထိုနေ့ချင်းပင် လွှတ်တော်နာယက ဦးတီခွန်မြတ် လက်မှတ်ထိုး၍ ကော်မရှင်ရုပ်သိမ်းလိုက်ကြောင်း ကြေညာခဲ့သည်၊

ကော်မရှင်ရုပ်သိမ်းခံရခြင်းနှင့်ပတ်သက်၍ ဦးရွှေမန်းနှင့်ဒေါ်အောင်ဆန်းစုကြည်တို့၏ကြိုတင်ဆွေးနွေးမှု တွေးထင်ခဲ့ကြသော်လည်း ဦးရွှေမန်း၏သတင်းစာရှင်းလင်းမှုတွင် ၎င်းအနေဖြင့် ကြိုတင်သိရှိထားခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်၊ ဆောင်းပါးရှင်စည်သူအောင်မြင့်၏ သူရဦးရွှေမန်း၏ကံကြမ္မာ ဘာဆက်ဖြစ်နိုင်မလဲ ဆောင်းပါးတွင် ဦးရွှေမန်းအနေဖြင့် သတင်းထောက်များ၏မေးခွန်းများကို အနည်းငယ်သာပြန်လည်ဖြေဆိုနိုင်ပြီး သူ၏အမူအရာမှာ တကယ်ပင်ကြိုတင်မသိရှိခြင်းဖြစ်သည်ဟု ရေးသားဖော်ပြထားသည်၊ ဦးရွှေမန်းမှ ဧရာဝတီသတင်းထောက်အား ‘ဘာမှထူးထူးခြားခြားပြောစရာမရှိပါဘူး၊ ဒီဟာက ကြိုတင်ညှိနှိုင်းမှုမရှိပါဘူး’ဟု တိုတိုတုတ်တုတ်ပင် ဖြေဆိုခဲ့သည်၊

သို့ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်(NLD)က ကော်မရှင်ကို ကန့်ကွက်ရခြင်းမှာ ‘သူက ပါတီတစ်ခုထောင်တယ်လေ၊ ပါတီတ ရဲ့ဥက္ကဋ္ဌလည်း ဖြစ်နေပြီ၊ အဲဒီထဲက တစ်ချို့အဖွဲ့ဝင် (၁၂)ဦးလောက်ကလည်း ပါတီဝင်တွေဖြစ်သွားကြပြီလေ၊ နဂိုတုန်းကအနေအထားနဲ့ အခြေအနေက ကွာသွားပြီလေ’ဟု ပြောဆိုခဲ့သည်၊ ဦးရွှေမန်းက ‘နိုင်ငံရေးဆိုတာ အင်မတန်ကျယ်ပြန့်ပါတယ်၊ မူယာမာယာများတယ်’ဟု သတင်းထောက်များအား တုံ့ပြန်ပြောဆိုခဲ့သည်၊

ဦးရွှေမန်း၏ NLDနှင့် မဟာမိတ်ဆက်ဆံမှု ပျက်ပြားခဲ့ပြီဟူသော မှန်းဆချက်များထွက်ပေါ်နေပြီး တစ်ချိန်က ဦးရွှေမန်း၏အရေးပါခဲ့ပုံအား ‘သူရဦးရွှေမန်းအနေနဲ့ အထူးကော်မရှင်ဥက္ကဋ္ဌတာဝန်ယူခဲ့ ဘာ ကာလအတွင်း အစိုးရအဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးရာမှာ လွှတ်တော်အတွင်း ဥပဒေပြုရေးနဲ့ ဆုံးဖြတ်ချက်တွေချရာမှာ ဩဇာအများကြီးညောင်းခဲ့ပုံရတယ်လို့ NLD အမတ်တွေက ပြောဆိုကြပါတယ်’ဟု ဆောင်းပါးဆရာ စည်သူအောင်မြင့်က ၎င်း၏ဆောင်းပါးတွင် ရေးသားခဲ့သည်၊

ဦးရဲထွန်း(သီပေါ)က ‘နိုင်ငံရေးမှာ ဒီလိုပါပဲ၊ ရန်သူမရှိ မိတ်ဆွေမရှိ အကျိုးစီးပွားပဲရှိတယ်ဆိုတာမျိုးပေါ့၊ ကိုယ်ကျိုးစီးပွားကို ထိခိုက်လာတဲ့အခါမှာ လက်မတွဲတော့ဘူးပေါ့၊ ကျွန်တော်ထင်တာကတော့ ပါတီထောင်တဲ့အပေါ်မှာ အစာမကြေတာ၊ ပါတီထောင်တဲ့ဂယက်ကြောင့်ပဲ ထင်တယ်၊ တခြားအကြောင်းတွေလည်း ရှိချင်ရှိမှာပေါ့’ဟု The Voice အား ပြောကြားခဲ့သည်၊ ၎င်း၏အယူအဆသည် NLD ခေါင်းဆောင်များ၏သဘောထားကို အနီးစပ်ဆုံးမြင်တွေ့ရမည်ဟု ပြောနိုင်ပါသည်၊

ဦးရွှေမန်းသည် ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ UBP အား ၎င်း၏ကော်မရှင်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရန် ကြိုးပမ်းနေခြင်းမှာ မဖြစ်သင့်ကြောင်းနှင့် ယုံကြည်စွာပေးအပ်ထားသည့်ကော်မရှင်နှင့်ရာထူးကို ဘောင်ကျော်ဆောင်ရွက်နေမှုများလည်းရှိကြောင်းတို့ကို ဂျာနယ်အချို့တွင် ဖော်ပြခဲ့ကြသည်၊ ၂၀၁၆ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့်အထူးကော်မရှင်၏ အဓိကတာဝန်ကိုးခုရှိရာ ရိုးရှင်းသောစကားစုဖြင့် ဖော်ပြရမည်ဆိုပါက ကော်မရှင်သည် လွှတ်တော်နာယကများအား ပံ့ပိုးကူညီရန်အတွက် လေ့လာဆန်းစစ်ခြင်းကိုပြုလုပ်ပေးရန် သက်သက်သာ ဖြစ်သည်၊ ဥပဒေပြုရေးတွင် လွှတ်တော်များနှင့် ဥပဒေကြမ်းကော်မတီသည် လုပ်ပိုင်ခွင့်အမြင့်ဆုံးပေးအပ်ထားပြီး ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းနှင့်ပတ်သက်၍ အပြီးသတ်ဆုံးဖြတ်ရမည်ဖြစ်သည်၊ ပြည်သူ့လွှတ်တော်တွင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ဥပဒေရေးရာကော်မတီများ ရှိနှင့်ပြီးသားဖြစ်သော်လည်း ပြည်ထောင်စုအဆင့် ကော်မရှင်တစ်ရပ်ကမူ ဥပဒေရေးရာအကြံပေးအဖြစ် ပေါ်ပေါက်လာခြင်းမှာ လွဲမှားမှုဖြစ်နေပြီဟု ထိုစဉ်က မည်သူမျှသံသယမဝင်ခဲ့ကြသည်ကို တွေ့ရမည်၊ သို့သော် ကော်မရှင်သည် လွှတ်တော်ဥက္ကဋ္ဌများထက်ပင် အရာရောက်ခဲ့ကြောင်းကိုလည်း တွေ့ရမည်၊ ဥပဒေနှင့်မသက်ဆိုင်သော နိုင်ငံတကာအစိုးရအဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးခွင့်၊ စီးပွားရေးလုပ်ငန်းများဆိုင်ရာ တွေ့ဆုံမှု၊ ဌာနဆိုင်ရာအကြီးအကဲများ ဆင့်ခေါ်ခွင့်ရခြင်း စသည့် အထူးကော်မရှင်အမည်ဖြင့် လိုက်ဖက်စွာ အထူးအခွင့်အရေးများကို ယူငင်သုံးစွဲလာခဲ့သည်ကို တွေ့ခဲ့ရသည်၊

ထိုမှတစ်ဖန် အထူးကော်မရှင်မှအကြံပြုခဲ့သောဥပဒေများကို သတိထားကြည့်လျှင် (နိုင်ငံတော်၊ နိုင်ငံသား အကျိုးစီးပွားနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ) ထက် လူပုဂ္ဂိုလ်တစ်ဦး (ဝါ)အဖွဲ့အစည်းတစ်ခုကိုသာ အကျိုးပြုသွားစေသည်ကို တွေ့ရှိရမည်ဖြစ်သည်၊ အထူးကော်မရှင်၏ ၂၀၁၈ နှစ်ပတ်လည်စာစောင်အရ ဥပဒေကြမ်းအဖြစ် အပြီးသတ်ရေးဆွဲပြီးသည့် ဥပဒေ(၃၉)ခုနှင့် ဥပဒေကြမ်းတစ်ရပ်ရရှိအောင် ဆက်လက်ဆွေးနွေးညှိနှိုင်းရေးဆွဲဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်း(၂၃)ခု၊ စုစုပေါင်း (၆၂)ရှိခဲ့သည်၊ **၎င်းဥပဒေများအနက် ၂၀၁၇ခုနှစ် မတ်လ(၈)ရက်နေ့က ထုတ်ပြန်ခဲ့သည့် နိုင်ငံသားများ၏ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုတာကွယ်ပေးရေး ဥပဒေကို အထူးကော်မရှင်မှအကြံပြုခဲ့သည်ဟု သိရှိရသည်၊ ယင်းဥပဒေသည် နိုင်ငံသားများအကျိုးထက် နောက်ကြောင်းမလုံမလဲဖြစ်နေသူများကိုသာ အဓိကအကျိုးဖြစ်စေခဲ့သည်ကို တွေ့ရှိနေရသည်၊ ကော်မရှင်မှ ဆောင်ရွက်ခဲ့သည့် ဥပဒေအများစုမှာ ဦးရွှေမန်းနှင့်ဆက်စပ်သူများ၊ ခရိုနီများကို အကာအကွယ်ပေးထားသည့် ဥပဒေများဟု အချို့က ဝေဖန်ခဲ့ကြသည်၊**

ဤသို့ဖြင့် ကော်မရှင်သည် ဘောင်ကျော်ဆောင်ရွက်မှုများနှင့် လုပ်ပိုင်ခွင့်တို့ကို ကိုယ်ကျိုးအသုံးချမှုများရှိနေခဲ့ရာ UBP ပါတီအား ကော်မရှင်အဖွဲ့ဝင်များဖြင့် တည်ထောင်ရန်ကြိုးပမ်းခဲ့မှုလည်း အပါအဝင်ဖြစ်သည်၊ သတင်းများထွက်နေသည့်အတိုင်းပင် ဦးရွှေမန်း၏ ပါတီသစ်တွင် ၎င်း၏ကော်မရှင်အဖွဲ့ဝင်(၁၂)ဦးပါဝင်လာခဲ့သည်၊ လွှတ်တော်အခင်းအကျင်းတွင် လက်တွဲညီခဲ့သော ဦးရွှေမန်းနှင့် NLDတို့သည် နိုင်ငံရေးပါတီအဖြစ် ဆက်ဆံရာတွင်လည်း မဟာမိတ်ဖြစ်ဦးမည်လားဆိုသည့် မေးခွန်းများလည်း ရှိနေသည်၊ နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးမောင်မောင်စိုးက ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးရွှေမန်းပါတီတို့ မဟာမိတ်ဆက်ဆံရေးထိခိုက်မည်ဟု မထင်ကြောင်းသုံးသပ်ခဲ့သော်လည်း ဆောင်းပါးဆရာ ဦးသီဟသွေးက ‘ဦးရွှေမန်းအနေဖြင့် နိုင်ငံရေးသမားဘဝကို တစ်ကနေ ပြန်စရမည်’ဟု ဆိုသည်၊

ဝေဖန်သုံးသပ်မှုများစွာသည် ဘက်ပေါင်းစုံမှ ရှုမြင်နေသော်လည်း ဦးရွှေမန်းသည် ၎င်းအား လွှတ်တော်ပလက်ဖောင်းမှ ဖယ်ရှားခံရခြင်းအား အစာကြေခြင်းမရှိသည်ကို သတင်းထောက်များအားဖြေကြားမှုတွင် တွေ့မြင်ရသည်၊ **‘လူတိုင်းတွင် အမှားနှစ်ခုသာရှိပြီး မလုပ်သင့်သည့်အလုပ်ကို လုပ်မိသည့်အမှားနှင့် လုပ်ရမည့်အလုပ်ကိုမလုပ်မိသည့်အမှားမျိုး’**ဟု ဧရာဝတီသတင်းဌာနအား ပြောဆိုခဲ့သည်၊ ထိုသို့ပြောဆိုမှုမှာ ဖယ်ရှားခံရပြီးနောက် ဦးရွှေမန်းမှ မည်သို့တုံ့ပြန်လာမည်နည်းဆိုသည့်အပေါ် စိတ်ဝင်စားဖွယ်ဖြစ်လာသည်၊ ဦးရဲထွန်း(သီပေါ)ကလည်း ‘ယုံကြည်ရတဲ့ မဟာမိတ်အဖွဲ့အစည်းမဟုတ်ဘူးဆိုတာမျိုး ဦးရွှေမန်းတို့ဘက်ကလည်း သဘောပေါက်သွားနိုင်တာပေါ့၊ ဦးရွှေမန်းတို့ဘက်က ဒီကိစ္စနဲ့ပတ်သက်ပြီး သေချာပေါက် သံသယဝင်သွားမှာပေါ့’ဟု The Voice ဂျာနယ်တွင် သတိပေးထောက်ပြသွားသည်၊

ထိုသတိပေးမှုကို NLD အနေဖြင့် အထူးဂရုပြုသင့်သည့် အကြောင်းအရင်းရှိသည်၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အောင်မြင်မှုရခဲ့သည့် NLD သည် နှစ်များစွာဖိနှိပ်ခံရမှုကြောင့် လူစွမ်းအားအရင်းအမြစ် ချို့တဲ့ခဲ့ရသည်၊ နိုင်ငံတော်စီမံအုပ်ချုပ်မှုတွင် ကသောင်းကနင်း အချို့ဖြစ်ခဲ့ရသည်၊ ယင်းအခက်အခဲအား မဟာမိတ်ဖြစ်သူ ဦးရွှေမန်းမှ ကူညီပေးခဲ့သည်၊ ၎င်း၏တပ်မတော်မှ တပည့်များနှင့်ရင်းနှီးသူများအား ကက်ဘိနက်အဖွဲ့တွင်း ထည့်သွင်းပေးခဲ့ရာ ၎င်းတို့သည် ဝန်ကြီးများ၊ ဒုဝန်ကြီးများအဆင့်ဖြင့် တာဝန်ထမ်းဆောင်နေပြီး အချို့မှာ ညွှန်ချုပ်၊ ဒုညွှန်ချုပ်များလည်း ရှိနေပြန်သည်၊ လွှတ်တော်တွင်လည်း ၎င်း၏ဩဇာသက်ရောက်မည့်သူများလည်း ထည့်သွင်းပေးနိုင်ခဲ့သည်၊ ၎င်းတို့အများစုသည် တစ်ချိန်က စစ်ဘက်ခေါင်းဆောင်ဟောင်းများဖြစ်ခဲ့ကြပြီး တပ်ထဲတွင် လုပ်ငန်းအတွေ့အကြုံများ၊ သင်တန်းမျိုးစုံမှ အတွေ့အကြုံများ၊ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးပညာများ၊ နေရာဒေသမျိုးစုံနှင့် နယ်ပယ်အသီးသီးမှ အတွေ့အကြုံများ ရှိနေသူများ ဖြစ်ကြသည်၊ **ယခုအခါ ဦးရွှေမန်းအား လွှတ်တော်အခင်းအကျင်းမှ ရုတ်တရက်အသိမပေးဘဲ လွှတ်ချလိုက်ခြင်းကြောင့် လတ်ရှိတွင် နိုင်ငံ့တာဝန်များ ထမ်းဆောင်နေသည့် ၎င်း၏လူများကို သတိထားရတော့မည်ဖြစ်သည်၊**

Credit to: တင့်နိုင်ဦး

www.free4readers.com

ဗုဒ္ဓ ဓမ္မ သံဃ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေဝန်း

# THE SUN RAYS

Vol.1 No.240 WEEKLY NEWS JOURNAL 9th March 2019

# ARSA ကုလားအကြမ်းဖက်အဖွဲ့နှင့်ပေါင်း၍ ကောက်ကျစ်ယုတ်မာနေသော AA

Salai Mang

နေ့မိုးညို



AA သောင်းကျန်းသူတို့၏ပါဆယ်ဗုံးခွဲမှုကြောင့် သေဆုံးသွားခဲ့ရသည့် ဗိုလ်မှူးကျော်စွာအဲဇန်း ရှမ်းတိုင်းရင်းသူ ဇနီးမိုမို့ဇော်၊ (မင်္ဂလာဆောင်ပြီး နှစ်ပတ်အကြာတွင်သေဆုံးခဲ့ရသည်။)

# ရဲတိုက်ထွန်းမြတ်နိုင် ရဲနိုင်ညိုထွန်းအောင်အဖွဲ့

(သို့မဟုတ်)

# လူသတ် မိုင်းထောင် ရဲတိုက်ရဲနိုင်အဖွဲ့

www.free4readers.com

# ို့ ကျည်ကာရထား

ဘိုဘိုကျော်ငြိမ်း



ဟန္နွိုင်းဆွေးနွေးပွဲအောင်မြင်မှုမရဘဲ ကင်ဂျုံအန် ဟန္နွိုင်းမှ သူ၏ကျည်ကာရထားဖြင့် ပြန်လည်ထွက်ခွာသွားပုံ။



ကျည်ကာရထားပေါ်မှဟန္နွိုင်းဘူတာသို့ကင်ဂျုံအန်ရောက်ရှိလာပုံ။

ကရက်မှာ အမတ်လောင်းအဖြစ်ဝင်အရွေးခံတယ်။ မနိုင်ခဲ့ပါ။ အမေရိကန်စနစ်မှာ ငွေဟာ အဓိကပါပဲ။ သမ္မတဘုရှ်ရဲ့သားအဖြစ် ၂၀၀၀ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ရီပတ်ဘလီကင်သမ္မတလောင်းအဖြစ် ဝင်အရွေးခံဖို့လုပ်တော့ စနစ်ကိုသိနေတဲ့ ဘုရှ်ဟာအစောကြီး အဓိကငွေလှူတဲ့ ငွေရှင်တွေရဲ့ထောက်ခံမှုကို ရအောင်ယူနိုင်တဲ့အတွက် ပြိုင်ဘက်တွေ ငွေမရှိတော့ အောက်စီဂျင်မရသလိုဖြစ်ပြီး ဘုရှ်က သမ္မတလောင်းအဖြစ် အရွေးခံခဲ့ရတယ်။ ဘုရှ်ရဲ့ နိုင်ငံရေးဗျူဟာမှူး Karl Rove ဆိုသူဟာ အလွန်တော်တဲ့ နိုင်ငံရေး ဗျူဟာမှူးတစ်ယောက်ပါ။

ဘုရှ်သမ္မတဖြစ်တဲ့အချိန်မှာ Saddam Hussein ဟာ အာရပ်တွေအထဲမှာတော့ ကုလသမဂ္ဂကိုအတော်ဒုက္ခပေးနိုင်တဲ့ လူဆိုးတစ်ဦးလာဖြစ်တယ်။ ကုလသမဂ္ဂက လေယာဉ်မပျံရ No Fly Zone ဆိုပြီး ကန့်သတ်၊ ရေနံရောင်းချဖို့ ကုလသဂ္ဂရဲ့သဘောတူညီမှုရယူရမယ်ဆိုပြီး Saddam ကြီးကိုနည်းမျိုးစုံနဲ့ ဝိုင်းညစ်ကြပေမယ့် Saddam ကြီးကတော့ ခေါင်းထောင်လျက်ပဲ။ ကုလသမဂ္ဂက လူတွေကိုလာဘ်ထိုးပြီး သူ့လူလုပ်လိုက်သေးတယ်။ အာဏာနဲ့ဩဇာကို နားလည်တဲ့နေရာမှာတော့ Saddam ကို မီတဲ့သူ မရှိဘူး။

အီရတ်နိုင်ငံမှာ ရှီရာတွေက လူများစု။ Saddam က စူနီ လူနည်းစုကနေ တက်အုပ်ချုပ်နေတာဆိုတော့ ရှီရာတွေကို ကောင်းကောင်း နှိပ်ကွပ်တော့တာပေါ့။ အမှန်က အစ္စလာမ်တွေရဲ့ စူနီ-ရှီရာပြိုင်ဆိုင်မှုကို နားမလည်ဘဲ Saddam ကို မုန်းတာနဲ့ လက်ဝင်လျှိုမိကြတာပါ။

ဒီနေရာမှာ လူအများ မသိကြတာက အာမက်ချာလာဗီ (Ahmed Chalabi) ဆိုတဲ့ ရှီရာ လူလည်တစ်ယောက်အမေရိကားမှာရှိတယ်။ သူက Ph.D (Math) - သင်္ချာနဲ့ ပါရဂူဘွဲ့ရပြီး ဘဏ်ဦးစီး Banker လုပ်ပြီး အမေရိကန်စနစ်အကြောင်း ကောင်းကောင်းသိတဲ့ အီရတ် ရှီရာလူလည်ပါ။ သူက အီရတ်မှာ အင်္ဂလိပ်မက်သဒ်စ်လို Elite လို့ခေါ်တဲ့ ရေပေါ်ဆီလူတန်းစားတွေတက်ကြတဲ့ ကျောင်းကအောင်တယ်။ Saddam ဖိနှိပ်လို့ထွက်ပြေးခဲ့ရတဲ့သူ။ အီရတ်မှာလည်း အဆက်အသွယ်ကောင်းတယ်။ အမေရိကားမှာလည်း လူဝင်ဆံ့တယ်။ အဆက်အသွယ်ကောင်းတယ်ပေါ့။ Chalabiက ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်စဖီး (Donald Rumsfeld) တို့ Neo Con တွေနဲ့ ချိတ်မိတော့တယ်။ အတိုချုပ်ပြောရရင် Chalabi ဂျင်းထည့်သမျှ Neo Con တွေက ယုံခဲ့ကြတယ်။

သမ္မတဘုရှ် (၄၃)ရဲ့အဖေ၊ အနားယူသွားပြီးတော့ Saddam ကြီးက သတ်ဖို့ကြိုးစားတယ်။ FBI က အရင် သိသွားလို့ မအောင်မြင်ခဲ့ဘူး။ ဒါကို သူ့ရဲ့သား (၄၃)က ဆိုင်ကီထိသွားတယ်။ ငါ့အဖေကိုသတ်ဖို့ ကြိုးစားတဲ့ လူယုတ်မာ ဆိုတဲ့အစွဲ ကပ်ပါလာတော့တယ်။ Neo Con တွေက မာနတက်ပြီး 'အမေရိကန်ကွ' ဆိုပြီး စစ်မာန်ကြွနေကြတဲ့အချိန်၊ သားသမ္မတက အဖေသမ္မတကို သတ်ဖို့ကြိုးစားလို့ အခဲမကျေဖြစ်နေတဲ့အချိန်မှာ (Chalabi)ပြောသမျှ Neo Con တွေက ယုံလွယ်ခဲ့ကြတယ်။ ဒါကြောင့် Neo Con တွေက Saddamကို ဒီအတိုင်းထားလို့မရ၊ အပြတ်ရှင်းရမယ်၊ လက်ယားနေတာကို Chalabi က လုပ်ကြံဇာတ်တွေနဲ့ ဂျင်းထည့်တာကို Neo Con တွေ ဝယ်စားလိုက်တာပဲ။

Saddamကြီးက အာရပ်တွေအကြောင်း အသိဆုံး။ ခေတ်စကားနဲ့ပြောရရင် သူက ဖိန့်. . ဖိန့်. . နဲ့ ငါ့မှာ WMD (Weapon of Mass Destruction) လက်နက်၊ တစ်နည်းအားဖြင့် အဏုမြူဗုံးရှိတဲ့ပုံ၊ ပုံမှားရိုက်ထားတယ်။ ဒီအကွက်ကို နင်းပြီး Chalabi က မြှောက်ပေးတော့ Neo Con တွေက လိုက်နင်းပြီး၊ တွေ့လား၊ Saddamကို လွှတ်ထားလို့ မရတော့၊ ရှင်းမှရတော့မယ်ဆိုပြီး လာဖြစ်ကြတာပဲ။

သမ္မတနစ်ဆင်ရဲ့ဝါးတားဂိတ် (Watergate) အရှုပ်တော်ပုံကို ဖော်ထုတ်ခဲ့တဲ့ဝါရှင်တန်ပို့စ် သတင်းစာက သတင်းသမား နှစ်ယောက်မှာ Bob Woodword ဘော့ဝုဒ်ဝေါ့က်ဆိုတဲ့ စာရေးဆရာဟာ လူပေါင်းမြောက်မြားစွာကို အင်တာဗျူးလုပ်ပြီးမှ သမ္မတတွေရဲ့လုပ်ရပ်ဇာတ်ကြောင်းတွေကိုပြန်ရေးပြတာ အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ Bob Woodword ရဲ့ Plan of Attack ဆိုတဲ့စာအုပ်မှာ အီရတ် ဒုတိယစစ်ပွဲကို မတိုက်ခင် ဘုရှ်နဲ့ Neo Con တွေ ဘယ်လိုပြင်ဆင်ကြတယ်ဆိုတာကို အသေးစိတ်ပြန်ရေးပြထားပါတယ်။ Afgan ကိုဝင်ပြီးတာနဲ့ အီရတ်ကို ဝင်ဖို့ ပြင်ဆင်ကြတယ်။ အပြင်မှာတော့ စစ်မပြင်ပါဘူးပြောပြီးတော့ တကယ်တော့ ဝင်တိုက်ပြီး Saddam ကိုရှင်းဖို့ ပြင်ဆင်ခဲ့ကြတာပါ။ တကယ်က မာနနဲ့ သမ္မတရဲ့ကလဲ့စားချေချင်တဲ့စိတ်ကြောင့်ပဲ၊ အကြောင်းပြတာက Saddam ဆီမှာ WMD လို့ခေါ်တဲ့ လူအများသေစေနိုင်တဲ့လက်နက်တွေ ရှိတယ်၊ အဲလ်ကိုင်းဒါးနဲ့ ဆက်ဆံမှုရှိတယ်။ ဒါကြောင့် ဒီလက်နက်တွေ အဲလ်ကိုင်းဒါးဆီရောက်ရင် အန္တရာယ်ကြီးတယ်ဆိုတဲ့ စွပ်စွဲချက်တွေပါပဲ။

တကယ်အဖြစ်မှန်က အာဏာကြီးမားတဲ့ အမေရိကန်သမ္မတလိုနေရာမျိုးကို ဘဝအတွေ့အကြုံ အလုပ်အတွေ့အကြုံမရှိတဲ့သူကို သမ္မတသားဆိုပြီး သမ္မတအဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြတာပါပဲ။ အရှင်းဆုံးပြောရရင် ဉာဏ်မမီတဲ့ ဘုရှ် (၄၃)ဟာ သမ္မတဖြစ်လာတော့ လူလည်တွေ ဂျင်းထည့်ကြတဲ့အတိုင်းလိုက်က တာပဲပေါ့။

အာဏာရှိတဲ့သူပဲဖြစ်စေ၊ လူ့လောကမှာပဲဖြစ်စေ၊ ကိုယ်က လုပ်နိုင်တယ်ဆိုတိုင်း အနိုင်မကျင့်ကောင်းဘူးဆိုတာ စာရေးသူ ခဏခဏ ပြောဖူးပါတယ်။

ဒီဖြစ်ရပ်မှာလည်း သမ္မတဘုရှ် (၄၃) ဟာ ဉာဏ်မရှိဘဲ Saddam ကိုပုဂ္ဂိုလ်ရေးကလဲ့စားချေချင်တာနဲ့ အီရတ်ကို ဝင်တိုက်တာ တစ်ကမ္ဘာလုံး ရိုက်ခတ်မှုဖြစ်ခဲ့ရတယ်။

နိုင်ငံငယ်လေးတွေကို အမေရိကန်လို အင်အားကြီးနိုင်ငံက လက်လွှတ်စပယ်စိတ်ရှိတိုင်း ဝင်ဗိုလ်ကျပြီး Regime Change ဆိုတဲ့ အစိုးရ အပြောင်းအလဲဝင်လုပ်လာရင် နိုင်ငံငယ်တွေအဖို့ အာမခံချက် ရှိအောင် အဏုမြူ လက်နက်ပိုင်ဆိုင်ထားရမယ်ဖြစ်လာပါလေရော။

ဒါကြောင့် ကြိတ်ပြီး အဏုမြူလက်နက်ရဖို့ ကြိုးစားခဲ့တဲ့ မြောက်ကိုရီးယားက ပြောင်ပြောင်တင်းတင်း အဏုမြူသုတေသနတွေလုပ်လာပါတော့တယ်။

မြောက်ကိုရီးယားက အနောက်နိုင်ငံတွေနဲ့ မတည့်သည့်နိုင်ငံ၊ တရုတ်နဲ့ နယ်နိမိတ်ချင်းဆက်စပ်နေတဲ့နိုင်ငံ၊ တရုတ်က သူ့ဘေးနားမှာ အမေရိကန်တပည့်ဘယ်အဖြစ်ခံနိုင်မှာလဲ၊ ဒါကြောင့် ဘုရှ်ပြီးတော့ တက်လာတဲ့အိုဘားမားဟာ မြောက်ကိုရီးယားကို ဘာမှ ဝင်မလုပ်နိုင်ခဲ့ပါဘူး၊ အိုဘားမားသည်လည်း ဉာဏ်ရည်မြင့်တဲ့ခေါင်းဆောင်မဟုတ်ပါ။

သမ္မတဒေါ်နယ်ထရန့်တက်လာတော့ မြောက်ကိုရီးယားဟာ အဏုမြူလက်နက်ပိုင်တဲ့နိုင်ငံဖြစ်နေပါပြီ။

ကင်ဂျုန်အန်နဲ့ သူ့အဖေကွာတာက သူ့အဖေက ကင်မင်းဆက်ဖြစ်လာလို့သာ ခေါင်းဆောင်လုပ်နေရတာ နိုင်ငံရေးကို သိပ်ပြီး စိတ်ဝင်စားလှတာမဟုတ်ပါ၊ သူစိတ်ဝင်စားတာ ရုပ်ရှင်ဖြစ်တယ်။

ကင်ဂျုန်အန်က ငယ်ငယ်ကတည်းက ဆွစ်ဇာလန်က Boarding School မှာကျောင်းအိပ်ကျောင်းစားနေခဲ့ရသူ၊ အနောက်တိုင်းတိုးတက်မှုနဲ့ ယဉ်ကျေးမှုကို ရင်းနှီးခဲ့ရသူ၊ အနောက်တိုင်း ပညာရေးစနစ် အောက်မှာ ပညာသင်ခဲ့ရသူ၊ မြောက်ကိုရီးယားကို မလိုတဲ့သူတွေက ဝိုင်းတံဆိပ်ကပ်ကြသလို ဝက်ငပေါလေးမဟုတ်ပါ၊ သူ့မှာ Common Sense လို့ခေါ်တဲ့ ဆင်ခြင်တုံတရားရှိပါတယ်။

Bob Woodword ရေးတဲ့ Trump အိမ်ဖြူတော်အကြောင်းစာအုပ် (Fear) ဆိုတဲ့စာအုပ်မှာ ပါပါတယ်။ မြောက်ကိုရီးယားဟာ ပြင်းထန်တဲ့အာဏာရှင်စနစ်ဖြစ်တဲ့အတွက် စမ်းသပ်မှုမအောင်မြင်ရင် စိတ်ဆိုးပြီး အင်ဂျင်နီယာတွေကို ပစ်သတ်ပစ်လိုက်တယ်၊ အင်ဂျင်နီယာတစ်ယောက်ဖြစ်ဖို့ အကြာကြီး မွေးထုတ်ရပါတယ်၊ ဘာအဓိပ္ပာယ်မှမရှိပါ။ ကင်ဂျုန်အန်က ဒါကို သဘောပေါက်တယ်၊ ဒါကြောင့် အင်ဂျင်နီယာတွေမှားရင် အပြစ်မပေးတော့ဘူး၊ အမှားက သင်ခန်းစာယူစေပြီး ပညာယူစေတယ်၊ လုပ်ရတဲ့အင်ဂျင်နီယာတွေလည်း ပိုအားရှိမလာဘူးလား၊ ဒါ Common Senseလို့ခေါ်တဲ့ ဆင်ခြင်တုံတရားရှိတာပဲမဟုတ်ဘူးလား၊ အပြင်မှာ ဝက်ကလေးကင်ဆိုပြီး ဝိုင်းသမနေကြပေမယ့် အိမ်ဖြူတော်မှာ ဆွေးနွေးကြတော့၊ အချက်နဲ့အလက်နဲ့ထောက်ပြ ဆွေးနွေးကြရပါတယ်။ Bob Woodword ရဲ့ FEAR ဆိုတဲ့စာအုပ်မှာပါပါတယ်။

စာဖတ်သူတွေကို နားလည်စေချင်တာက ဝက်ကလေးဟာ ငပေါ မဟုတ်ပါ။

ဒါကြောင့် မြောက်ကိုရီးယားဟာ Intercontinental Ballistic Missile (ICBM) လို့ခေါ်တဲ့ အမေရိကားကိုရောက်နိုင်မယ့် အဝေးပစ်ဒုံးကျည်တွေကို အချိန်တိုတိုအတွင်းမှာ အောင်မြင်အောင် စမ်းသပ်နိုင်ခဲ့တယ်၊ အဏုမြူဗုံးကိုအောင်မြင်အောင်ဖောက်ခွဲနိုင်တာ ပထမအဆင့်ပဲရှိပါသေးတယ်၊ ဒုတိယအဆင့်က အဏုမြူဗုံးကို ဒုံးပျံရဲ့ထိပ်ဖူးမှာတပ်ဆင်နိုင်အောင် ချုံ့တတ်ရမယ်၊ ပြီးမှ ဒီအဏုမြူထိပ်ဖူးကို သယ်ဆောင်ပေးမယ့် ဒုံးပျံလိုလာပါတယ်၊ ICBM ဆိုတာ တိုက်ကြီးတစ်ခုကနေ နောက်တိုက်ကြီးတစ်ခုစီအဝေးပစ်ရမှာကြောင့် အာကာသဆီတွန်းပို့မယ့် ဒုံးပျံပညာလိုပါတယ်၊ ဒီကမှတစ်ဆင့် Guidance System လို့ခေါ်တဲ့ ဒုံးကျည်ကိုထိန်းပေးမယ့် စနစ်လိုပါတယ်။ မြောက်ကိုရီးယားတွေက ဆိုဗီယက်ရဲ့ SCUD ဒုံးကျည်တွေကိုပုံတူခိုးပြီး အီရန်တို့ကိုပြန်ရောင်းနေတာမှ ဒုံးကျည်ပညာကိုတတ်ပြီးသားမို့၊ ခဏအတွင်း မြောက်ကိုရီးယားရဲ့ဒုံးပျံတွေဟာ Alaska အာလာစကားအထိရောက်ပြီး ကယ်လီဖိုးနီးယားကိုရောက်လုရောက်ခင် အထိ တိုးတက်လာပါပြီ။

သမ္မတဂျော့ဘုရှ်ရဲ့မလိုဘဲ အီရတ်မှာ ဝင်ဗိုလ်ကျ Saddam ကိုဖြုတ်ချ ဗိုလ်ကျတဲ့အမှားကြောင့် မြောက်ကိုရီးယားဟာ အဏုမြူဗုံးရရှိရေးကို ကြိုးပမ်းခဲ့ရတယ်၊ ရှင်းရှင်းလေး အမေရိကန်ရဲ့ဗိုလ်ကျမှုကို မခံချင်ရင် အဏုမြူဗုံးရှိရမယ်ဆိုတဲ့အသိဟာ နိုင်ငံငယ်တွေထဲ ဝင်သွားခဲ့ရတယ်၊ မြောက်ကိုရီးယားနဲ့လည်း ဆက်ဆံမှုမရှိ၊ ဗုံးကြဲရုံနဲ့လည်း အစိုးရအပြောင်းအလဲဖြစ်မည်မဟုတ်၊ တွန်မြူနစ်ပါတီရှိနေသေးရင် အဏုမြူအန္တရာယ်ကရှိနေဦးမှာပဲ၊ ကြည်းတပ်ရေတပ်နဲ့ ဝင်သိမ်းရအောင်လည်း တရုတ်က အဝင်ခံမည်မဟုတ်၊ သူ့(နယ်စပ်)နားမှာ အမေရိကန်တပည့်နိုင်ငံအရောက်ခံမည်မဟုတ်၊ ကိုရီးယားစစ်တုန်းကလည်း ဒါကြောင့် မော်စီတုန်းက တရုတ်တပ်တွေနှင့် ဝင်တိုက်ခဲ့တာမဟုတ်ပါလား၊ ဒါကြောင့် မြောက်ကိုရီးယားဟာ တစ်ဆင့်ပြီးတစ်ဆင့် အဏုမြူဗုံးပညာကို သိသိသာသာတိုးတက်လာတာကို ဘာမှမလုပ်နိုင်၊ ထိုင်ကြည့်နေကြရတယ်မဟုတ်ပါလား၊ လစ်ဘရယ်တွေဟာ ဆိုဗီယက်တွေကို အထင်သေးခဲ့ကြတယ်။

အဆိုးဆုံးကတော့ အနောက်နိုင်ငံတွေဟာ ဒီမိုကရေစီအရေခြုံ Imperialistလို့ခေါ်တဲ့ နယ်ချဲ့ကိုလိုနီတွေသာဖြစ်တယ်။ ဆိုဗီယက်၊ တရုတ်တွေဟာ သူတို့ဩဇာနယ်မြေကလွဲလို့ ဘယ်နိုင်ငံကိုမှ ကျူးကျော်သိမ်းပိုက်တယ်ဆိုတာမရှိဖူးဘူး၊ တရုတ်က တိဗက်ကိုသိမ်းတယ်၊ ဒါသူ့ရာဇဝင်အရ သူပိုင်တယ်လို့ပြောနိုင်တယ်၊ ထို့အပြင် တိဗက်ကအမြင့်မှာရှိတယ်၊ အပေါ်ကနေ မြေပြန့်မှာရှိတဲ့ တရုတ်ကို အပေါ်စီးကနေ ဝင်အသိမ်းမခံနိုင်ဘူး၊ မော်စီတုံးတို့ခေါင်းထဲမှာ အမေရိကန်တွေဝင်သိမ်းမှာကို အမြဲစိုးရိမ်နေကြရတယ်၊ ဒါကြောင့် လုံခြုံရေးအရ တိဗက်ကိုဝင်သိမ်းလိုက်တာပဲ၊ ရာဇဝင်အရ နှစ်ပေါင်းထောင်ချီပြီး သိမ်းထားခဲ့တဲ့ရာဇဝင်အရ ရန်သူဖြစ်ခဲ့ရတဲ့ ဗီယက်နမ်ကို ဝင်တိုက်ဖို့စဉ်းစားတော့ တိန်ရှောက်ဖိန်ကိုယ်တိုင် အကြာကြီးစဉ်းစား အမေရိကန်ဝင်မပါတော့ဘူးဆိုမှ ဆုံးမစစ်ဆိုပြီး ဗီယက်နမ်ကို သတိပေးတဲ့စစ်ကို အချိန်တိုလေးအတွင်းပဲ ဝင်တိုက်ခဲ့ဖူးတယ်။ ဆိုဗီယက်တွေကလည်း သူ့အင်ပါယာအတွင်းရှိတဲ့ ဟန်ဂေရီကို ဝင်သိမ်းဖူးတယ်။ သူ့ကို အာခံနေတဲ့ မာရှယ်တီတိုးရဲ့ ယူဂိုဆလပ် (Yugoslav) နဲ့ (Albania) တို့ကိုဝင်မှ မသိမ်းတာ။

အမေရိကန်နိုင်ငံဆိုတာ လွတ်လပ်ရေးစစ်ပြီးကတည်းက ၁၈၁၂ အင်္ဂလိပ်နဲ့စစ်ဖြစ်တယ်၊ စပိန်နဲ့ စစ်ဖြစ်တယ်၊ မက္ကဆီကိုနဲ့ စစ်ဖြစ်တယ်။ တက်စစ်တို့ California New Mexico တို့ဆိုတာ Mexico က သိမ်းထားတာ။ Florida က စပိန်နဲ့စစ်အပြီးမှာ သိမ်းနိုင်ခဲ့တာ။ နပိုလီယန် (Nepolean)နဲ့ စစ်ဖြစ်ဖို့ဟာ ဟေတီ (Haiti) မှာ ပုန်ကန်မှုဖြစ်တာနဲ့ Nepolean က အမေရိကားကို စစ်တပ်တွေမပို့နိုင်တော့တာမို့ Louisiana Purchase လို့ခေါ်တဲ့လူဝီစရင်နာပြည်နယ်အပါအဝင် အမေရိကန်အလယ်ပိုင်းကို ပြင်သစ်တွေဆီက ပြင်သစ်ပိုက်ဆံ သန်း၅၀ ဖရန့်(ဈေး ၁၁,၂၅၀,၀၀၀. ၀၀) အမေရိကန်ဒေါ်လာ ၁၁သန်းနဲ့ ၅၃၀,၀၀၀,၀၀၀ ဧက) ကို ၁၈၀၃ ခုနှစ်မှာ ဝယ်ယူခဲ့တာပါ။ ကိုရီးယားစစ်၊ ဗီယက်နမ်စစ်၊ Cuba Crisis ကျူးဘားအရေးအခင်း၊ kosovo စစ် ၊ အီရတ်စစ်၊ အာဖဂန်စစ်၊ အခုချိန်အထိ အမေရိကန်တွေဟာ ကျူးကျော်စစ်တွေကို ဆက်တိုက် ဆင်နွှဲခဲ့ပါတယ်။

၁၉၈၉မှာ ဆိုဗီယက်အင်ပါယာကြီးပြိုကွဲသွားတော့ အမေရိကန်တွေက ဗိုလ်ကျခဲ့တယ်။ ဆိုဗီယက်ရဲ့ ဝါဆောစစ်အဖွဲ့ပျက်သွားတော့ နေတိုးကိုဖျက်ရမှာ မဖျက်ခဲ့ကြဘူး။ ဆိုဗီယက်တွေရဲ့ဘော်ဒါနယ်စပ်ကို အမေရိကန်စစ်အင်အားမတိုးပါဘူးလို့ ကတိပေးခဲ့ပေမယ့် ကတိမတည်ခဲ့ကြဘူး။ ရလေလိုလေ၊ အိုတန္ဆော၊ ဖြစ်ခဲ့ရတယ်။

တကယ်တော့ ကမ္ဘာမှာ ယနေ့အထိ စစ်အင်အားနဲ့ ဗိုလ်ကျ နယ်ချဲ့နေတာ အမေရိကန်ပါပဲ။ တစ်ဖက်ကလည်း လစ်ဘရယ်တွေဟာ သူတို့စံနှုန်းနဲ့ လစ်ဘရယ်ဩဇာကို နယ်ချဲ့လာကြတာပါ။

ယနေ့ ရခိုင်မှာ ဗိုလ်ကျနေတာလည်း လစ်ဘရယ်တွေပါပဲ။

ဘိုဘိုကျော်ငြိမ်း

ဆက်လက်ဖော်ပြပါမည်။

